မြတ်ဗုဒ္ဓ၏အဆုံးအမတရား

တစ်ခဲနက်ဖြစ်သော ကျောက်တောင်သည် အရပ်လေးမျက်နှာမှ လာသောလေကြောင့် မတုန်မလှုပ်သကဲ့သို့ ပညာရှိတို့သည် ကဲ့ရဲ့ခြင်း၊ ချီးမွမ်းခြင်းတို့ကြောင့် မတုန်လှုပ်ကုန်။

**ဓမ္မပဒ**

# မြဝတီ နေ့စဉ်

အများအမှန် ပိုင်းခြားသိမြင် မြဝတီနေ့စဉ်

**ဒို့တာဝန်အရေးသုံးပါး**

- ♦ ပြည်ထောင်စုမပြိုကွဲရေး။
- ♦ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ♦ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၅)၊ အမှတ်(၁၉၆)

၁၃၈၇ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၁ ရက်
၂၀၂၅ ခုနှစ်၊ အောက်တိုဘာ ၃၁ ရက်၊ သောကြာနေ့


## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကိုအလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့်အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ ၂၀၂၅ ခုနှစ် ကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကျင်းပ

နေပြည်တော် အောက်တိုဘာ ၃၀

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ ၂၀၂၅ ခုနှစ် ကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်၊ မာရဝိဇယဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်အတွင်းရှိ အဂ္ဂါဓိပတိသာသနဝိမာန်တော်ကြီး၌ ဆင်ယင်ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့ တက်ရောက်၍ ကထိန်လျာသင်္ကန်းနှင့် ကထိန်လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။ **စာမျက်နှာ ၁၆ ကော်လံ ၁** ✭



ကထိန်အလှူခံကျောင်း နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ စိန်ရာဇာသာသနာလင်္ကာရ စာသင်တိုက်ဆရာတော် ဘဒ္ဒန္တ ဝဇီရပါဏီလင်္ကာရာဘိဝံသထံ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် နှင့်ဇနီး ဒေါ်ကြူကြူလှတို့က ကထိန်လျာသင်္ကန်း ဆက်ကပ်လှူဒါန်းစဉ်။

## မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တန်ဆောင်တိုင်ပွဲတော်တွင် ပွဲတော်များစုံလင်စွာဖြင့် စီစဉ်ကျင်းပမည် စာ - ၃ သို့




## အယ်ဒီတာ့အာဘော်

(၂၀၂၅ ခုနှစ်၊ အောက်တိုဘာ ၃၁ ရက်)

# ပျော်ရွှင်ဆင်နွှဲ မဟာဘုံကထိန်အလှူပွဲ

မြန်မာလူမျိုးတို့သည် ၁၂ လရာသီပတ်လုံး အလှူပွဲများနှင့်ပျော်မဆုံးနေထိုင်ကြသူများဖြစ်သည်။ ဝါဆိုလအချိန်အခါတွင် ဝါဆိုသင်္ကန်းကပ်လှူကြသကဲ့သို့ ကထိန်ရာသီအချိန်အခါရောက်လာသည့်အခါတွင်လည်း ကထိန်သင်္ကန်းကပ်လှူကြသည်။ ကထိန်ခင်းရန်လှူဒါန်းသောသင်္ကန်းကို ကထိန်သင်္ကန်းသို့မဟုတ် ကထိန်လျာသင်္ကန်းဟုခေါ်သည်။ ကထိန်ပွဲမှာ ကထိန်ခင်းမည့် သင်္ကန်းတစ်မျိုးသာမဟုတ်ဘဲ ကထိန်သင်္ကန်း၏အရန်အဖြစ်နှင့် ထီး၊ ဖိနပ်အစရှိသော ရဟန်းအသုံးအဆောင်များ၊ ဆန်၊ ဆီ၊ ဆားအစရှိသည့်ဆွမ်းဆန်တော်များကိုလည်း ထည့်သွင်းလှူဒါန်းကြသည်။ ထို့ပြင် နဝကမ္မဝတ္ထုငွေများလည်း ဆက်ကပ်ကြသည်။ ပဒေသာပင်များကိုလှူဖွယ်ပစ္စည်းမျိုးစုံ၊ ဝတ္ထုငွေများချိတ်ဆွဲပြီး လှပသောပုံစံအမျိုးမျိုးဖြင့် အလှဆင်ကြသည်။ ပဒေသာပင်လှည့်လည်ပွဲတွင် အိုးစည်၊ ဒိုးပတ်အကအခုန်များဖြင့် ပျော်ရွှင်စွာဆင်နွှဲကြသည်။

ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ)မိသားစုများ၏ ၂၀၂၅ ခုနှစ် မဟာဘုံကထိန်အလှူတော်မင်္ဂလာအခမ်းအနားကို အောက်တိုဘာလ ၂၉ ရက် နံနက်ပိုင်းတွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) အနော်ရထာခန်းမ၌ ဆင်ယင်ကျင်းပပြုလုပ်သည်။ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီးဒေါ်ကြူကြူလှတို့ တက်ရောက်၍ ကထိန်လျာသင်္ကန်းနှင့်လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ)မိသားစုများ၏ ၂၀၂၅ ခုနှစ် မိသားစုမဟာဘုံကထိန်အလှူတော်အဖြစ်လှူဒါန်းထားသည့် ပဒေသာပင်များအား အောက်တိုဘာလ ၂၇ ရက်တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)ဝင်းအတွင်းရှိ အနော်ရထာခန်းမမှ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးသို့ မော်တော်ယာဉ်များဖြင့် လှည့်လည်ခဲ့ကြသည်။ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ)မိသားစုများ၏ ၂၀၂၅ ခုနှစ် မိသားစုမဟာဘုံကထိန်အလှူတော်မင်္ဂလာအခမ်းအနားတွင် ရုံး၊ ဌာနအသီးသီးမှ ပဒေသာပင်စုစုပေါင်းအပင် ၉၀၊ ပစ္စည်းတန်ဖိုးငွေကျပ် ၁၇၀၈၄၀၈၁၀ နှင့် ငွေသားတန်ဖိုးငွေကျပ် ၁၂၅၀၅၃၄၅၀ ဖြစ်၍ စုစုပေါင်းတန်ဖိုးငွေကျပ် ၂၉၅၈၉၄၂၆၀ ကို လှူဒါန်းခဲ့ကြသည်။ သက်ဆိုင်ရာဘုန်းတော်ကြီးကျောင်းအသီးသီးသို့ ရုံး၊ ဌာနများအလိုက် မော်တော်ယာဉ်များဖြင့် ဆက်လက်ပို့ဆောင်လှူဒါန်းခဲ့ကြသည်။

ပဒေသာပင်ဆိုသည်မှာ ကထိန်ခင်းပွဲတော်နှင့်ဆက်နွှယ်ကာ ပေါ်ပေါက်လာခြင်းဖြစ်သည်။ ကထိန်ခင်းပွဲတော်ဆိုသည်မှာ ကထိန်သင်္ကန်းကပ်လှူပူဇော်ပွဲကိုဆိုလိုခြင်းဖြစ်သည်။ “မိုးနောက်ဆုံးလ၊ ကထိန်ခင်းရသည့်ချိန်ခါ”ဟူသောစကားစဉ်ရှိသည်။ သီတင်းကျွတ်လပြည့်ကျော်တစ်ရက်နေ့မှ တန်ဆောင်မုန်းလပြည့်တိုင် တစ်လအတွင်း ခင်းကျင်းရသောပွဲဖြစ်သည်။ မြို့တိုင်းရွာတိုင်း နှစ်စဉ်မပျက်အားကြိုးမာန်တက်ခမ်းခမ်းနားနားကျင်းပလေ့ရှိသောပွဲတော်ကြီးဖြစ်သည်။ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ)မိသားစုများ၏ မဟာဘုံကထိန်အလှူတော်သည် နှစ်စဉ်လှူဒါန်းလျက်ရှိသည့်အလှူတော်ဖြစ်သည်။

**“ငွေစန်းရယ်တဲ့ ပုဏ္ဏမီ၊ လှူရာသီ တန်ဆောင်မုန်း။ ဘုံကထိန် ဂုဏ်ရှိန်သင်းတယ်၊ ကျင်းပရွှင်ပြုံး။ တပ်မတော်မှာ နှစ်စဉ်အမြဲ၊ ဆင်နွှဲတဲ့အလှူမင်္ဂလာ။ ကြည်း ရေ လေ စုကာပေါင်း၊ ကောင်းမြတ်သည်သာ။ စုပေါင်းတဲ့ဘုံကထိန်မဟာ၊ သာသနာရောင်ဝါတိုး။ ပဒေသာပင် အံ့မခန်းမို့၊ မှန်း ရွှာသွန်းမိုး”**ဆိုသည့် ကဗျာစာသားအတိုင်း တပ်မတော်သားတို့၏စေတနာ၊ သဒ္ဓါထက်သန်မှုမှာ အံ့ဖွယ်ပင်ဖြစ်သည်။ တပ်မတော်သည် အမျိုး၊ ဘာသာ၊ သာသနာကို အလေးထားသကဲ့သို့ နိုင်ငံတော်၏လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးကို အလေးထားလျက်ရှိသည့်အဖွဲ့အစည်းဖြစ်သည်။ မြန်မာနိုင်ငံတစ်ဝန်း အေးချမ်းပြီးသာယာစေချင်သည်။ လက်ရုံးရည်ဖြင့် အကောင်အထည်ဖော်နေရသကဲ့သို့ နှလုံးရည်ဖြင့်လည်း ကောင်းမှုတွေအခါခါပြုလျက်ရှိသည်။ ပြည်သူတွေဘေးမသန်း အေးချမ်းစွာနေထိုင်နိုင်ရေးသည် တပ်မတော်သားတို့၏စိတ်ရင်းအမှန်ဖြစ်သည်။ ထို့အတူ သာသနာတော်ကိုစောင့်ရှောက်ခြင်းမှာလည်း တပ်မတော်၏ဝတ္တရားဖြစ်သည်။

မြတ်ဗုဒ္ဓ၏သာသနာတော်ကို ထိန်းသိမ်းစောင့်ရှောက်တော်မူကြသော သံဃာအဖွဲ့အစည်းသည် သာသနာတော်အတွက် မရှိမဖြစ်အဖွဲ့အစည်းဖြစ်သည်။ ဆရာတော်၊ သံဃာတော်များသည် သာသနာတော်သုံးရပ် စည်ပင်ပြန့်ပွားထွန်းကားရေးကို ဦးတည်ဆောင်ရွက်နေသည့်အတွက် အဆိုပါသံဃာတော်အရှင်မြတ်တို့ကို ပစ္စည်းလေးပါးဖြင့် ဆက်ကပ်လှူဒါန်းခြင်းဖြင့် သာသနာတော်အဓွန့်ရှည်တည်တံ့ရေးကို လူပုဂ္ဂိုလ်တို့က ဖြည့်ဆည်းပေးရမည်ဖြစ်သည်။ ကံကံ၏အကျိုးကိုယုံကြည်သောအားဖြင့် လှူဒါန်းမှုအစုစုပြုကြရသည်မှာ မိမိတို့အတွက်ကောင်းကျိုးတိုးပွားစေသည်။

သာမန်အားဖြင့် သင်္ကန်းကိုအချိန်မရွေးလှူဒါန်းနိုင်၏။ ကထိန်သင်္ကန်းကို တစ်နှစ်အတွင်း တစ်လတာသောရက်အတွင်းမှာသာလှူဒါန်းခွင့်ရှိသည်။ ထိုရက်၊ ထိုအချိန်အတွင်းမှာ တစ်ကျောင်းလျှင်တစ်ကြိမ်သာ ကထိန်ခင်းခွင့်ရှိသည်။ ပဒေသာပင်ကမူ သက်ဆိုင်ရာကျောင်းတိုက်အသီးသီးသို့ ပေးပို့လှူဒါန်းနိုင်သည်။ တစ်နှစ်တွင် တစ်ကြိမ်သာကြုံရသော မဟာဘုံကထိန်ပွဲတော်မှာ လှူဒါန်းသူများအဖို့ ကုသိုလ်များတိုးပွားခြင်းနှင့်အတူ ကောင်းကျိုးများစွာရရှိစေပါကြောင်းရေးသားလိုက်ရပေသည်။ ။

## ၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

**ရွေးကောက်ပွဲကျင်းပရန်**

**၆၈ ရက်**

**သာ လိုတော့သည်။**

## လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်

## အမြဲတမ်းနေရပ်သို့ ပြန်လည်၍ မဲပေးလိုခြင်းမရှိပါက ရောက်ရှိနေရာတွင် မဲပေးနိုင်ရေး မဲစာရင်းထည့်သွင်းရန် ဆောင်ရွက်ရမည့်နည်းလမ်း

❖ အနည်းဆုံးရက်ပေါင်း(၁၈၀)ထက်မနည်း မဲစာရင်းပါရှိသည့် သက်ဆိုင်ရာမြို့နယ်ပြင်ပသို့ရောက်ရှိနေပြီး မိမိ၏အမြဲတမ်းနေရပ်သို့ ပြန်လည်၍ မဲပေးလိုခြင်းမရှိပါက မိမိရောက်ရှိနေသော မဲဆန္ဒနယ်တွင် ဝင်ရောက်ယှဉ်ပြိုင်သော လွှတ်တော်ကိုယ်စားလှယ်လောင်းများကို ဆန္ဒမဲပေးပိုင်ခွင့်ရရှိရေးအတွက် မိမိအမည်ကို မဲစာရင်းတွင် ထည့်သွင်းပေးရန် တောင်းဆိုလွှာပုံစံ(၃-က)ဖြင့် ရွေးကောက်ပွဲကျင်းပမည့်နေ့မတိုင်မီ ရက်ပေါင်း ၆၀ ထက် နောက်မကျစေဘဲ သက်ဆိုင်ရာ ရပ်/ကျေးကော်မရှင်အဖွဲ့ခွဲမှတစ်ဆင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ တင်ပြလျှောက်ထားရန်။

## မဲဆန္ဒရှင်များအား မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM)ဆိုင်ရာ အသိပညာပေးခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေးခြင်းအခမ်းအနားကျင်းပ

ကဝ အောက်တိုဘာ ၃၀

ပဲခူးတိုင်းဒေသကြီး ကဝမြို့နယ်၌ မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM)ဆိုင်ရာ အသိပညာပေးခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေးခြင်းအခမ်းအနားကို အောက်တိုဘာလ ၂၉ ရက် နံနက်ပိုင်းက ကဝမြို့နယ် ငါးထပ်ကြီးဘုရားရင်ပြင်ပေါ်၌ ကျင်းပသည်။

ရှေးဦးစွာ ကဝမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကိုမင်းက အဖွင့်အမှာစကားပြောကြားပြီး ဒုတိယမြို့နယ်ရဲတပ်ဖွဲ့မှူးဦးမင်းမင်းထွန်းက မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM) မဲပေးစက်ဖြင့် မဲပေးပုံအဆင့်ဆင့်၊ မဲပေးစက်ဖွဲ့စည်းတည်ဆောက်ပုံနှင့် လက်တွေ့စမ်းသပ်မဲပေးခြင်းလုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် အခမ်းအနားတက်ရောက်လာကြသည့် ဌာနဆိုင်ရာများနှင့် မဲဆန္ဒရှင်ပြည်သူများက မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM)ဖြင့် ကိုယ်တိုင်လက်တွေ့စမ်းသပ်မဲပေးခြင်းများကို လက်တွေ့ဆောင်ရွက်ကြပြီး သိရှိလိုသည်များကို အပြန်အလှန်မေးမြန်းဆွေးနွေးကြကြောင်း သိရသည်။

အောင်ဖြိုးလင်း(၄၁၀)

### သဇင်(FM)အသံလွှင့်အစီအစဉ်

၃၁-၁၀-၂၀၂၅(သောကြာနေ့)

| | | |
|---|---|---|
| ၁။ | ၀၈:၀၀ | For Youth |
| ၂။ | ၁၀:၀၀ | သတင်း/သီချင်း |
| ၃။ | ၁၃:၀၀ | တိုင်းရင်းသားစကားပြောကြရအောင် |
| ၄။ | ၁၇:၀၀ | ထူးခြားထင်ရှားကမ္ဘာတစ်လွှား |
| ၅။ | ၁၉:၀၀ | စစ်သည်ကဏ္ဍ |
| ၆။ | ၂၁:၂၀ | စာလာတယ်ဗျို့ |


မြဝတီ နေ့စဉ် the Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲဝင်းတင်
စာတည်း(ကွန်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

နေပြည်တော်
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂။
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

ရန်ကုန်(ရုံးခွဲ)
စာတည်းအဖွဲ့ ၀၃၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၃၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

မန္တလေး(ရုံးခွဲ)
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

ကျိုင်းတုံ(ရုံးခွဲ)
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁
လှိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ် - ၀၀၃၇၈/၀၀၄၉၄
စတင်ထုတ်ဝေသည့်ရက် - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တန်ဆောင်တိုင်ပွဲတော်တွင် ပွဲတော်များစုံလင်စွာဖြင့် စီစဉ်ကျင်းပမည်

**နေပြည်တော် အောက်တိုဘာ ၃၀**

နေပြည်တော် ပြည်ထောင်စုနယ်မြေ ဒက္ခိဏသီရိမြို့နယ်အတွင်း တည်ထားပူဇော်ထားရှိသော မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တန်ဆောင်တိုင်ပွဲတော်ကို မီးထွန်းပွဲတော်၊ မီးပုံးပျံလွှတ်တင်ပူဇော်ပွဲတော်၊ မသိုးသင်္ကန်းရက်လုပ်ပူဇော်ပွဲတော်များနှင့်အတူ တေးဂီတနှင့် ဇာတ်သဘင်ဖျော်ဖြေပွဲ၊ ဈေးရောင်းပွဲတော်တို့ဖြင့် နိုဝင်ဘာလ ၂ ရက်မှ ၄ ရက်အထိ သုံးရက်တိုင်တိုင် စည်ကားသိုက်မြိုက်စွာ စီစဉ်ကျင်းပမည်ဖြစ်သည်။

မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ရင်ပြင်တော်တွင် ဝတ်ရွတ်အသင်းများ ရွတ်ဖတ်ပူဇော်ပွဲ၊ ဆီမီး ၉၀၀၀ ထွန်းညှိကပ်လှူပူဇော်ပွဲနှင့် LED မီးများဖြင့် အလှဆင်ပူဇော်မှုများအပြင် မသိုးရွှေကြာသင်္ကန်း ရက်လုပ်ပူဇော်ပြိုင်ပွဲ၊ ညမီးကျည်နှင့် စိန်နားပန်မီးပုံးပျံကြီးများ လွှတ်တင်ပူဇော်ပြိုင်ပွဲများဖြင့် စီစဉ်ကျင်းပမည်ဖြစ်ပြီး မီးပုံးပျံလွှတ်တင်ပူဇော်ပြိုင်ပွဲနှင့် မသိုးရွှေကြာသင်္ကန်းရက်လုပ်ပြိုင်ပွဲများအတွက် ဆုချီးမြှင့်ပွဲကိုလည်း ထည့်သွင်းကျင်းပမည်ဖြစ်သည်။

ထို့ပြင် ညပိုင်းဈေးရောင်းပွဲတော်ကို MSME ထုတ်ကုန် ဈေးဆိုင်ခန်းများ၊ တိုင်းရင်းသားရိုးရာအစားအစာများ၊ဒေသထွက်ကုန်များနှင့် ဈေးဆိုင်ခန်းမျိုးစုံ စုစုပေါင်း ၃၀၀ ကျော်တို့ဖြင့် ဖွင့်လှစ်ရောင်းချကြမည်ဖြစ်ပြီး ရဟတ်၊ ပင်လယ်ဓားပြလှေ၊ ပျော့အိ၊ ကလေးစီးကားနှင့် ရထားဝိုင်း၊ ကလေးစီးလှုပ်စိနှင့် ဒိုးစသည့် ကစားနည်းများအပြင် နိုင်ငံကျော်တေးသံရှင်များဖြစ်ကြသည့် ကိုင်ဇာ၊ ဝေလ၊ နေမင်းအိမ်၊ လွှမ်းပိုင်၊ ရွှေထူး၊ ဂျီလတ်၊ ဝေကြီး၊ ဟဲလေး၊ ဖြိုးကြီး၊ ဖော်ဝေး၊ ဂျိုးလေး၊ နီနီခင်ဇော်၊ ဝိုင်းစုခိုင်သိန်း၊ ချယ်ရီသင်း၊ စန္ဒီမြင့်လွင်၊ ရတနာမိုင်၊ အိုင်းရင်းဇင်မာမြင့်၊ ဆုထက်လှိုင်၊ မိစန္ဒီ၊ သားစိုး၊ သံသာမိုးသိမ့်နှင့် နန်းဆုရတီစိုး စသည့်နာမည်ကြီး အဆိုတော်များက Hi Bird Music Band နှင့် Runner Music Band တို့၏တီးခတ်မှုနှင့်အတူ ညစဉ် သီဆိုဖျော်ဖြေကြမည်ဖြစ်သကဲ့သို့ နိုင်ငံကျော် ဇာတ်မင်းသား ဖိုးချစ်ဇာတ်သဘင်၏ ညစဉ်ကပြတင်ဆက်မှုတို့ဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**မြဝတီ**

# မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ မဟာဗျူဟာ (၂၀၂၆ - ၂၀၃၀) ရေးဆွဲရေး အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲကျင်းပ




ရန်ကုန် အောက်တိုဘာ ၃၀

မြန်မာနိုင်ငံကြက်ခြေနီအသင်းနှင့် အပြည်ပြည်ဆိုင်ရာကြက်ခြေနီနှင့် လခြမ်းနီအသင်းများ ဖက်ဒရေးရှင်းတို့ ပူးပေါင်းပြုလုပ်သည့် မြန်မာနိုင်ငံ ကြက်ခြေနီအသင်း၏မဟာဗျူဟာ (၂၀၂၆ - ၂၀၃၀) ရေးဆွဲရေး အလုပ်ရုံဆွေးနွေးပွဲဖွင့်ပွဲကို ယမန်နေ့နံနက်ပိုင်းက ရန်ကုန်မြို့ရှိ Inya Lake Hotel တွင်ပြုလုပ်သည်။


အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲတွင် မြန်မာနိုင်ငံကြက်ခြေနီအသင်းဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာ မျိုးညွန့်က ပိုမိုထိရောက်ပြီး ပွင့်လင်းမြင်သာမှုရှိသော အဖွဲ့အစည်းဖြစ်လာစေရန်အတွက် ပေါင်းစပ်ညှိနှိုင်းမှု၊ မိတ်ဖက်ပူးပေါင်းဆောင်ရွက်မှုနှင့် စဉ်ဆက်မပြတ် လိုက်လျောညီထွေ ပြောင်းလဲနိုင်မှုတို့သည် အရေးကြီးကြောင်း၊ ၂၀၃၀ ပြည့်နှစ်အတွက် ရည်မှန်းချက်မှာ ယုံကြည်အားထားရသော၊ တာဝန်ယူမှုရှိသော၊ ကြက်ခြေနီစေတနာလုပ်အားရှင်များနှင့် အသင်းခွဲများ ဖွံ့ဖြိုးတိုးတက်ပြီး လူမှုကရုဏာလုပ်ငန်းများကို ဆောင်ရွက်နိုင်သော၊ နည်းပညာပိုင်းဆိုင်ရာ စွမ်းဆောင်နိုင်စွမ်းရှိသော၊ ရပ်ရွာလူထုကို ကြံ့ကြံ့ခံနိုင်စွမ်းမြင့်မားစေရန် တည်ဆောက်ပေးသော အဖွဲ့အစည်းဖြစ်လာစေရန် ရည်မှန်းထားကြောင်းပြောကြားသည်။

ဆက်လက်၍ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီအသင်းများ ဖက်ဒရေးရှင်း မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် Ms. Nadia Khoury က နှုတ်ခွန်းဆက်စကားပြောကြားသည်။

အလုပ်ရုံဆွေးနွေးပွဲဖွင့်ပွဲသို့ ဒုတိယဥက္ကဋ္ဌ ဒေါက်တာ ဒေါ်တင်တင်လေး၊ အလုပ်အမှုဆောင်များ၊ ဒုတိယအထွေထွေအတွင်းရေးမှူး ၊ လက်ထောက်အထွေထွေအတွင်းရေးမှူး၊ ညွှန်ကြားရေးမှူးများနှင့် ဒုတိယ ညွှန်ကြားရေးမှူးများ၊ ဌာနမှူးများနှင့် တာဝန်ရှိသူများ၊ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီအသင်းများ ဖက်ဒရေးရှင်း၊ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ၊ ဂျာမနီနိုင်ငံ ကြက်ခြေနီအသင်း၊ ဒိန်းမတ်နိုင်ငံ ကြက်ခြေနီအသင်းနှင့် ဖင်လန်နိုင်ငံ ကြက်ခြေနီအသင်းတို့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ပြီး အဆိုပါအလုပ်ရုံဆွေးနွေးပွဲကို အောက်တိုဘာလ ၂၉ ရက်မှ ၃၀ ရက်အထိ နှစ်ရက်တာ ပြုလုပ်ခဲ့ကြောင်း သိရသည်။

**မြဝတီ**

နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။




# မြန်မာ-တရုတ် နှစ်နိုင်ငံ နှလုံးရောဂါကုဆရာဝန်များက မွေးရာပါ နှလုံးရောဂါ လူနာကလေးငယ်များအား ကျန်းမာရေးစောင့်ရှောက်မှုပေး၊ ခွဲစိတ်ကုသရန် လိုအပ်သည့် ကလေးလူနာများကို ယူနန်ပြည်နယ်ရှိ ဖူးဝေဆေးရုံသို့ အခမဲ့ခေါ်ဆောင် ကုသပေးသွားမည်ဖြစ်




ရန်ကုန် အောက်တိုဘာ ၃၀

ရန်ကုန်မြို့ရှိရန်ကင်းကလေးဆေးရုံကြီး ကလေးအထူးကုဌာနနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ဖူးဝေဆေးရုံ Chinese Academy of Medical Science တို့ ပူးပေါင်းပြီး နှစ်နိုင်ငံချစ်ကြည်ရေး ကျန်းမာရေးစောင့်ရှောက်မှုအစီအစဉ်အဖြစ် နှစ်နိုင်ငံ နှလုံးရောဂါကုဆရာဝန်များက မွေးရာပါ နှလုံးရောဂါ လူနာကလေးငယ်များအား ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းကို ယမန်နေ့က ရန်ကင်းကလေးဆေးရုံကြီး၌ ဆောင်ရွက်ခဲ့သည်။

ထိုသို့ ကျန်းမာရေးစောင့်ရှောက်မှုပေးရာတွင် နှစ်နိုင်ငံ နှလုံးရောဂါကုဆရာဝန်များက ဆေးရုံသို့ လာရောက်ဆေးကုသသည့် မွေးရာပါနှလုံးရောဂါလူနာ ကလေးငယ် ၂၈ ဦးကို ကျန်းမာရေးစစ်ဆေးဆောင်ရွက်ပေးခဲ့ပြီး ခွဲစိတ်ကုသရန် လိုအပ်သည့် ကလေးလူနာများကို ယူနန်ပြည်နယ်ရှိ ဖူးဝေဆေးရုံသို့ အခမဲ့ခေါ်ဆောင်ကုသပေးသွားမည်ဖြစ်ကြောင်း သိရသည်။

နှစ်နိုင်ငံ ချစ်ကြည်ရေး ကျန်းမာရေးစောင့်ရှောက်မှုအစီအစဉ်အဖြစ် ယူနန်ပြည်နယ် နိုင်ငံခြားရေးဌာနမှ ထောက်ပံ့လှူဒါန်းပြီး Kunming Yundi Behavior and Health Research Center(China)နှင့် မြန်မာ-တရုတ်ပူးပေါင်းဆက်ဆံရေးအသင်း၏ ပူးပေါင်းပါဝင်ကူညီမှုဖြင့် အောက်တိုဘာလ ၂၅ ရက်ကလည်း ရန်ကင်းကလေးဆေးရုံကြီး၌ ဆေးကုသနေသည့် အသက်ခြောက်လမှ ကိုးနှစ်အရွယ် မွေးရာပါနှလုံးရောဂါလူနာ ကလေးငယ်တစ်ဦးချင်းစီအတွက် သုံးလစာ အာဟာရဖြည့်စွက်စာများကို လှူဒါန်းခဲ့ကြောင်း သိရသည်။

**ညီမ်းသူ(သတင်းစဉ်)၊ဓာတ်ပုံ – ကနူး**

# တစ်သက်တာမှတ်တမ်းနှင့် အတွေးအခေါ်များ

ရွှေဥဒေါင်း

**ယမန်နေ့မှအဆက်**

ဤတွင် မိန်းမကြီးသည် စားစရာများကို တစ်နာရီလျှင်တစ်မျိုး အလဲလဲယူလာ၏။ သို့နှင့်လည်း ကျွန်ုပ်မစားနိုင်ချေ။ မိန်းမကြီးသည် အခန်းတွင်းသို့ဝင်လာ၍ စားပွဲပေါ်ရှိ စားစရာများ အရာမယွင်းဘဲ နဂိုအတိုင်း ရှိနေသည်ကိုမြင်ရတိုင်း ညှိုးငယ်သော မျက်နှာထားဖြစ်သွားခြင်းကို ကျွန်ုပ်မြင်ရသည်။ ထိုအခါ မိန်းမကြီးသည် ကျွန်ုပ်ကို ပွေ့ထူ၍ စားစရာများကို ဇွန်းဖြင့်ဖြစ်စေ၊ ခက်ရင်းဖြင့်ဖြစ်စေ ရယ်ကာမောကာဖြင့် ချော့၍ခွံ့ပေးရှာသည်။ ကျွန်ုပ်မှာ အမျိုးမျိုး ရနိုင်သည့် ဟိုတယ်စားစရာများကိုပင် ရွံမုန်းလာခဲ့ပြီဖြစ်၍ ဆေးရုံစားစရာများကို အနံ့ပင်မခံချင်အောင် ရွံမုန်းလျက်ရှိနေ၏။ သို့နှင့်လည်း မိန်းမကြီးသည် လက်မလျှော့သေးဘဲ ဆေးရုံ၌ရှိသည့် စားစရာအမျိုးမျိုးကို အနည်းနည်းပြင်ဆင်၍ ယူခဲ့ပါသည်။

**မတော်တဆဖြစ်မှု**

ကျွန်ုပ်၏အခန်းသို့ မိန်းကလေးနှစ်ယောက် ဝင်ရောက်ပြုစုလေ့ရှိကြောင်း ဖော်ပြခဲ့ပြီးဖြစ်ရာ တစ်ယောက်မှာ ထောင်ထောင်မောင်းမောင်းနှင့် အားခွန်ဗလကောင်းလှ၍ ဒုတိယတစ်ယောက်မှာ အရပ်ခပ်ပျပ်ပျပ် ပါးနီလေးနှင့် ပြုံးပြုံးလေးနေတတ်သူဖြစ်လေသည်။ ထိုနှစ်ယောက်အနက် ပထမမိန်းကလေးသည် ယောကျ်ားလေးသဖွယ် ရဲတင်းသောအမူအရာရှိ၍ ဒုတိယမိန်းကလေးမူကား ဦးခေါင်းကို အမြဲငုံ့၍ ရှို့ရှက်တတ်သည့် အမူအရာရှိလေသည်။ ဒုတိယမိန်းကလေးသည် ဆေးရုံသို့ကျွန်ုပ်ရောက်သည့် ပထမနေ့၌ အခန်းထဲသို့ဝင်လာ၍ ကျွန်ုပ်နှင့် တစ်ကြိမ်တည်း မျက်နှာချင်းဆိုင်ပြီးသည်မှစ၍ ကျွန်ုပ်၏မျက်နှာကို ဘယ်အခါမှ မော့မကြည့်တော့ဘဲ အမြဲငုံ့ထားလေ့ရှိ၏။ ကျွန်ုပ်မေးသည့်စကားများကို ငုံ့လျက်သာဖြေလေ့ရှိ၏။ တစ်နေ့သ၌ မိန်းကလေးသည် နှုတ်သီးမှ အငွေ့ပန်းထွက်သည့်ကိုရိယာတစ်ခုကို ကျွန်ုပ်၏ရှေ့တွင်တည်ပေး၍ ထွက်သောအငွေ့ကို ကျွန်ုပ်ရှူရ၏။ ငါးမိနစ်ခန့်ရှူပြီး၍ မိန်းကလေးသည် ထိုကိရိယာကိုသိမ်းရာတွင် ရေနွေးငွေ့ထွက်သည့် နှုတ်သီးမှ ရေနွေးထွက်လာ၍ ကျွန်ုပ်၏မျက်နှာသို့ ပန်းပါသည်။ ကျွန်ုပ်သည် အတော်ပူလောင်သောရေနွေးကြောင့် လန့်အော်လိုက်မိရာ မိန်းကလေးသည် ငုံ့ရာမှ ကျွန်ုပ်၏မျက်နှာသို့ ဖျတ်ခနဲမော့လိုက်သဖြင့် ကျွန်ုပ်နှင့် မျက်လုံးချင်းဆိုင်မိကြ၏။ ကျွန်ုပ်သည် ရေနွေးပူဝင်သော မျက်လုံးတစ်ဖက်ကို လက်ဖြင့်ပိတ်လျက် ကောင်းသောမျက်လုံးတစ်ဖက်ဖြင့် မိန်းကလေးကိုကြည့်လိုက်ရာ သူ့၌ဖြစ်ပေါ်လျက်ရှိသော ကရုဏာမျက်နှာထားမှာလည်း ဘယ်တော့မှ ကျွန်ုပ်မေ့နိုင်မည်မဟုတ်သည့် မျက်နှာထားဖြစ်ပါတော့သည်။ မိန်းကလေးသည် ကျွန်ုပ်ကို သနားရုံသာမက သူ့အပြစ်ကြောင့်ဖြစ်ရခြင်းအတွက်လည်း အကြီးအကျယ် နောင်တရလျက်ရှိပုံရသည်။ အမှန်မှာ သူ၏ပေါ့လျော့မှုကြောင့်ဖြစ်ပုံလည်းရသည်။ ကျွန်ုပ်မှာ အတော်ပူလောင်သည်မှန်သော်လည်း မိန်းကလေး၏ ဝမ်းနည်းသောမျက်နှာကို မြင်သည်နှင့် လက်ဖြင့်ဖုံးအုပ်ထားသည့် မျက်လုံးတစ်ဖက်ကိုဖွင့်လှစ်၍ "ကိစ္စမရှိပါဘူး" ဟု ရယ်မောကာပြောလိုက်ရသည်။ ဤတွင်မှ မိန်းကလေးသည် ကျွန်ုပ်၏ လက်မောင်းတစ်ဖက်ကို သူ့လက်နှစ်ဖက်ဖြင့်ကိုင်ကာ ပြုံးနိုင်လေသည်။

ထိုနေ့မှစ၍ မိန်းကလေးသည် ကျွန်ုပ်၏ အခန်းထဲတွင် ဦးခေါင်းမငုံ့တော့ဘဲ ဝင်လျှင်ဝင်ချင်း ပြုံး၍ နှုတ်ဆက်ဖော်ရပါတော့သည်။

**ဂွတ်နိုက်၏ ခံ့ညားပုံ**

ကျွန်ုပ် ဆေးရုံသို့ရောက်ပြီးသည့်နောက်တစ်ရက်၌ သခင်ကျော်စိန်၊ ကိုလှကျော်၊ လမ်းပြရဲဘော်၊ စကားပြန်မိန်းကလေးတို့သည် ကျွန်ုပ်ကိုလာ၍ ကြည့်ကြရာ ၎င်းတို့နှင့်အတူ ကျွန်ုပ်အား "ဂွတ်နိုက်"ဟု တီးတိုးနှုတ်ဆက်သည့် မိန်းမလည်းလိုက်ပါလာသည်။ ကျွန်ုပ်သည် သူတို့ဝင်လာခိုက်တွင် ပက်လက်ကုလားထိုင်ပေါ်၌ထိုင်ကာ အနီးရှိစားပွဲလေးပေါ်တွင် မလိုင်တစ်ဖန်ခွက်နှင့် ပန်းသီးပန်းကန်ပြားတင်ထား၍ ပန်းသီးတစ်လုံးကို အခွံနွှာလျက်ရှိရာ သခင်ကျော်စိန်သည် ကျွန်ုပ်၏အနေအထိုင်ကို မြင်သည်နှင့် "ဆရာကြီးကတော့ဇိမ်ပဲ ဆရာကြီးရေ"ဟု ဝမ်းသာအားရပြောလေသည်။ ရဲဘော်များသည် ကျွန်ုပ်၏ ကျန်းမာရေးအကြောင်းကို မေးမြန်းကြရာ "ဂွတ်နိုက်" မိန်းမကလည်း စကားပြန်နှင့် မေးပါသည်။ သူတို့အားလုံးသည် ကုလားထိုင်လုံလောက်စွာမရှိသဖြင့် မတ်တတ်ရပ်ကာမေးကြရ၏။ ထိုအခိုက်တွင် ဆရာမလေးတစ်ယောက်သည် အခန်းထဲသို့ ပျာယီးပျာယာဝင်လာ၍ ဂျာမန်လိုပြောရာ ကျွန်ုပ်က စကားပြန်မိန်းကလေးအားမေးသဖြင့် "အကြီးဆုံးဆရာဝန်ကြီးတွေနဲ့ ဆရာဝန်မကြီးတွေ လာနေကြလို့ မြန်မြန်ထွက်ကြပါတဲ့" ဟု ပြန်ပြောလေသည်။ ဆရာမလေး၏ စကားကြောင့် တခြားလူများ လှုပ်လှုပ်ရှားရှားဖြစ်သွားကြသော်လည်း "ဂွတ်နိုက်"ကမူ မထီတရီလုပ်နေပြီး ကျွန်ုပ်အား မေးလက်စစကားကို စကားပြန်မှတစ်ဆင့် ဆက်လက်၍မေးနေ၏။ ဤတွင် ဆရာမလေးက ထွက်သွားကြဖို့ ထပ်လောင်းပြောဆိုပြန်ရာ "ဂွတ်နိုက်"သည် အနည်းငယ်မျှ အခြေမပျက်ဘဲ ဆရာမလေးအား "တယ်ရှုပ်တယ်" ဟု ဆိုလိုသောအဓိပ္ပာယ်မျိုးဖြင့် လက်ပြရုံပြပြီး ဆက်လက်၍ မေးနေသေးသည်။ ထို့နောက် အခန်းပြင်မှ ခြေသံများကြားသည်တွင် "ဂွတ်နိုက်" သည် အခန်းပြင်သို့ အေးအေးဆေးဆေးထွက်သွား၍ တခြားလူများလည်း လိုက်ပါသွားကြလေသည်။ ထိုမိန်းမ၏ ခံ့ညားတည်ငြိမ်သောလက္ခဏာကို ကျွန်ုပ်မြင်ရသဖြင့် "ကြီးကြီးမာစတာ၏ ကတော်ကြီးတစ်ယောက်" ဖြစ်ရမည်ဟု အကဲခတ်မိပါသည်။

**စစ်ဆေးကြခြင်း**

ကျွန်ုပ်၏အခန်းတွင်းသို့ အသက် ၅၀ ကျော်ခန့်မျှချည်းရှိကြသည့် လူကြီးနှစ်ယောက်နှင့် မိန်းမကြီးနှစ်ယောက်ဝင်လာကြရာ ၎င်းတို့၏နောက်မှ ကျွန်ုပ်ထံသို့ လာနေကျဖြစ်သည့် ဆရာဝန်လေးလည်းပါလာ၏။ နောက်ဆုံးမှ သူနာပြုဆရာမကြီးတစ်ယောက်နှင့် ဆရာမလေးတစ်ယောက်လည်း လိုက်ပါလာကြသည်။ သူတို့ငါးယောက်စလုံးမှာ "နားကြပ်" ကိုယ်စီတပ်လျက်ရှိကြ၏။ ရှေးဦးစွာ ကျွန်ုပ်အား ပက်လက်လှန်စေ၍ ဆရာမများက ကျွန်ုပ်၏ရှေ့ပိုင်းအဝတ်များကို လှန်ကြရာ ဆရာဝန်လေးကလည်း ကူပေး၏။ ဆရာဝန်ကြီးနှစ်ယောက်နှင့် ဆရာဝန်မကြီးနှစ်ယောက်တို့ကမူ (ကျွန်ုပ်အကဲခတ်နိုင်ပါပြီ။) နားကြပ်ကိုယ်စီနှင့် ရပ်ကြည့်နေကြ၏။ အဝတ်များလှန်ပြီးသောအခါ ၎င်းတို့လေးယောက်သည် ကျွန်ုပ်၏လက်ဝဲဘက်သို့ နှစ်ယောက်၊ လက်ယာဘက်သို့နှစ်ယောက် ချဉ်းကပ်ကြ၍ ကျွန်ုပ်၏ရင်ဘတ်ကို နယ်နိမိတ်လေးစိတ်ခွဲခြားထားသည့် လက္ခဏာဖြင့် ကိုယ့်အပိုင်းနှင့်ကိုယ် တီးခေါက်ခြင်း၊ ဖိနှိပ်စမ်းသပ်ခြင်း၊ နားထောင်ခြင်း စသည်ဖြင့် အတန်ကြာအောင်ပြုလုပ်ကြ၏။ ထိုအတောအတွင်း ဆရာဝန်လေးကမူ သူတို့လေးယောက်၏မျက်နှာများကို စောင့်ကြည့်ကာ အကဲခတ်နေပုံရ၏။ ရင်ဘတ်ကို စမ်းသပ်ကြည့်ရှုပြီးသည့်နောက် ကျွန်ုပ်အားမှောက်ခိုင်း၍ ယခင်နည်းတူ အဝတ်များကိုလှပ်စေပြီးမှ ရှေးနည်းအတိုင်း ကျောပိုင်းကို လေးစိတ်စိတ်ကာ ကိုယ့်တာဝန်နှင့်ကိုယ် စမ်းသပ်ကြည့်ရှုကြပြန်လေသည်။ ထိုအတောအတွင်း စကားပြောခြင်းမရှိ။ တစ်ယောက်၏မျက်နှာကိုတစ်ယောက် လှမ်းကြည့်ရုံမျှကြည့်ကြသည်။ ရှေ့ပိုင်း၊ နောက်ပိုင်းပြီးသောအခါ အောက်ပိုင်းကို ဒူးအထိလှန်စေပြီး ခြေဖျားမှစ၍ ဒူးတိုင်အောင် တီးခေါက်စမ်းသပ်ကြည့်ရှုကြသည်။ ပြီးသောအခါ ဆရာဝန်မကြီးနှစ်ယောက်တို့ ဖယ်ရှားပြီး ဒူးအထက် ခါးထိအောင် ဆရာဝန်ကြီးနှစ်ယောက်တည်း ဆက်လက်စမ်းသပ်ကြည့်ရှုကြသည်။ စမ်းသပ်ပုံမှာ အလွန်သေချာ၍ ၃၂ ကျပ်ပေးပြီး ကျွန်ုပ်စမ်းသပ်ခြင်းခံသောအခါများမှာထက် စုံစေ့လှသည်။ ကိစ္စပြီးသောအခါ ဆရာဝန်လေးအားမှာထားခဲ့ကြ၍ ၎င်းက ကျွန်ုပ်၏နားရွက်အောက်ပိုင်းမှ သွေးကိုလည်းကောင်း၊ လက်မောင်းမှသွေးကိုလည်းကောင်း ထုတ်ယူသွားသည်။ ထို့နောက် ဆရာမကြီးတစ်ယောက်က ကျွန်ုပ်၏ ဆီးကိုယူရန်အတွက် ဖန်ခွက်တစ်ခုပို့လာသည်။ ကျွန်ုပ်၏အထက်ပိုင်းကိုလည်း ဓာတ်မှန်ရိုက်ရန်ခေါ်သွားသည်။

**ဆက်လက်ဖော်ပြပါမည်။**

> **"ကျွန်ုပ်၏အခန်းတွင်းသို့ အသက် ၅၀ ကျော်ခန့်မျှချည်းရှိကြသည့် လူကြီးနှစ်ယောက်နှင့် မိန်းမကြီးနှစ်ယောက်ဝင်လာကြရာ ၎င်းတို့၏နောက်မှ ကျွန်ုပ်ထံသို့ လာနေကျဖြစ်သည့် ဆရာဝန်လေးလည်းပါလာ၏။ နောက်ဆုံးမှ သူနာပြုဆရာမကြီးတစ်ယောက်နှင့် ဆရာမလေးတစ်ယောက်လည်း လိုက်ပါလာကြသည်။ သူတို့ငါးယောက်စလုံးမှာ "နားကြပ်" ကိုယ်စီတပ်လျက်ရှိကြ၏. . ."**

# မြစ်သားမြို့နယ် မူလတန်းကြိုကျောင်း၌ ဉာဏစွမ်းရည်ပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

မြစ်သား အောက်တိုဘာ ၃၀

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် မြစ်သားမြို့နယ် မူလတန်းကြိုကျောင်း၌ ဉာဏစွမ်းရည်ပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို အောက်တိုဘာလ ၂၉ ရက်ကကျင်းပသည်။

ရှေးဦးစွာ ကျောက်ဆည်ခရိုင်လူမှုဝန်ထမ်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်သန်းသန်းစိုးက အဖွင့်အမှာစကားပြောကြားပြီး ကျောင်းသား၊ ကျောင်းသူများက တေးသီချင်းဖြင့် ဖျော်ဖြေကြသည်။

ထို့နောက် ဉာဏစွမ်းရည်ပြိုင်ပွဲများတွင် ဆေးရောင်ခြယ်ပြိုင်ပွဲ၊ ပုံပြောပြိုင်ပွဲ၊ ကဗျာရွတ်ဆိုပြိုင်ပွဲ၊ အဖွဲ့လိုက်သီချင်းဆိုပြိုင်ပွဲတို့ကိုကျင်းပရာ မူလတန်းကြိုကျောင်းမှ ကျောင်းသား၊ ကျောင်းသူများက အသီးသီးဝင်ရောက်ယှဉ်ပြိုင်ကြသည်။

ဆက်လက်၍ ကျောက်ဆည်ခရိုင် လူမှုဝန်ထမ်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်သန်းသန်းစိုး၊ ဦးစီးအရာရှိ ဒေါ်မေဆုကျော်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ကျောင်းအကျိုးတော်ဆောင် မိဘ၊ ဆရာအသင်းဝင်များက ပထမဆု၊ ဒုတိယဆု၊ တတိယဆုနှင့် နှစ်သိမ့်ဆုရရှိသူများကို ဆုများ အသီးသီးချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။



**ဝင်းမင်းထွန်း(ပြန်/ဆက်)**

# (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေး၊ အောင်နိုင်ရေးဆိုင်ရာ ကိစ္စရပ်များ၊ ဒီဇင်ဘာလူထုလှုပ်ရှားမှုအထိမ်းအမှတ် လမ်းလျှောက်ပွဲ၊ လွတ်လပ်ရေးနေ့အထိမ်းအမှတ် အားကစားပြိုင်ပွဲများကျင်းပနိုင်ရေးကိစ္စရပ်များနှင့်ပတ်သက်၍ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် အောက်တိုဘာ ၃၀

၂၀၂၅ ခုနှစ် ဒီဇင်ဘာလတွင် ထိုင်းနိုင်ငံ၌ ကျင်းပမည့် (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေး၊ အောင်နိုင်ရေးဆိုင်ရာ ကိစ္စရပ်များ၊ ဒီဇင်ဘာလူထုလှုပ်ရှားမှု အထိမ်းအမှတ် လမ်းလျှောက်ပွဲ၊ လွတ်လပ်ရေးနေ့အထိမ်းအမှတ် အားကစားပြိုင်ပွဲများ အောင်မြင်စွာကျင်းပနိုင်ရေးကိစ္စရပ်များနှင့်ပတ်သက်ပြီး လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော် ရုံးအမှတ်(၃၁)ရှိ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပသည်။



အစည်းအဝေးသို့ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်၊ ဒုတိယဝန်ကြီး ဦးထိန်လင်းနှင့် ဦးဇင်မင်းထက်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် ဌာနခွဲများမှ ညွှန်ကြားရေးမှူးများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက မကြာမီ ကျင်းပမည့် (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် မြန်မာအားကစားအဖွဲ့ အောင်မြင်မှုရရှိစေရေးအတွက် ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်မည့် အားကစားနည်းများနှင့် ပြိုင်ပွဲဝင်အင်အားစာရင်းများအား စိစစ်ခြင်းများ၊ ပို့ဆောင်ရေးကိစ္စရပ်များ၊ အုပ်ချုပ်/ထောက်ပံ့မှုကိစ္စရပ်များ၊ ပြိုင်ပွဲတွင် စနစ်တကျဝင်ရောက်ယှဉ်ပြိုင်မှု၊ အောင်နိုင်ရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်ပြီး လေ့ကျင့်ဆောင်ရွက်နေမှုအခြေအနေများ၊ ပြိုင်ပွဲဝင်ပစ္စည်းဝယ်ယူပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြပေးသွားရန်လိုကြောင်း၊ ဒီဇင်ဘာလူထုလှုပ်ရှားမှုအထိမ်းအမှတ်လမ်းလျှောက်ပွဲကျင်းပနိုင်ရေးနှင့် နိုင်ငံတော်မှချမှတ်ထားသည့် လမ်းညွှန်ချက်များနှင့်အညီ အားကစားဖြင့် နိုင်ငံ့ဂုဏ်ဆောင်နိုင်မည့် မျိုးဆက်သစ်အားကစားသမားများ ရရှိစေရေးအတွက် ၂၀၂၆ ခုနှစ် ဇန်နဝါရီလ ၄ ရက်တွင် ကျရောက်မည့် (၇၈) နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ်အားကစားပြိုင်ပွဲများ အောင်မြင်စွာကျင်းပနိုင်ရေးကိစ္စရပ်များနှင့်ပတ်သက်ပြီး သက်ဆိုင်ရာကဏ္ဍများအလိုက် တာဝန်ရှိသူများက ဆက်လက်ဆောင်ရွက်သွားရမည့်လုပ်ငန်းစဉ်များကို အသေးစိတ် စီမံချက်များစနစ်တကျရေးဆွဲ၍ တင်ပြပေးသွားရန်လိုကြောင်း ပြောကြားသည်။

ဆက်လက်ပြီး ညွှန်ကြားရေးမှူးချုပ်များနှင့် အစည်းအဝေးတက်ရောက်လာကြသူများက နေပြည်တော်နှင့် ရန်ကုန်မြို့တို့တွင် စခန်းဝင်လေ့ကျင့်လျက်ရှိသည့် အဖွဲ့ချုပ်များ၊ အားကစားနည်းများအလိုက် စခန်းဝင်အားကစားသမားအင်အားစာရင်း၊ ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်မည့် အားကစားနည်းနှင့်အားကစားသမားအင်အားစာရင်းများ၊ အုပ်ချုပ်/ ထောက်ပံ့မှုဆိုင်ရာကိစ္စရပ်များ၊ ဒီဇင်ဘာ လူထုလှုပ်ရှားမှုအထိမ်းအမှတ် လမ်းလျှောက်ပွဲနှင့် လွတ်လပ်ရေးနေ့အထိမ်းအမှတ်အားကစားပြိုင်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် သက်ဆိုင်ရာကဏ္ဍများအလိုက် တာဝန်ယူဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းအစီအစဉ်များနှင့်ပတ်သက်ပြီး ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးများက လုပ်ငန်းများအောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် ဖြည့်စွက်ရှင်းလင်းကာ ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်စကားပြောကြားခဲ့ကြောင်း သိရသည်။ မြဝတီ

# တက္ကသိုလ်လေ့ကျင့်ရေးတပ်များမှ ၂၀၂၄-၂၀၂၅ ပညာသင်နှစ်အတွက် တက္ကသိုလ်လေ့ကျင့်ရေးတပ်ဖွဲ့ဝင် ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများအား အခြေခံစစ်ပညာသင်တန်းနှင့် တန်းမြင့်စစ်ပညာသင်တန်း စခန်းချလေ့ကျင့်ရေးသင်တန်းဆင်းပွဲများကျင်းပ

နေပြည်တော် အောက်တိုဘာ ၃၀

နိုင်ငံတော်ကာကွယ်ရေးဆိုင်ရာ အသိအမြင်များရရှိ၍ အနာဂတ်နိုင်ငံတော်၏ တာဝန်များ ထမ်းဆောင်သည့်အခါတွင် အထောက်အကူရရှိကာ နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်များ ပိုမိုရင့်သန်လာစေရန်နှင့် ယုံကြည်ချက်၊ ခံယူချက်မြင့်မားပြီး အရည်အချင်းပြည့်ဝစေရန် ရည်ရွယ်ချက်ဖြင့် တက္ကသိုလ်အသီးသီးမှ ကိုယ်တိုင်ဆန္ဒပြုသည့် တက္ကသိုလ်လေ့ကျင့်ရေးတပ်ဖွဲ့ဝင် ဆရာ၊ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများကို ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ ပြည်သူ့စစ်နှင့် နယ်ခြားတပ်များညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက် တက္ကသိုလ်လေ့ကျင့်ရေးတပ်များ၌ ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှစတင်၍ အခြေခံစစ်ပညာသင်တန်းနှင့် တန်းမြင့်စစ်ပညာသင်တန်း စခန်းချလေ့ကျင့်ရေးသင်တန်းများကို ဖွင့်လှစ်သင်ကြားပေးခဲ့ရာ ယနေ့နံနက်ပိုင်းတွင်အောင်မြင်စွာ သင်တန်းဆင်းပေးနိုင်ခဲ့သည်။ အဆိုပါသင်တန်းဆင်းပွဲများကို နေပြည်တော်ကောင်စီနယ်မြေ၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ဗထူးတပ်မြို့၊ မွန်ပြည်နယ်၊ ချောင်းဆုံမြို့၊ ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့၊ ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့နှင့် ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့တို့ရှိနယ်မြေခံသင်တန်းကျောင်းခန်းမများ၌ ကျင်းပပြုလုပ်ကြသည်။




ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင် ၂၀၂၄-၂၀၂၅ တက္ကသိုလ်ပညာသင်နှစ် တက္ကသိုလ်လေ့ကျင့်ရေးတပ်ဖွဲ့ဝင် ဆရာ၊ ဆရာမများနှင့်ကျောင်းသား၊ ကျောင်းသူများ မိုးရာသီစခန်းချလေ့ကျင့်ရေးသင်တန်းဆင်းပွဲ၌ ဆုရရှိသူတစ်ဦးအား ဆုပေးအပ်ချီးမြှင့်စဉ်။




နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးမင်း ၂၀၂၄-၂၀၂၅ တက္ကသိုလ်ပညာသင်နှစ် တက္ကသိုလ်လေ့ကျင့်ရေးတပ်ဖွဲ့ဝင် ဆရာ၊ ဆရာမများနှင့်ကျောင်းသား၊ ကျောင်းသူများ မိုးရာသီစခန်းချလေ့ကျင့်ရေးသင်တန်းဆင်းပွဲ၌ ဆုရရှိသူတစ်ဦးအား ဆုပေးအပ်ချီးမြှင့်စဉ်။

အဆိုပါ သင်တန်းဆင်းပွဲများသို့ သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝန်ကြီးချုပ်များ၊ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများ၊ သင်တန်းနည်းပြများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ ဖိတ်ကြားထားသူများတက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သင်တန်းဆင်းအမှာစကားများ အသီးသီး ပြောကြားကြသည်။



အနောက်တောင်တိုင်း စစ်ဌာနချုပ်၌ ၂၀၂၄-၂၀၂၅ တက္ကသိုလ် ပညာသင်နှစ် တက္ကသိုလ် လေ့ကျင့်ရေးတပ်ဖွဲ့ဝင် ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ မိုးရာသီစခန်းချလေ့ကျင့်ရေး သင်တန်းဆင်းပွဲ ကျင်းပစဉ်။

ထို့နောက် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများက မိုးရာသီစခန်းချလေ့ကျင့်ရေးသင်တန်းများအတွက် အမှတ်တရလက်ဆောင်ပစ္စည်းများ၊ ဆုတံဆိပ်ရရှိကြသည့် ကျောင်းသား၊ ကျောင်းသူများအား ဆုတံဆိပ်များပေးအပ်ချီးမြှင့်ရာ တာဝန်ရှိသူများနှင့် ဆုရရှိကြသူများက အသီးသီးလက်ခံရယူကြသည်။ ယင်းနောက် တိုင်းမှူးများနှင့် တာဝန်ရှိသူများက သင်တန်းသား၊ သင်တန်းသူများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ခဲ့ကြသည်။

အဆိုပါသင်တန်းများတွင် ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၁၀၈၈ ဦးတို့ကို သင်တန်းကာလအား ရက်ပေါင်း ၃၀ ဖွင့်လှစ်၍ ကိုယ်လက်ကြံ့ခိုင်ရေးဘာသာရပ်၊ မြန်မာ့သိုင်းဘာသာရပ်၊ စစ်ရေးပြဘာသာရပ်၊ လက်နက်ငယ်ဘာသာရပ်၊ ကိုယ်စီစစ်မြေပြင်ကျွမ်းကျင်မှုဘာသာရပ်၊ စစ်နည်းဗျူဟာဘာသာရပ်၊ သဘောတရားရေးဆိုင်ရာဘာသာရပ်၊ စစ်မြေပြင်အင်ဂျင်နီယာဘာသာရပ်၊ ကျန်းမာရေးနှင့်ရှေးဦးသူနာပြုဘာသာရပ်များနှင့် စက်ပစ်ကွင်းလက်တွေ့ပစ်ခတ်ခြင်း သင်ခန်းစာများအား လေ့ကျင့်သင်ကြားပေးခြင်းအပြင်အထွေထွေဗဟုသုတရရှိစေရေးအတွက် ပြင်ပလေ့လာရေးခရီးစဉ်များကိုလည်း လိုက်ပါပို့ဆောင်ခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)

# နည်းပညာတက္ကသိုလ်(မှော်ဘီ)၌ Project Show (2025) & Job Fair ဖွင့်ပွဲကျင်းပ



ရန်ကုန် အောက်တိုဘာ ၃၀

Project Show (2025) & Job Fair ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် နည်းပညာတက္ကသိုလ်(မှော်ဘီ)၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီ၊ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းချုပ်၊ မြန်မာနိုင်ငံ ဗိသုကာကောင်စီ၊ မြန်မာနိုင်ငံ ကွန်ပျူတာလုပ်ငန်းရှင်များအသင်းနှင့်ပညာရပ်ဆိုင်ရာအဖွဲ့အစည်းများ၊ ပညာရှင်များ၊ နည်းပညာတက္ကသိုလ်(မှော်ဘီ)မှ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ စိတ်ပါဝင်စားသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ Project Show (2025) & Job Fair ဖွင့်ပွဲအခမ်းအနားကို နည်းပညာတက္ကသိုလ်(မှော်ဘီ) ပါမောက္ခချုပ် ဒေါက်တာကေသီလွင်နှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က လူငယ်များ၏ဘဝအတွက် အလွန်တန်ဖိုးရှိပြီး လုပ်ငန်းရှင်များအတွက်လည်း ဝန်ထမ်းကောင်း ဝန်ထမ်းသစ်များနှင့်တွေ့ဆုံနိုင်မည့် Public – Private – Partnership PPP Model ကောင်းတစ်ခုဖြစ်ကြောင်း ပြောကြားပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က အခမ်းအနားဖြစ်မြောက်ရေးအတွက် ဂုဏ်ပြုချီးမြှင့်ငွေများကိုပေးအပ်ရာ နည်းပညာတက္ကသိုလ်(မှော်ဘီ) ပါမောက္ခချုပ် ဒေါက်တာကေသီလွင်က လက်ခံရယူသည်။

ယင်းနောက် နည်းပညာတက္ကသိုလ်(မှော်ဘီ) ပါမောက္ခချုပ် ဒေါက်တာကေသီလွင်က ပြပွဲ၊ ပြိုင်ပွဲများအကြောင်းကိုရှင်းလင်းတင်ပြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့က ကျောင်းသား၊ ကျောင်းသူများ၏ Project များအား လှည့်လည်ကြည့်ရှုအားပေးသည်။

အဆိုပါ Project Show (2025) & Job Fair အခမ်းအနားကို အောက်တိုဘာလ ၃၀ ရက်မှ ၃၁ ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။

ထို့ပြင် ၂၀၂၅-၂၀၂၆ ခုနှစ် မိုးစပါးစံကွက်ရိတ်သိမ်းပွဲ တောင်သူများသို့ နေကြာမျိုးစေ့များ၊ Drum Seeder များ ဖြန့်ဖြူးပေးအပ်ခြင်းနှင့် သစ်စိမ်းမြေဩဇာကြဲပက်စိုက်ပျိုးပွဲအခမ်းအနားကို ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးခရိုင် တိုက်ကြီးမြို့နယ် ရင်းတိုက်ကွင်းကျေးရွာအုပ်စု ရင်းတိုက်ကွင်း(၂) တောင်သူ ဦးဝင်းကြိုင်၏လယ်၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ်တက်ရောက်အမှာစကားပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်တိုင်းဒေသကြီးဝန်ကြီးများက တောင်သူများအား Drum Seeder များနှင့် နေကြာမျိုးစေ့များကိုပေးအပ်ကြပြီး ပြသထားသည့် စပါးမျိုးစေ့နမူနာများ၊ Drum Seeder များ၊ စိုက်ပျိုးရေးလုပ်ငန်းသုံး အနိမ့်တင်ဆိုလာနှစ်ချပ်တွဲ ရေတင်စက်များနှင့် ကောက်စိုက်စက်များ၊ ဓာတ်မြေဩဇာများ၊ မိုးစပါးစံကွက်အား ရိတ်သိမ်းခြွေလှေ့စက်ဖြင့် ရိတ်သိမ်းနေမှုနှင့် ရိတ်သိမ်းပြီးလယ်ကွက်အတွင်း စက်မှုလယ်ယာဦးစီးဌာနမှ ကောက်ရိုးထုံးစက်ဖြင့် ကောက်ရိုးထုံးများဆောင်ရွက်နေမှုများ၊ သစ်စိမ်းမြေဩဇာ ပိုက်ဆန်လျှော်ကြဲပက်စိုက်ပျိုးနေမှုများနှင့် စိုက်ပျိုးရေးသုံးပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးသည်။

ယနေ့ မိုးစပါးစံကွက်ရိတ်သိမ်းပွဲတွင် တောင်သူ ဦးဝင်းကြိုင်၏လယ်ကို စိစစ်ရိတ်သိမ်းရာ တစ်ဧကလျှင် စပါးတင်းအခြောက်ထွက်နှုန်း ၉၇ ဒသမ ၄၉ တင်းထွက်ရှိကြောင်း သိရသည်။

ဖွဲ့ထက်ကို(မြန်/ဆက်)

# ဒီပါဝလီ မဟာလက်ချံမီးမယ်တော် ပူဇော်ပွဲနှင့် ဆီမီးထွန်းပွဲတော်ကျင်းပ



ရန်ကုန် အောက်တိုဘာ ၃၀

မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံရုံး၏ ပူးပေါင်းမှုဖြင့် မြန်မာ-အိန္ဒိယ ချစ်ကြည်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအသင်းမှကြီးမှူးကျင်းပသည့် ဒီပါဝလီမဟာလက်ချံမီးမယ်တော်ပူဇော်ပွဲနှင့် ဆီမီးထွန်းပွဲတော်အခမ်းအနားကို ယနေ့ညနေပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ် မိုးကောင်းလမ်းရှိ မြဝတီမီဒီယာစင်တာ၌ ကျင်းပသည်။

ရှေးဦးစွာ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီး H.E. Mr. Abhay Thakur ၊ မြန်မာ-အိန္ဒိယ ချစ်ကြည်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအသင်းနာယက ပညာရေးကော်မတီဥက္ကဋ္ဌ ဦးနေအုပ်(စိန်ပေါလ်)၊ မြန်မာ-အိန္ဒိယ ချစ်ကြည်ရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးအသင်းဥက္ကဋ္ဌ သီရိပျံချီ ဦးဇော်ဇော်နိုင်နှင့် တာဝန်ရှိသူတို့က ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ် ဘောက်ထော်ဘူတာရုံလမ်း အမှတ်-၂၉/၃၁ ရှိမဟာလက်ချံမီးမယ်တော်ဘုရားကျောင်းဝင်းအတွင်းရှိ ဗောဓိညောင်ပင်တွင် စံပယ်လျက်ရှိသော ဗုဒ္ဓမြတ်စွာဘုရားဆင်းတုတော်အား ပန်း၊ ရေချမ်း၊ ဆီမီး၊ သစ်သီးများဖြင့် ဆက်ကပ်ပူဇော်ကြသည်။

ထို့နောက် မြဝတီမီဒီယာစင်တာ၌ ဆီမီးထွန်းပွဲတော်အခမ်းအနားကို ကျင်းပရာ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံရုံး ယာယီတာဝန်ခံ၊ မြန်မာ-အိန္ဒိယချစ်ကြည်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအသင်းဥက္ကဋ္ဌ သီရိပျံချီဦးဇော်ဇော်နိုင်၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ဟိန္ဒူဗဟိုကောင်စီဥက္ကဋ္ဌ မစ္စတာမာရီမူသူ(ခ) ဦးတင်မြင့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ အိန္ဒိယသံအမတ်ကြီး H.E. Mr. Abhay Thakur နှင့် မြန်မာ-အိန္ဒိယချစ်ကြည်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအသင်းနာယက ပညာရေးကော်မတီဥက္ကဋ္ဌ ဦးနေအုပ်(စိန်ပေါလ်)တို့က ဒီပါဝလီမဟာလက်ချံမီးမယ်တော်ပူဇော်ပွဲနှင့်ဆီမီးထွန်းပွဲတော်ဆိုင်းဘုတ်အား စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် အိန္ဒိယသံအမတ်ကြီး၊ မြန်မာ-အိန္ဒိယ ချစ်ကြည်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအသင်းနာယက ပညာရေးကော်မတီဥက္ကဋ္ဌနှင့် ဧည့်သည်တော်များက မင်္ဂလာဆီမီးတိုင်ကို ထွန်းညှိပေးကြပြီး ရွှေပိုးပဝါများအပြန်အလှန် ခြုံလွှမ်းပေးကြသည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီး H.E. Mr. Abhay Thakur ၊ မြန်မာ-အိန္ဒိယချစ်ကြည်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအသင်းနာယက ပညာရေးကော်မတီဥက္ကဋ္ဌ ဦးနေအုပ်(စိန်ပေါလ်)၊ ဟိန္ဒူဘာသာရေးဗဟိုအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးတင်မြင့်တို့က အမှာစကားပြောကြားကြပြီး ပွဲတော်ကျင်းပရေးကော်မတီဥက္ကဋ္ဌ Mr. Naresh Kumar က ကျေးဇူးတင်စကားပြောကြားသည်။ ယင်းနောက် အိန္ဒိယသံရုံးက မြန်မာ-ဟိန္ဒူရိုးရာယဉ်ကျေးမှု အဆို၊ အကများဖြင့် သီဆိုဖျော်ဖြေတင်ဆက်ကြပြီး ဧည့်သည်တော်များအား ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

အဆိုပါအခမ်းအနားသို့ ဗုဒ္ဓဘာသာကလျာဏယုဝအသင်း(ဗဟို)ဥက္ကဋ္ဌဦးရဲထွန်းနှင့်တာဝန်ရှိသူများ၊ ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေး(ဗဟို)အဖွဲ့ဥက္ကဋ္ဌ ဦးဝဏ္ဏနှင့် တာဝန်ရှိသူများ၊ မြန်မာပြည်ဖွား ဟိန္ဒူမျိုးနွယ်စုများ၊ ဟိန္ဒူအဖွဲ့အစည်းများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

ဝန်းရံခ

# လျှပ်စစ်သုံးမော်တော်ယာဉ်များနှင့် လျှပ်စစ်သုံးမော်တော်ဆိုင်ကယ်များ ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိ



နေပြည်တော် အောက်တိုဘာ ၃၀

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့်ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် Amazing Auto Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် GAC Toyota BZ4X အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များ၊ Grand Sirius Co.,Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် NETA X အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များ၊ Earth Renewable Energy Co.,Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် BYD E2 အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များနှင့် G-Energy Plus Myanmar Co.,Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် YADEA အမျိုးအစား လျှပ်စစ်သုံးမော်တော်ဆိုင်ကယ်များသည် ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိလာပါသဖြင့် ယနေ့တွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ကြောင်း သိရသည်။

မြဝတီ

**အကြမ်းဖက်မှု ပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်**

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG ၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# ကုသိုလ်ထပ်ထပ် ကထိန်မြတ်

မြတ်ရောင်ခြည်

**ကထိန်၏အဓိပ္ပာယ်**

ကထိန်ဟူသည် ကထိနဟူသော ပါဠိပုဒ်မှ သက်ဆင်းလာသော ပါဠိသက်ဝေါဟာရဖြစ်သည်။ အဓိပ္ပာယ်မှာ မြဲမြံခိုင်ခံ့ခြင်းဟုဆိုလိုသည်။ တစ်နည်းအားဖြင့် အကျိုးအာနိသင် (၅)မျိုးကို ပေါင်းရုံး၍ ယူတတ်သောကြောင့်လည်းကောင်း၊ တစ်ပြိုင်နက် သိမ်းကျုံးရရှိစေနိုင်သောကြောင့်လည်းကောင်း၊ ဘုရားအစရှိသော ပညာရှိတို့ ချီးမွမ်းအပ်သောကြောင့်လည်းကောင်း၊ သစ်ပင်ကြီးကဲ့သို့ မြဲမြံခိုင်ခံ့ခြင်းသဘောရှိသောကြောင့်လည်းကောင်း ကထိန်ဟုခေါ်ဆိုကြောင်း တိပိဋကပါဠိ-မြန်မာအဘိဓာန်၌ ဖော်ပြထားပေသည်။

**ကထိန်သင်္ကန်းဖြစ်ပေါ်လာပုံ**

ကထိန်သင်္ကန်းဖြစ်ပေါ်လာပုံနှင့်ပတ်သက်၍ အနည်းငယ်ဖော်ပြရလျှင် မြတ်စွာဘုရားရှင် လက်ထက်ပါဝေယျကတိုင်းသား ရဟန်းတော်ဘဒ္ဒဝဂ္ဂီ ညီနောင်သုံးကျိပ်တို့သည် ပါဝါမြို့မှ သာဝတ္ထိမြို့သို့ မြတ်စွာဘုရားရှင်အားဖူးမြော်ရန် လာရောက်စဉ် ဝါဆိုအမီ မြတ်စွာဘုရားထံမရောက်နိုင်ကြသဖြင့် သာကေတမြို့၌သာ ဝါဆိုဝါကပ်တော်မူကြသည်။ ဘဒ္ဒဝဂ္ဂီညီနောင်သုံးကျိပ်တို့သည် သီတင်းဝါလကျွတ်၍ ပဝါရဏာပြုပြီးလျှင် သာဝတ္ထိမြို့သို့ ဆက်လက်ထွက်ခွာလာရာ လမ်းခရီး၌ မိုးသည်းထန်စွာရွာသွန်း၍ ရေ၊ ရွှံ့ညွန်တို့ဖြင့် စိုစွတ်လိမ်းကျံလျက်သာ မြတ်စွာဘုရားရှင်အား ဖူးမြော်ကြလေသည်။ ထိုဖြစ်စဉ်ကို အကြောင်းပြု၍ မြတ်စွာဘုရားရှင်က ပုရိမဝါကျွတ်ပြီးသော ရဟန်းတော်တို့အား အကျိုး(၅)ပါးကို ဟောကြား၍ ကထိန်ခင်းခွင့်ပြုတော်မူခဲ့သဖြင့် ကထိန်သင်္ကန်းဖြစ်ပေါ်လာပေသည်။

**ကထိန်သင်္ကန်းလှူဒါန်းခြင်း**

ကထိန်ခင်းခြင်းနှင့်ပတ်သက်၍မြတ်စွာဘုရားရှင်က ပုရိမဝါဆိုပြီးမြောက်တော်မူကြသည့် ရဟန်းတော်များကိုသာ ကထိန်ခင်းခွင့်ပြုတော်မူခဲ့သည်။ ကထိန်ခင်းရာ၌ ဝိနည်းကံနှင့်လျော်ညီစွာ ကထိန်ခင်းသူ (ရဟန်းတော်)အပါအဝင် အနည်းဆုံးသံဃာငါးပါးရှိမှသာ သိမ်အတွင်းကထိန်ခင်းခွင့်ပြုတော်မူသည်။ ကထိန်ခင်းသည့်ကာလကို သီတင်းကျွတ်လပြည့်ကျော် ၁ ရက်နေ့မှ တန်ဆောင်မုန်းလပြည့်နေ့အထိ တစ်လသာ မြတ်စွာဘုရားရှင်ခွင့်ပြုတော်မူခဲ့ပေသည်။ ရဟန်းတော်များအနေဖြင့် ကထိန်သင်္ကန်းဖြစ်ပေါ်လာအောင် မည်သည့်ပုဂ္ဂိုလ်ကိုမဆို ကိုယ်အမူအရာဖြင့်ဖြစ်စေ၊ နှုတ်မြွက်၍ဖြစ်စေ မတောင်းအပ်၊ အလှူမခံအပ်ပါ။ ယုတ်စွအဆုံး မိဘနှစ်ပါးကိုပင် ကထိန်သင်္ကန်းလှူဒါန်းရန် မပြောအပ်၊ မတောင်းအပ်ပါ။ အလှူရှင်၏ ကထိန်သင်္ကန်းလှူဒါန်းလိုသော သဒ္ဓါတရားဖြစ်ပေါ်လာမှသာ ကထိန်ခင်းရသည်။ အလှူရှင်က သင်္ကန်းကိုလှူသောအခါလည်း ပုဂ္ဂိုလ်ကိုမရည်ညွှန်းဘဲ "ဣမံကထိနစီဝရံ သံဃဿ ဒေမ" ဟုဆို၍ သံဃာကိုရည်ညွှန်းလှူဒါန်းမှသာ ကထိန်အရာမြောက်ပေသည်။

**ကထိန်ခင်းပုံအစီအစဉ်**

ရဟန်းတော်များသည် လက်ခံရရှိသည့် ကထိန်သင်္ကန်းကို သိမ်အတွင်း၌ သံဃာစုရုံး၍ သင်္ကန်းရှားပါးသူကိုရွေးချယ်ကာ ကထိန်သင်္ကန်းကို ထိုသူအား ခံယူစေရသည်။ ထိုပုဂ္ဂိုလ်မျိုးမရှိလျှင် သို့မဟုတ် သင်္ကန်းရှားပါးသူချည်းဖြစ်လျှင် သီတင်းကြီး(ဝါကြီး) မထေရ်အား ခံယူစေရသည်။ ကထိန်သင်္ကန်းခံယူ၍ ကထိန်ခင်းမည့်ပုဂ္ဂိုလ်သည် ကထိန်နှင့်ဆက်စပ်သော အောက်ပါအင်္ဂါရပ်(၈)ပါးကိုလည်း နားလည်ထားရန် လိုအပ်မည်ဖြစ်ပေသည်-

(က) ကထိန်အလှူရှင်များလှူသည့်သင်္ကန်းကို သံဃာက ခံယူရခြင်း၊

(ခ) ကထိန်ခင်းထိုက်သည့်ရဟန်းတော် ရွေးချယ်ရခြင်း၊

(ဂ) ထိုရွေးချယ်သည့်ရဟန်းကို သံဃာတော်က သိမ်ထဲတွင် ဉတ္တိဒုတိယ ကမ္မဝါစာဖတ်ပြီး ကထိန်သင်္ကန်းပေးရခြင်း၊

(ဃ) ကထိန်သင်္ကန်းရပြီးသည့် ရဟန်းသည် မိမိတွင် မူလက တိစီဝရိတ်အဓိဋ္ဌာန်တင်ထားသည့် သင်္ကန်းကို အဓိဋ္ဌာန်ချ၍ ထိုသင်္ကန်းကိုစွန့်ရခြင်း၊

(င) ကထိန်ခင်းမည့်သင်္ကန်း၏ထောင့်၌ အညိုရောင်ဖြစ်စေ၊ ရွှံ့ရောင်ဖြစ်စေ အစက်အပြောက်ထိုးခြင်းဟုဆိုသည့် ကပ္ပဗိန္ဒုထိုးရခြင်း၊

(စ) ထိုကပ္ပဗိန္ဒုထိုးပြီးသောသင်္ကန်းကို အဓိဋ္ဌာန်တင်ရခြင်း၊



(ဆ) ထိုအဓိဋ္ဌာန်တင်ပြီးသော (ဒုကုဋ်၊ ဧကသီ၊ သင်းပိုင်) သင်္ကန်းကို ကထိန်ခင်းရခြင်း၊

(ဇ) ကထိန်ခင်းပြီးသောအခါ သိမ်အတွင်း၌ရှိကြသည့် သံဃာတော်များနှင့် ကထိန်ခံရဟန်းတော်တို့က ဝမ်းမြောက်ဝမ်းသာ အနုမောဒနာပြုရခြင်း။

ပုရိမဝါဆိုပြီးမြောက်သည့် ကထိန်ခံသည့်ကျောင်းတိုက်မှ သံဃာတော်များက အထက်ပါအင်္ဂါရပ်များနှင့်အညီကထိန်သင်္ကန်းအလှူခံသည့်နေ့အတွင်း ရက်မကူးစေဘဲ ကထိန်ခင်းခြင်းကိစ္စများ နေ့ချင်းပြီးဆောင်ရွက်သည်ကို **"ကထိန်ခင်းသည်"**ဟုဆိုသည်။

**ကထိန်အကျိုးအာနိသင် (၅)ပါး**

ကထိန်ခင်းပြီးသော ရဟန်းတော်များအတွက် ကထိန်အကျိုးအာနိသင်(၅)ပါးကို ကထိန်ခင်းသည့်နေ့မှစ၍ တပေါင်းလပြည့်နေ့အထိ ရရှိတော်မူကြသည်။ ယင်းကထိန်အကျိုးအာနိသင်(၅)ပါးမှာ-

(က) အနာမန္တစာရ-ဒါယကာက ရဟန်းတို့အား မအပ်စပ်သော အသုံးအနှုန်းဖြင့် ဆွမ်းဖိတ်သော်လည်း အနီးရှိ ရဟန်းတို့ကိုမပန်ကြား၊ မပြောဆိုဘဲ ရွာတွင်းသို့သွားလာနိုင်ခြင်း (စာရိတ္တသိက္ခာပုဒ်အရပါစိတ်အာပတ်မသင့်ခြင်း)အကျိုး၊

(ခ) အသမာဒါနစာရ-တိစီဝရိတ်အဓိဋ္ဌာန်တင်သောသင်္ကန်းကိုမယူဆောင်ဘဲ(ညစဉ်အနီးအနား၌မဆောင်ထားဘဲ)သွားလိုရာလှည့်လည်သွားလာနိုင်ခြင်း(ဒုတိယကထိနသိက္ခာပုဒ်အရ နိဿဂ္ဂိယ ပါစိတ်အာပတ်မသင့်ခြင်း)အကျိုး၊

(ဂ) ယာဝဒတ္ထစီဝရ-ရသမျှသင်္ကန်းတို့ကို အဓိဋ္ဌာန်၊ ဝိကပ္ပနာမပြုဘဲ အလိုရှိသလောက် ထားရှိသုံးဆောင်နိုင်ခြင်း (ပထမကထိနသိက္ခာပုဒ်အရ ၁၀ ရက်ထက်ကျော်လွန်သော်လည်း နိဿဂ္ဂိယပါစိတ်အာပတ်မသင့်ခြင်း)အကျိုး၊

(ဃ) ဂဏဘောဇန-မအပ်စပ်သော တောင်းခံခြင်း၊ ပင့်ဖိတ်ခြင်းမျိုးဖြင့် တောင်းခံပင့်ဖိတ်အပ်သောဆွမ်းကို လေးပါး၊ လေးပါးထက်အလွန်စုပေါင်းခံယူစားနိုင်ခြင်း(ဘောဇနဝဂ်ဒုတိယသိက္ခာပုဒ်နှင့် တတိယသိက္ခာပုဒ်တို့အရ ပါစိတ်အာပတ်မသင့်ခြင်း)အကျိုး၊

(င) ယော စ တတ္ထ စီဝရုပ္ပါဒ-ကထိန်ခင်းရာကျောင်းတိုက်၌ ရရှိလာသမျှသင်္ကန်းတို့ကို ကထိန်ခင်းသော ရဟန်းတို့သာ သုံးစွဲခွင့်ရရှိနိုင်ခြင်းအကျိုး။

**ကထိန်သင်္ကန်းအလှူအကျိုး (၅)ပါး**

ကထိန်ခင်းတော်မူကြသည့် ရဟန်းတော်များအတွက် ကထိန်အာနိသင်အကျိုး (၅)ပါးရှိသကဲ့သို့ ကထိန်အလှူရှင်များအတွက်လည်း ကထိန်ခင်းသည့်နေ့မှစ၍ နိဗ္ဗာန်ရောက်သည့်တိုင်အောင် ဘဝအဆက်ဆက် ကထိန်လှူဒါန်းရသည့်အကျိုး (၅) မျိုးကို ရရှိနိုင်သည်။ ယင်းအကျိုး (၅) ပါးမှာ-

(က) ပိတ်ပင်တားဆီးမှုမရှိ မိမိလိုရာအရပ်သို့သွားနိုင်ခြင်းအကျိုး၊

(ခ) ကိစ္စအဝဝတွင်ဝန်လေးခြင်းမရှိ၊ ပေါ့ပေါ့ပါးပါး ချမ်းချမ်းသာသာရှိခြင်းအကျိုး၊

(ဂ) အစားအစာများပေါများ၍ အစားအသောက်ကြောင့် ဘေးအန္တရာယ်မဖြစ်ခြင်းအကျိုး၊

(ဃ) မိမိစည်းစိမ်ဥစ္စာများကို ရန်သူမျိုးငါးပါး မဖျက်ဆီးနိုင်ခြင်းအကျိုး၊

(င) အဝတ်အထည်နှင့် ပစ္စည်းဥစ္စာများပေါများ၍ မိမိပိုင်ပစ္စည်းများကို မိမိကမပေးလျှင် မည်သူမျှမယူနိုင်ခြင်းအကျိုး။

**စုပေါင်းဆင်နွဲ ကထိန်ပွဲ**

ဗုဒ္ဓဘာသာမြန်မာလူမျိုးများသည် ဝါလကင်းလွတ်သီတင်းကျွတ်ကာလသို့ ရောက်ပြီဆိုလျှင် "ဘုရားမှာ စိန်၊ ကျောင်းမှာ သိမ်၊ သင်္ကန်းမှာ ကထိန်၊ ဆွမ်းမှာ ပိဏ္ဍ" ဆိုသည့်အတိုင်း ဘုရားတည်ထားရာတွင် ရတနာစိန်ဖူးတော်လှူဒါန်းရခြင်းသည် အမြတ်ဆုံးဖြစ်ကြောင်း၊ ကျောင်းဆောက်လှူဒါန်းရာတွင် သိမ်ကျောင်းဆောက်လုပ်လှူဒါန်းခြင်းသည်အမြတ်ဆုံးဖြစ်ကြောင်း၊ သင်္ကန်းများလှူဒါန်းရာတွင် ကထိန်သင်္ကန်းသည် အမြတ်ဆုံးဖြစ်ကြောင်း၊ ဆွမ်းလှူဒါန်းရာတွင်နေ့စဉ်လှူဒါန်းရသည့် ပိဏ္ဍပါတ်ဆွမ်းသည် အမြတ်ဆုံးဖြစ်ကြောင်း ယုံကြည်ကြသဖြင့် မြန်မာနိုင်ငံတစ်ဝန်းရှိ မြို့ရွာများတွင် သီတင်းကျွတ်လပြည့်ကျော်၁ ရက်နေ့မှစ၍ တန်ဆောင်မုန်းလပြည့်နေ့အထိ ပုရိမဝါဆိုပြီးမြောက်တော်မူကြသည့် သံဃာတော်များအားလှူဒါန်းရန် ကထိန်သင်္ကန်းများအပြင် ကျောင်းအသုံးအဆောင်ပစ္စည်းများ၊ နဝကမ္မဝတ္ထုငွေများပါဝင်ပြီး မြိုင်မြိုင်ဆိုင်ဆိုင် ချိတ်ဆွဲထားသော ပဒေသာပင်အမျိုးမျိုးကို ကထိန်ခင်းမည့်ကျောင်းတိုက်များသို့ မြန်မာ့ရိုးရာယဉ်ကျေးမှုအကများဖြင့် ပျော်ရွှင်ကြည်နူးစွာ ပို့ဆောင်ကြလျက် ဒါန၊ သီလ ဘာဝနာကုသိုလ်ကောင်းမှုများ စုပေါင်းပြုလုပ်ကြပေသည်။

ဗုဒ္ဓဘာသာမြန်မာလူမျိုးများက အခြားသော နေ့ထူးနေ့မြတ်များနှင့်မတူဘဲ သီတင်းကျွတ်လပြည့်ကျော် ၁ ရက်နေ့မှ တန်ဆောင်မုန်းလပြည့်နေ့အထိ ကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းပွဲ ဆင်ယင်ကျင်းပသည့် အခါသမယတွင် မြတ်စွာဘုရားရှင်အား မသိုးသင်္ကန်းကပ်လှူပူဇော်ခြင်း၊ ဆီမီးထွန်းညှိပူဇော်ခြင်း၊ မီးရှူးမီးပန်းများဖြင့်ပူဇော်ခြင်း၊ မီးပုံးပျံများလွှတ်တင်ပူဇော်ခြင်း၊ သာမညဖလအခါတော်နေ့ကျင်းပခြင်း၊ မည်သည့်ပုဂ္ဂိုလ်မျှ ရည်ရွယ်မှုမပြုဘဲ ပုံသကူပစ်လှူဒါန်းခြင်း၊ မြန်မာ့ရိုးရာအစားအစာများဖြင့် စတုဒိသာကျွေးမွေးလှူဒါန်းခြင်း စသည့်ကုသိုလ်ကောင်းမှုအမျိုးမျိုးကို စည်းလုံးညီညွတ်ပျော်ရွှင်စွာဖြင့် စုပေါင်းကုသိုလ်ပြုကြခြင်းဖြစ်၍ **"ကုသိုလ်ထပ်ထပ် ကထိန်မြတ်"**ဟု ခေါ်ဆိုရမည်ဖြစ်ပေသည်။ ။

# ကျန်းမာရေးအတွက် ပန်းသီးရှလကာရည်နှင့်ပျားရည်အစွမ်း

ပေါက်ပေါက်

ပန်းသီးရှလကာရည်လို့ခေါ်တဲ့ Apple Cider Vinegar (ACV) က ကျန်းမာရေးအတွက် ဆေးစွမ်းထက်မြက်သလို သဘာဝပျားရည်ကလည်း လွန်စွာဆေးဖက်ဝင်ပါတယ်။ အဲဒီပစ္စည်းတစ်မျိုးချင်းစီမှာပင်ကိုသဘာဝဆေးစွမ်းသတ္တိတွေပါရှိနေပြီး အဲဒီနှစ်မျိုးကိုပေါင်းစပ်လိုက်တဲ့အခါ ကျန်းမာရေးအတွက် အံ့မခန်းအစွမ်းထက်တာကို တွေ့ရမှာဖြစ်ပါတယ်။



**ပန်းသီးရှလကာရည်**

ပန်းသီးရှလကာရည်ဆိုတာ ပန်းသီးကိုကြိတ်ခြေ၊ ပေါင်းခံပြီး အချဉ်ဖောက်ထားတာကြောင့် အက်စီတစ်အက်စစ် (Acetic acid) မြင့်မားစွာပါရှိနေပါတယ်။ အဲဒီအက်စစ်ကို ဓာတ်ခွဲစမ်းသပ်ကြည့်တဲ့အခါ လူကိုဘေးဖြစ်စေတဲ့ ဗက်တီးရီးယားပိုးတွေကိုသေစေနိုင်ခြင်း၊ အရေပြားကူးစက်ရောဂါအမျိုးမျိုးတို့မှ ကာကွယ်ပေးနိုင်ခြင်းကို တွေ့ရပါတယ်။ လက်သည်းမှိုစွဲခြင်းနဲ့ ကြွက်နို့အတွက်လည်း အသုံးပြုနိုင်ပါတယ်။ ဒါ့ပြင် အက်စီတစ်အက်စစ်က Antiseptic (ခေါ်) ပိုးသတ်ဆေးတစ်မျိုးဖြစ်လို့ ကိုယ်တွင်းကိုယ်ပနာတာရှည်ရောဂါကူးစက်မှုဝေဒနာတွေကို ကောင်းစွာကုသပေးနိုင်ပါတယ်။ ပန်းသီးရှလကာရည်က သွေးတွင်းသကြားဓာတ်ကိုထိန်းညှိပေးခြင်း၊ အင်ဆူလင်ရဲ့လုပ်ဆောင်ချက်ကိုကောင်းမွန်စေပြီး အစာစားပြီးနောက် သွေးတွင်းသကြားဓာတ်ကို လျော့ကျစေနိုင်တာကြောင့် ဆီးချိုရောဂါရှိသူတွေနဲ့ ဆီးချိုရောဂါဖြစ်နိုင်ခြေရှိသူတွေအတွက် ကောင်းကျိုးပြုပါတယ်။ ဗိုက်ပြည့်အင့်တဲ့ခံစားချက်ကိုဖြစ်စေပြီး အစာစားချင်စိတ်ကိုလျော့ကျစေတဲ့အတွက် ကယ်လိုရီစားသုံးမှုကိုနည်းစေပြီး ကိုယ်အလေးချိန်လျှော့ချရာမှာ အထောက်အကူပြုနိုင်ပါတယ်။ အစာခြေစနစ်ကိုကောင်းမွန်စေတဲ့အတွက် အစာချေဖျက်ရာမှာ အထောက်အကူပြုပြီး အူလမ်းကြောင်းကျန်းမာရေးအတွက် ကောင်းမွန်စေပါတယ်။ ခန္ဓာကိုယ်တွင်း အဆိပ်အတောက်တွေကို ဖယ်ရှားရာမှာလည်း အထောက်အကူပြုနိုင်ပါတယ်။ သွေးတွင်းမကောင်းတဲ့ကိုလက်စထရောကိုလျှော့ချပေးနိုင်ပြီး နှလုံးသွေးကြောရောဂါဖြစ်ပွားခြင်းကို ကာကွယ်ပေးနိုင်ပါတယ်။

**သဘာဝပျားရည်**

ပျားရည်က သဘာဝကပေးတဲ့ဆေးစွမ်းကောင်းတစ်လက်ဖြစ်ပြီး နှစ်ပေါင်းများစွာကတည်းက ကျန်းမာရေးအတွက် အသုံးပြုခဲ့ကြပါတယ်။ ပျားရည်မှာ သကြားဓာတ်၊ အမိုင်နိုအက်စစ်၊ ဗီတာမင်၊ သတ္တုဓာတ်၊ သံဓာတ်၊ ဇင့်နဲ့ ဓာတ်တိုးဆန့်ကျင်ပစ္စည်းတွေ အများအပြားပါဝင်ပါတယ်။ ဒါ့ပြင် ပျားရည်ထဲမှာ ဖီနိုလစ်ဓာတ်ပေါင်းစုပါရှိနေပြီး အဲဒီဓာတ်ပေါင်းစုက ခန္ဓာကိုယ်အတွက် ကောင်းကျိုးပြုတဲ့ ဓာတ်တိုးဆန့်ကျင်ပစ္စည်းအဖြစ် စွမ်းဆောင်ပေးနိုင်ပါတယ်။ ဒါကြောင့် ပျားရည်က ကျန်းမာရေးကို ကောင်းမွန်စေပြီး ရောဂါဝေဒနာတွေနဲ့ ကိုယ်တွင်းကိုယ်ပရောင်ရမ်းနာတို့ကို ကာကွယ်ပေးပါတယ်။ ပျားရည်က ချောင်းဆိုးခြင်း၊ လည်ချောင်းယားခြင်း၊ လည်ချောင်းနာခြင်းတို့ကိုသက်သာစေနိုင်ပြီး ညဘက်အိပ်ပျော်စေဖို့ ကူညီပေးနိုင်ပါတယ်။ ပျားရည်မှာ ပိုးသေ၊ မှိုသေစေနိုင်တဲ့အစွမ်းတွေ ပါရှိပါတယ်။ ဒါ့ပြင် ဒဏ်ရာတွေ၊ အပူလောင်တာတွေနဲ့ အနာတွေကို မြန်မြန်ကျက်စေဖို့အတွက် လိမ်းပေးနိုင်ပါတယ်။ ပျားရည်မှာပါဝင်တဲ့ Flavonoids လို ဓာတ်တိုးဆန့်ကျင်ပစ္စည်းတွေက ဆဲလ်တွေကိုပျက်စီးစေတဲ့ ဖရီးရယ်ဒီကယ်တွေကိုတိုက်ထုတ်ပေးနိုင်ပါတယ်။ ဒါကြောင့် ကင်ဆာနဲ့နှလုံးရောဂါလိုရောဂါတွေကိုကာကွယ်ရာမှာ အရေးပါပါတယ်။ ပျားရည်က အစာခြေစနစ်ကိုကောင်းမွန်စေတဲ့အပြင် အစာအိမ်နဲ့ အူလမ်းကြောင်းဆိုင်ရာရောဂါတွေ (ဥပမာ-ဝမ်းလျှောခြင်း)ကို ကုသရာမှာလည်း အထောက်အကူပြုနိုင်ပါတယ်။ ပျားရည်က သွေးတွင်းက မကောင်းတဲ့ကိုလက်စထရောနဲ့ Triglycerides ကိုလျှော့ချပေးနိုင်ပြီး ကောင်းတဲ့ကိုလက်စထရောကို တိုးစေနိုင်တဲ့အတွက် နှလုံးကျန်းမာရေးကိုအထောက်အကူပြုပါတယ်။ အရက်နာကျတဲ့အခါ ပျားရည်ကို ရေနဲ့ရောစပ်ပြီး သောက်သုံးပေးခြင်းက အစာအိမ်ကိုသက်သာစေပြီး ပျားရည်မှာပါတဲ့ဖရက်တို့စ်ဓာတ်တွေက ခန္ဓာကိုယ်ရဲ့ဇီဝကမ္မဖြစ်စဉ်ကို အထောက်အကူပြုပါတယ်။ ပျားရည်က ကောင်းကျိုးများစွာရှိပေမယ့် သဘာဝသကြားဓာတ်ဖြစ်လို့ အလွန်အကျွံစားသုံးခြင်းကိုရှောင်ကြဉ်သင့်ပါတယ်။ အထူးသဖြင့် အသက်တစ်နှစ်အောက်ကလေးငယ်တွေကို မတိုက်သင့်ပါဘူး။

**ပန်းသီးရှလကာရည်နှင့်ပျားရည်**

ဆေးသုတေသီတွေရဲ့ လေ့လာမှုမှတ်တမ်းတွေအရ ပန်းသီးရှလကာရည်က နာတာရှည်အဆစ်အမျက်ရောင်ရမ်းနာကျင်ခြင်းကို ထိန်းချုပ်ပေးနိုင်ကြောင်း လေ့လာတွေ့ရှိခဲ့ပါတယ်။ ထို့အတူ ပျားရည်က အဆစ်ရောင်ရောဂါတွေကို ကောင်းစွာကုသပေးနိုင်ကြောင်း သိရပါတယ်။

အိန္ဒိယဆေးသုတေသီတွေရဲ့ လေ့လာမှုအရ ပန်းသီးရှလကာရည်နှင့် ပျားရည်တို့ကိုရောစပ်၍ဖျော်သောက်ခြင်းက အစာအိမ်ထဲမှာရှိတဲ့အက်စစ်ထွက်ရှိမှုကို မျှတစေကြောင်း၊ ဒါကြောင့် အစာစားပြီးနောက် လေချဉ်တက်လေ့ရှိသူတွေနဲ့ ရင်ပူ၊ နှလုံးပူတတ်သူတွေအနေနဲ့ ပန်းသီးရှလကာရည်နဲ့ပျားရည်ကိုရောစပ်ပြီး သောက်သင့်ကြောင်း အကြံပြုထားပါတယ်။

ပန်းသီးရှလကာရည်မှာပါတဲ့ အက်စီတစ်အက်စစ်က အစာထဲမှာရှိတဲ့ ပရိုတင်းဓာတ်ကို ဖြိုခွဲပေးပါတယ်။ ဒါ့ပြင် အစာအိမ်ထဲမှာရှိတဲ့ အစားအစာတွေကို ကောင်းစွာကြေညက်စေဖို့ အင်ဇိုင်းဓာတ်တစ်မျိုးကို ထောက်ပံ့ပေးပါတယ်။ ပျားရည်က လေထိုး၊ လေပွ၊ ဗိုက်နာခြင်းတွေကို ပြေပျောက်စေပါတယ်။

အမေရိကန်ပြည်ထောင်စုရှိ တက္ကသိုလ်တစ်ခုမှ လေ့လာမှုအရ ပန်းသီးရှလကာရည် ၃၀ မီလီလီတာကို ရေသန့် ၅၀၀ မီလီလီတာနဲ့ သောက်ခြင်းက ခန္ဓာကိုယ်ထဲရှိအဆီခဲတွေကို ဖြိုခွင်းပေးပြီး အဝလွန်ခြင်းကိုလျှော့ချပေးနိုင်ကြောင်း၊ ပန်းသီးရှလကာရည်ကို ပျားရည်နဲ့သောက်ခြင်းက သွေးထဲရှိသကြားဓာတ်ပမာဏကိုထိန်းညှိပေးခြင်း၊ သွေးကြောထဲရှိ အဆီအနည်ကျမှုကိုကာကွယ်ပေးခြင်း၊ ခန္ဓာကိုယ်ထဲရှိ အဆိပ်အတောက်များကို ဖယ်ရှားပေးခြင်း၊ ကိုယ်အလေးချိန်ကျခြင်း စသည်ဖြင့် ကောင်းကျိုးပြုနိုင်ကြောင်း သိရပါတယ်။

အက်စီတစ်အက်စစ်က အသည်းအဆီဖုံးခြင်းကို ကာကွယ်ပေးပြီး သည်းခြေရည်ကိုကောင်းစွာထွက်ရှိစေတာကြောင့် ကိုလက်စထရောကျဆင်းစေကြောင်း၊ ပျားရည်ကို မှန်မှန်စားပေးခြင်းက မကောင်းတဲ့ကိုလက်စထရောကိုလျှော့ချပေးပြီး ကောင်းတဲ့ကိုလက်စထရောကို တိုးမြှင့်ပေးနိုင်ကြောင်း၊ ယင်းနှစ်မျိုးဖျော်ရည်က ကိုလက်စထရောပမာဏကို လျှော့ချပေးပြီး သွေးသန့်စေကြောင်း အကြံပြုထားပါတယ်။

ပျားရည်ထဲရှိ စွမ်းအားပြည့် ဓာတ်တိုးဆန့်ကျင်ပစ္စည်းတွေက နှလုံးသွေးကြောပြဿနာနဲ့ နှလုံးရောဂါအမျိုးမျိုးကိုကာကွယ်ပေးပြီး လေဖြတ်ခြင်းကို ဟန့်တားပေးနိုင်ပါတယ်။ ပန်းသီးရှလကာရည်က ကိုလက်ထစရောကျပြီး သွေးဖိအားကိုလျှော့ချပေးနိုင်ပါတယ်။ ဒါကြောင့် ပန်းသီးရှလကာရည်နဲ့ပျားရည်နှစ်မျိုးပေါင်းက နှလုံးကိုကျန်းမာစေပါတယ်။

ပျားရည်နှင့် ပန်းသီးရှလကာရည်တို့ဓာတ်ပြုမှုက သွေးဖိအားတက်ခြင်းကို လျှော့ချပေးနိုင်တာကြောင့် သွေးတိုးရောဂါဝေဒနာရှင်တွေကို ကောင်းကျိုးပြုပါတယ်။

အမေရိကန်နိုင်ငံလုံးဆိုင်ရာ ဆီးချိုရောဂါအဖွဲ့အစည်းတစ်ခုမှထုတ်ပြန်ချက်အရ အမျိုးအစား -၂ ဆီးချိုရောဂါအတွက် သောက်သုံးရတဲ့ ဆီးချိုကျဆေးတွေရဲ့ အင်ဆူလင်ပြဿနာကို ပန်းသီးရှလကာရည်က ကောင်းကျိုးပြုပေးနိုင်ကြောင်း၊ အထူးသဖြင့် ရောဂါဖြစ်သူများအနေဖြင့် ညအိပ်ခါနီး ပန်းသီးရှလကာရည်သောက်ပေးခြင်းက ဆီး၊ သွေးထဲရှိ ဂလူးကို့စ်ပမာဏကို မှန်မှန်ကန်ကန်ဖော်ပြပေးနိုင်ကြောင်း၊ ပျားရည်က သွေးရည်ကြည်ကိုကောင်းကျိုးပြုပြီး ဆီးချိုသွေးချိုရောဂါသည်တွေရဲ့ သွေးထဲရှိ Fatty Acid ကိုကောင်းကျိုးပြုစေကြောင်း၊ ဒါကြောင့် ပန်းသီးရှလကာရည်နဲ့ ပျားရည်နှစ်မျိုးဖျော်ရည်ကို သောက်သုံးပေးခြင်းဖြင့် သွေးထဲရှိသကြားဓာတ်ပမာဏကို လျှော့ချပေးနိုင်ကြောင်း သိရပါတယ်။

နံနက်ပိုင်း သို့မဟုတ် လေ့ကျင့်ခန်းလုပ်ပြီးနောက် ပန်းသီးရှလကာရည်လက်ဖက်ရည်ဇွန်းတစ်ဇွန်း သို့မဟုတ် နှစ်ဇွန်းခန့်ကို ပျားရည်လက်ဖက်ရည်ဇွန်းတစ်ဇွန်းနဲ့ ဖျော်စပ်သောက်ပေးခြင်းဖြင့် ကိုယ်ခံစွမ်းအားတိုးတက်မြင့်မားစေပါတယ်။ အသည်းကိုလည်း သန့်စင်စေပါတယ်။

ချောင်းဆိုးနေသူများ ပျားရည်အသင့်အတင့်သောက်ခြင်းကြောင့် ဘေးထွက်ဆိုးကျိုးလုံးဝမဖြစ်စေပါဘူး။ ပန်းသီးရှလကာရည်က ချောင်းဆိုးပြီးလည်ချောင်းနာခြင်းအတွက် အသုံးဝင်ပါတယ်။ ပန်းသီးရှလကာရည်နဲ့ ပျားရည်နှစ်မျိုးက ရာသီဖျား၊ ကူးစက်ရောဂါ၊ အအေးမိနှာစေးချောင်းဆိုးခြင်းနဲ့ လည်ချောင်းနာခြင်းတို့အတွက် ကောင်းကျိုးပြုပါတယ်။

ပန်းသီးရှလကာရည်နဲ့ သဘာဝပျားရည်တို့ရဲ့ပေါင်းစပ်ဓာတ်ပြုမှုက အရေပြားကိုကျန်းမာစေတာကြောင့် ဝဲနှင်းခူရောဂါနဲ့ အရေပြားအနီကွက်ဖြစ်ပြီးယားယံခြင်းတို့အတွက် အသုံးဝင်ပါတယ်။ ဒါ့ပြင် အရေပြားပေါ်ရှိ ဆဲလ်အသေတွေကိုဖယ်ရှားပေးပြီး ကျန်းမာသန့်စင်တဲ့အရေပြားအသစ်ကို ဖြစ်တည်ပေးနိုင်ပါတယ်။

## ပခုက္ကူမြို့၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြော



ပခုက္ကူ အောက်တိုဘာ ၃၀

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၌ အောက်တိုဘာလ ၂၉ ရက်က မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲကျင်းပသည်။

ဟောပြောပွဲတွင် ပခုက္ကူမြို့ အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်တင်တင်ဝင်းက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးဇော်မျိုးအောင်က မီးလောင်မှုဖြစ်ပွားရသည့် အကြောင်းရင်းများနှင့် အရေးပေါ်မီးငြိမ်းသတ်နည်းများကို အသိပညာပေးဟောပြောသည်။

အဆိုပါဟောပြောပွဲသို့ အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများတက်ရောက်ကြပြီး မီးဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ အရေးပေါ်မီးငြိမ်းသတ်နည်း လက်တွေ့သရုပ်ပြခြင်းများ ဆောင်ရွက်ကြကြောင်း သိရသည်။ **ဘာမီသာ(ပခုက္ကူ)**

# မိတ္ထီလာခရိုင် ကျောင်းစာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ကျင်းပ

**မိတ္ထီလာ အောက်တိုဘာ ၃၀**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် ကျောင်းစာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ကို အောက်တိုဘာလ ၂၉ ရက် နံနက်ပိုင်းတွင် မိတ္ထီလာမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။



ရှေးဦးစွာ ကျောင်းစာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့်စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် မုခ်ဦးအား မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးအောင်ကျော်မိုး၊ တိုင်းဒေသကြီးပညာရေးမှူးရုံးမှ ညွှန်ကြားရေးမှူး(စီမံ) ဦးအောင်ဆွေဦး၊ တိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်ဝေဝေဖြိုးနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းစာကြည့်တိုက်အတွက် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့က လှူဒါန်းသောငွေကျပ် ၁၀ သိန်းကို ကျောင်းအုပ်ဆရာမကြီး ဒေါ်ချိုချိုပြုံးထံသို့လည်းကောင်း၊ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်တွင် ပါဝင်ဖျော်ဖြေသည့်ဖျော်ဖြေရေးအဖွဲ့များထံသို့ ဂုဏ်ပြုဆုငွေကျပ် ၅ သိန်းကိုလည်းကောင်း တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီးကပေးအပ်သည်။

ယင်းနောက်အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း စာကြည့်တိုက်အတွက် စာအုပ်စာစောင်များကို ကျောင်းအုပ်ဆရာမကြီး ဒေါ်ချိုချိုပြုံးအား တိုင်းဒေသကြီးပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်ဝေဝေဖြိုးက ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် လူမှုရေးရာဝန်ကြီးနှင့် တာဝန်ရှိသူများသည် ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်တွင် ထည့်သွင်းကျင်းပသည့် ပြိုင်ပွဲများ၊ ပြခန်းများ၊ သုတ၊ ရသစာအုပ်စာစောင်များ ခင်းကျင်းပြသထားမှုနှင့် ပျော်ပွဲရွှင်ပွဲများတွင် ကျောင်းသား၊ ကျောင်းသူများ စည်ကားသိုက်မြိုက်စွာ ပါဝင်ဆင်နွှဲနေမှုကို လှည့်လည်ကြည့်ရှုအားပေးကြောင်း သိရသည်။ (၆၀၂)

# လူနေအိမ်ပြိုကျပျက်စီးခဲ့သည့် မိသားစုဝင်များအား ပံ့ပိုးငွေနှင့် ကယ်ဆယ်ရေးပစ္စည်း ၁၆ မျိုးပါတစ်ပုံးတို့ကိုပေးအပ်

**မြိတ် အောက်တိုဘာ ၃၀**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ ကန်ဖျားနယ်မြေ ခရူတောရပ်တွင် သဘာဝဘေးကြောင့် လူနေအိမ်တစ်လုံးပြိုကျပျက်စီးခဲ့သည့်မိသားစုဝင် သုံးဦးတို့အား ပံ့ပိုးငွေနှင့် ကယ်ဆယ်ရေးပစ္စည်း ၁၆ မျိုးပါတစ်ပုံးတို့ကို တာဝန်ရှိသူများက အောက်တိုဘာလ ၂၉ ရက် နံနက်ပိုင်းတွင် အိမ်တိုင်ရာရောက် သွားရောက်ပေးအပ်သည်။

ထိုသို့အိမ်တိုင်ရာရောက်သွားရောက်ပေးအပ်ရာတွင် မြိတ်ခရိုင်ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မြစောနွယ်နှင့်ဝန်ထမ်းများ၊ မြိတ်ခရိုင်ကြက်ခြေနီတပ်ဖွဲ့မှူး ဦးထက်မြတ်စိုးနှင့်တပ်ဖွဲ့ဝင်များ၊ ကန်ဖျားနယ်မြေအုပ်ချုပ်ရေးမှူးနှင့်အဖွဲ့ဝင်များက လူနေအိမ်ပြိုကျပျက်စီးခဲ့သည့် မိသားစုဝင်သုံးဦးတို့အား အိမ်ဆောက်ပစ္စည်းတန်ဖိုးငွေကျပ် တစ်သိန်း၊ ဆန်ရိက္ခာဖိုးငွေကျပ် ၁၅၀၀၀၊ ကယ်ဆယ်ရေးပစ္စည်း ၁၆ မျိုးပါတစ်ပုံးနှင့် တစ်ကိုယ်ရေအသုံးအဆောင်ပစ္စည်းတို့ကို လက်ဝယ်အရောက်ပေးအပ်ကြောင်းသိရသည်။ (၄၁၂)

# ပဲခူးမြို့နယ် ကတွင်းခြံကျေးရွာ၌ အောင်နိုင်တိုးမိုးစပါးစံကွက်ရိတ်သိမ်း




**ပဲခူး အောက်တိုဘာ ၃၀**

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် ကတွင်းခြံကျေးရွာရှိတောင်သူဦးညီညီအောင်၏အောင်နိုင်တိုးမိုးစပါးစံကွက်အား အောက်တိုဘာလ ၂၉ ရက် နံနက်ပိုင်းတွင် စံကွက်ရိတ်သိမ်းခြင်းအခမ်းအနားကျင်းပသည်။

အခမ်းအနားသို့ ပဲခူးခရိုင်စိုက်ပျိုးရေးညှိနှိုင်းမှုအဖွဲ့ဥက္ကဋ္ဌ ပဲခူးခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်စိုးမိုးနှင့် ခရိုင်အဖွဲ့ဝင်များ၊ ပဲခူးမြို့နယ်စိုက်ပျိုးရေးညှိနှိုင်းမှုအဖွဲ့ဥက္ကဋ္ဌ၊ ပဲခူးမြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းအောင်ကျော်နှင့်မြို့နယ်အဖွဲ့ဝင်များ၊ ဒေသခံတောင်သူများ တက်ရောက်ကြသည်။

အဆိုပါ အောင်နိုင်တိုးမိုးစပါးစံကွက်အားရိတ်သိမ်းရာတွင် တစ်ဧကအထွက်နှုန်းအနေဖြင့် စပါးအစို ၁၂၇ ဒသမ ၅၀ တင်း၊ စပါးအခြောက် ၁၁၄ ဒသမ ၇၅ တင်းနှုန်းထွက်ရှိကြောင်း သိရသည်။ ဥဿာတိုင်းသား

## တန်ဆောင်လမြတ်

❖ **လတန်ဆောင်မည်၊** ဣသည်ခါကူး
ရာသီထူးမှာ၊ ဖြိုးစ္ဆာခေါ်ရင်း
ကျီးမင်းတာရာ၊ လွန်သာယာလျက်
ခက်ဖြာယှက်သန်း၊ ကြာပန်းဝေဆာ
ကြတ္တိကာလည်း၊ ဆင်ယင်နွဲရာ
ဝိသာခါမြတ်၊ နက္ခတ်စန်းယှဉ်
လန်းရွှင်ကြည်နူး၊ ဝလာဦးထက်
ကွန့်မြူးဆက်တည်
**ဆန်းသည် လျှမ်းညီ ရှိတော့သည်။**

❖ **ညအမှောင်လည်း၊** ကြယ်ရွှေညီလာ
သော်တာငွေလ၊ ရောင်ခဆက်မြူး
ကြယ်သို့ကူးမျှ၊ သာစွာ့ကောင်းလေ
ကမ္ဘာမြေထက်၊ နွယ်မြက်သစ်ပင်
ဆေးဖက်ဝင်၏၊ ကြိုင်သည့်ခဝဲ
ဝါရွှေကဲညီ၊ မဲဇလီဖူး
လှိုင်လှိုင်ခူးကြ၊ မြူးလှမြိုင်မြိုင်
တကြိုင်ကြိုင်ရှင့်၊ လွန်ထူးတင့်သည်
**ပန်းဆင့် လန်းလင့် သီရော့မည်။**

❖ **မြအရောင်တည်၊** သည်ရွှေပြည်မှာ
သာသနာရောင်၊ တပြောင်ပြောင်ဝင်း
ကထိန်ခင်းလျက်၊ လျှမ်းထက်ဝေဆာ
စဉ်လာထုံးရိုး၊ ဘယ်မညှိုးရ
မျိုးမျှစုံလင်၊ ဂုဏ်အင်သဒ္ဓါ
မြတ်နိုးပါကြ၊ အနန္တဂုဏ်
ရိပ်ခိုလှုံ၍၊ လုံးစုံမြွေချမ်း
ရောင်ဝါလျှမ်းတင့်၊
ဂုဏ်ဆန်းဆင့်သည်။
**တင့်လျက် မြင့်လျက် ရှိတော့သည်။** ။

ကြည်သာရည်

### MWD Variety Channel
၃၁-၁၀-၂၀၂၅(သောကြာနေ့)

၁။ ၀၉:၄၅ ကလောင်ရှင်များနှင့်တွေ့ဆုံခြင်း
၂။ ၁၀:၄၀ Countries of the World
၃။ ၁၁:၄၅ သောတဆင်စရာ တေးမြန်မာ
၄။ ၁၄:၅၀ ကျန်းမာသောဘဝ
၅။ ၁၆:၂၀ လူငယ်ရေး့ရေး အတွေးကမ္ဘာ

### MWD Education, Knowledge & Sports Channel
၃၁-၁၀-၂၀၂၅(သောကြာနေ့)

၁။ ၀၇:၀၀ - ၀၈:၄၅ Grade – 9 မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ(၁)
၂။ ၁၅:၃၀ - ၁၅:၅၅ Grade – 9 သင်္ချာ(၂)၊ ပထဝီဝင်
၃။ ၁၅:၅၅ - ၁၇:၃၀ Grade – 9 ပထဝီဝင်၊ သမိုင်း၊ သိပ္ပံ

### မြဝတီရုပ်မြင်သံကြားအစီအစဉ်
၃၁-၁၀-၂၀၂၅(သောကြာနေ့)

၁။ ၀၆:၀၀ တရားတော်
၂။ ၀၈:၀၀ မျိုးချစ်တပ်မတော်
၃။ ၀၉:၀၀ ကျန်းမာသုတ
၄။ ၁၀:၀၀ သီချင်းလက်ဆောင်
၅။ ၁၁:၀၀ မြန်မာ့လက်သံ
၆။ ၁၃:၀၀ အမှတ်တရနေ့ရက်များ
၇။ ၁၄:၀၀ ပန်းပေါင်းစုံစွာအနုပညာ
၈။ ၁၉:၀၀ **ရုပ်မြင်သံကြားဇာတ်လမ်း ဘီသိက်ပြိုင်(ဇာတ်သိမ်းပိုင်း) သရုပ်ဆောင်-မိုးဒီ၊ ဇော်ဝင်းနိုင်၊ ငွမ်းပုံကြီး ဒါရိုက်တာ-ဉာဏတင်စိုး**

## ညောင်ရွှေမြို့ရှိ ဟိုတယ်နှင့် တည်းခိုရိပ်သာများမှ လုံခြုံရေးဝန်ထမ်းများ စွမ်းဆောင်ရည်မြှင့်တင်ရေး မြန်မာ့ရိုးရာသိုင်းသင်တန်းဖွင့်လှစ်

**နေပြည်တော် အောက်တိုဘာ ၃၀**

ညောင်ရွှေမြို့ရှိ ဟိုတယ်နှင့် တည်းခိုရိပ်သာများမှ လုံခြုံရေးဝန်ထမ်းများ စွမ်းဆောင်ရည်မြှင့်တင်ရေး မြန်မာ့ရိုးရာသိုင်းသင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ညောင်ရွှေမြို့ ဟူပင်ဟိုတယ်၌ ကျင်းပသည်။

အခမ်းအနားသို့ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး၊ ရှမ်းပြည်နယ်စီးပွားရေးရာဝန်ကြီး၊ ညောင်ရွှေမြို့နယ်ခရီးစဉ်ဒေသစီမံခန့်ခွဲရေးအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်း(ရှမ်းတောင်ဇုန်)၊ ဟိုတယ်နှင့် တည်းခိုရိပ်သာလုပ်ငန်းရှင်များ၊ တာဝန်ရှိသူများတက်ရောက်ကြသည်။


အခမ်းအနားတွင် ဒုတိယဝန်ကြီးက မြန်မာနိုင်ငံ၌ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များစွာရှိသည့်အနက် မြန်မာ့ရိုးရာသိုင်းပညာသည် အလွန်အရေးပါသည့် အမွေအနှစ်တစ်ရပ်ဖြစ်ကြောင်း၊ သင်တန်းမှ သင်ခန်းစာများကို ကြိုးစားလေ့လာကြပြီး လူမှုအသိုက်အဝန်းပတ်ဝန်းကျင်ကို စောင့်ရှောက်နိုင်သော လူတော်လူကောင်းများဖြစ်အောင် ကြိုးစားကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက်ပြည်နယ်စီးပွားရေးရာဝန်ကြီးက ရှမ်းပြည်နယ်အတွင်း ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံချက်ချမှတ်ဆောင်ရွက်နေမှု၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာဆောင်ရွက်ချက်များ၊ ခရီးစဉ်ဒေသ ဖော်ထုတ်ဆောင်ရွက်လျက်ရှိမှုများကို ရှင်းလင်းပြောကြားပြီး သင်တန်းသားများကို သင်ကြားပြသပေးနေမှုအား ကြည့်ရှုအားပေးသည်။

ယင်းနောက် ညောင်ရွှေမြို့ရှိ ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန သတင်းနှင့် ပြန်ကြားရေးကောင်တာ၌ ခရီးစဉ်ဒေသဆိုင်ရာအချက်အလက်များ၊ ခရီးသွားလမ်းညွှန်မြေပုံများ၊ စာအုပ်၊ စာစောင်များ ခင်းကျင်းပြသထားမှုနှင့် ညောင်ရွှေမြို့ရှိ လျှောင်ဒဏ်သင့်ဟိုတယ်အဆောက်အအုံများ ပြန်လည်ပြုပြင်မွမ်းမံနေမှုကို ကြည့်ရှုစစ်ဆေးသည်။

အောက်တိုဘာလ ၂၈ ရက်က ဒုတိယဝန်ကြီးသည် တာဝန်ရှိသူများနှင့်အတူ မိုင်းပန်ဒေသသို့ ပြည်တွင်းပြည်ပခရီးသွားဧည့်သည်များ ပိုမိုလာရောက်လည်ပတ်စေရေးအတွက် မိုင်းပန်မြို့အတွင်း ခရီးစဉ်ဒေသများ၊ ခရီးသွားဆွဲဆောင်ရာနေရာများ ဖော်ထုတ်နိုင်မှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး ဒေသ၏ခရီးသွားလုပ်ငန်းနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသောနိုင်ငံ့ဝန်ထမ်းများအား တွေ့ဆုံအားပေးစကားပြောကြားကာ မေတ္တာလက်ဆောင်များ ပေးအပ်သည်။

ဆက်လက်၍ ဘုရားဖူးခရီးသွားလုပ်ငန်းဖော်ဆောင်နိုင်ရေး မိုင်းပန်မြို့ ဗုဒ္ဓဂယာကုန်းပင်းဘုန်းတော်ကြီးကျောင်းသို့ သွားရောက်ပြီး ဆရာတော်သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်းကြောင်း သိရသည်။ **မြဝတီ**



## အသက် ၁၀၀ ပြည့် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်နှစ်ဦးအား ဂုဏ်ပြုချီးမြှင့်ငွေပေးအပ်





**ရန်ကုန် အောက်တိုဘာ ၃၀**

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ဝင် ဗိုလ်မှူးချစ်လွင်(အငြိမ်းစား)နှင့် လသာမြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဝင်ဒုတိယအရာခံဗိုလ်အောင်မြင့်(အငြိမ်းစား)တို့အား ရန်ကုန်တိုင်းဒေသကြီး(စည်ပင်အတွင်း) စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့ အတွင်းရေးမှူးနှင့် တာဝန်ရှိသူများက ယမန်နေ့က အသက် ၁၀၀ ပြည့် ဂါရဝပြု ဂုဏ်ပြုချီးမြှင့်ငွေများ သွားရောက်ပေးအပ်ကြသည်။

ဦးစွာ တာဝန်ရှိသူများက အသက် ၁၀၀ ပြည့်ဗိုလ်မှူးချစ်လွင်(အငြိမ်းစား)နှင့် ဒုတိယအရာခံဗိုလ်အောင်မြင့်(အငြိမ်းစား)တို့အား ဂါရဝပြုနှုတ်ဆက်စကား ပြောကြားပြီး မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ဗဟိုဌာနချုပ်၊ ရန်ကုန်တိုင်းဒေသကြီး(စည်ပင်အတွင်း) စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့၊ အင်းစိန်မြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့နှင့် လသာမြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့တို့မှ ပေးအပ်ချီးမြှင့်သည့် ဂုဏ်ပြုချီးမြှင့်ငွေများကို ဂါရဝပြုပေးအပ်ခဲ့ကြောင်း သိရသည်။ **မြဝတီ**

## သားအိမ်ခေါင်းကင်ဆာရောဂါ အခမဲ့စစ်ဆေးခြင်းနှင့် ကုသခြင်းဖွင့်ပွဲကျင်းပ



**ရန်ကုန် အောက်တိုဘာ ၃၀**

ကျန်းမာရေးဝန်ကြီးဌာန၏ ဦးဆောင်မှုဖြင့် ရန်ကုန်တိုင်းဒေသကြီး ကုသရေးဦးစီးဌာနနှင့် ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့၊ ingo PEACE.(Japan)တို့ပူးပေါင်း၍ သားအိမ်ခေါင်းကင်ဆာရောဂါ အခမဲ့စစ်ဆေးခြင်းနှင့်ကုသခြင်းဖွင့်ပွဲအခမ်းအနားကို ယနေ့ မွန်းလွဲ ၁ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပ အမျိုးသမီးနှင့်ကလေးဆေးရုံကြီး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်း၊ ရန်ကုန်တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးဌေးအောင်၊ ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာနန္ဒဝင်းနှင့်တာဝန်ရှိသူများ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို)ဥက္ကဋ္ဌ ဦးဝဏ္ဏနှင့် ဒုတိယဥက္ကဋ္ဌများ၊ ဗဟိုအလုပ်အမှုဆောင်များ၊ ရန်ကုန်တိုင်းဒေသကြီး ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် ဒုတိယဥက္ကဋ္ဌများ၊ တိုင်းအလုပ်အမှုဆောင်များ၊ ခရိုင်၊ မြို့နယ်အသီးသီးမှ ဥက္ကဋ္ဌများနှင့် အလုပ်အမှုဆောင်များ၊ တောင်ဥက္ကလာပအမျိုးသမီးနှင့်ကလေးဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာယဉ်ယဉ်ထွန်းနှင့် ဆရာ၊ ဆရာမများ၊ ingo PEACE.(Japan)မှဒေါက်တာပီတာငွန်ဇကျုံးနှင့် တာဝန်ရှိသူများတက်ရောက်ကြသည်။

ဦးစွာ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်းက နှုတ်ခွန်းဆက်စကားနှင့် သားအိမ်ခေါင်းကင်ဆာရောဂါ ကုသမှုနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီးနှင့်ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို)ဥက္ကဋ္ဌတို့က နှုတ်ခွန်းဆက်စကားပြောကြားကြသည်။

ယင်းနောက် တောင်ဥက္ကလာပ အမျိုးသမီးနှင့်ကလေးဆေးရုံကြီးမှဆေးရုံအုပ်ကြီး ဒေါက်တာယဉ်ယဉ်ထွန်းက သားအိမ်ခေါင်းကင်ဆာ စမ်းသပ်စစ်ဆေးခြင်းနှင့် ကုသပေးခြင်းအား ရှင်းလင်းတင်ပြပြီး ingo PEACE.(Japan) မှ ဒေါက်တာပီတာငွန်ဇကျုံးက ကျေးဇူးတင်စကားပြောကြားသည်။

ဆက်လက်၍ အခမ်းအနားသို့ တက်ရောက်လာကြသူများသည် တောင်ဥက္ကလာပအမျိုးသမီးနှင့်ကလေးဆေးရုံကြီး လေးထပ်တိုးချဲ့ဆောင်တွင် သားအိမ်ခေါင်းကင်ဆာစမ်းသပ်စစ်ဆေးခြင်း၊ ကုသခြင်း ဆောင်ရွက်နေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုကြသည်။

ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပအမျိုးသမီးနှင့်ကလေးဆေးရုံကြီးတွင်ယနေ့မှစတင်၍ နိုဝင်ဘာလ ၇ ရက်အထိ အမျိုးသမီးဦးရေ ၅၀၀ ခန့်ကို အပတ်စဉ်ကြာသပတေး၊ သောကြာနေ့များတွင် အခမဲ့စစ်ဆေးကုသပေးသွားမည်ဖြစ်ကြောင်းသိရသည်။ **မြဝတီ**

## ထူးခြားသည့် နေ့အပူချိန်များ

၃၀-၁၀-၂၀၂၅

| | | | |
|---|---|---|---|
| ချောက် | ၃၉ ဒသမ ၀ ဒီဂရီဆဲလ်စီးယက် | စစ်ကိုင်း | ၃၆ ဒသမ ၈ ဒီဂရီဆဲလ်စီးယက် |
| မြင်းခြံ | ၃၈ ဒသမ ၂ ဒီဂရီဆဲလ်စီးယက် | မကွေး | ၃၆ ဒသမ ၇ ဒီဂရီဆဲလ်စီးယက် |
| ပခုက္ကူ | ၃၇ ဒသမ ၀ ဒီဂရီဆဲလ်စီးယက် | မြင်းမူ | ၃၆ ဒသမ ၇ ဒီဂရီဆဲလ်စီးယက် |
| ဆင်ဖြူကျွန်း | ၃၇ ဒသမ ၀ ဒီဂရီဆဲလ်စီးယက် | ဇောင်းတူ | ၃၆ ဒသမ ၆ ဒီဂရီဆဲလ်စီးယက် |

## မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေ

**နေပြည်တော် အောက်တိုဘာ ၃၀**

ဧရာဝတီတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် မိုးတိမ်တောင်များဖြစ်ထွန်းမှုအားကောင်းလျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်း စသည့်မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

(မိုး/ဇလ)

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်း

အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီသည် စွမ်းအင်ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး ညွှန်ကြားရေးမှူးချုပ် ဦးထက်သျှန်ဖြိုးကို အစမ်းခန့်ကာလ (၁)နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

## အသိပေးနှိုးဆော်ချက်

၁။ ရန်ကုန်တိုင်းဒေသကြီးအတွင်း တန်ဆောင်တိုင်ကာလတွင် ဗျောက်အိုး၊ မီးရှူးနှင့် မီးဒုံး(ရှူးဒိုင်း)များကို ထုတ်လုပ်ရောင်းချခြင်း၊ ဖြန့်ဖြူးခြင်း၊ ပစ်ဖောက်ခြင်းများ မရှိစေရေးအတွက် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ သတိပေးနှိုးဆော်ချက်များ နှစ်စဉ်ထုတ်ပြန်လျက်ရှိပါသည်။

၂။ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ခရိုင်/မြို့နယ်များ၌ တန်ဆောင်တိုင်ပွဲတော်ကာလတွင် ဗျောက်အိုး၊ မီးရှူးနှင့် မီးဒုံး(ရှူးဒိုင်း)များကို ပစ်ဖောက်မှုများကြောင့်ပြည်သူများ အထိတ်တလန့်ဖြစ်စေခြင်း၊ မသမာသူများမှ ရပ်ရွာအေးချမ်းသာယာရေးနှင့် လုံခြုံရေးကို ထိခိုက်အောင်ပြုလုပ်လာနိုင်ခြင်းတို့ကြောင့် ဗျောက်အိုး၊ မီးရှူးနှင့် မီးဒုံး(ရှူးဒိုင်း)များကို ရောင်းချခြင်း၊ ဖြန့်ဖြူးခြင်း၊ ပစ်ဖောက်ခြင်းများ မပြုလုပ်ကြရန်နှင့် လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေများအရ ထိရောက်စွာအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

**ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့**

# သီပေါမြို့နယ်အတွင်း၌ အခြေခံပညာကျောင်း သုံးကျောင်းထပ်မံဖွင့်လှစ်၊ ဒေသခံပြည်သူများအား အိမ်ထောင်စုစာရင်း တိုက်ဆိုင်စစ်ဆေးခြင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များ ဆက်လက်ပြုလုပ်ပေး



သီပေါမြို့ရှိ အခြေခံပညာကျောင်းများ၌ ကျောင်းသား၊ ကျောင်းသူများအေးချမ်းစွာ ပညာသင်ကြားနေမှုကိုတွေ့ရစဉ်။



သီပေါမြို့၌ ဒေသခံပြည်သူများအား အိမ်ထောင်စုစာရင်းတိုက်ဆိုင်စစ်ဆေးခြင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များပြုလုပ်ပေးစဉ်။

နေပြည်တော် အောက်တိုဘာ ၂၀

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ သီပေါမြို့နှင့် အနီးတစ်ဝိုက်၌ အစိုးရ၏အုပ်ချုပ်မှုယန္တရားပြန်လည်လည်ပတ်နိုင်ရေး၊ ကလေးသူငယ်များ ပညာသင်ကြားနိုင်ရေးနှင့် ဒေသခံပြည်သူလူထုအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ပြန်လည်ဆောင်ရွက်နိုင်ရေးတို့အပြင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ အင်တိုက်အားတိုက်ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင်အမှတ်(၄)အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)၊ အမှတ်(၆) အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)နှင့် အမှတ်(၃)အခြေခံပညာမူလတန်းကျောင်းတို့ကို ထပ်မံဖွင့်လှစ်နိုင်ခဲ့ကြောင်း သိရှိရသည်။

သီပေါမြို့၌ အောက်တိုဘာလ ၂၂ ရက်မှ ၂၉ ရက်အထိ အခြေခံပညာကျောင်း ၈ ကျောင်းဖွင့်လှစ်နိုင်ခဲ့ပြီး ယနေ့တွင် အခြေခံပညာကျောင်း ၃ ကျောင်း ထပ်မံဖွင့်လှစ်နိုင်ခဲ့သဖြင့် စုစုပေါင်း အခြေခံပညာကျောင်း ၁၁ ကျောင်းဖွင့်လှစ်နိုင်ခဲ့ပြီးဖြစ်ကြောင်း သိရှိရသည်။ ထို့ပြင် ကျောင်းနေအရွယ်ကလေးများအား တန်းစဉ်အလိုက်ကျောင်းအပ်လက်ခံလျက်ရှိရာ ယနေ့တွင် ကျောင်းသား၊ ကျောင်းသူ ၁၈၃ ဦး ထပ်မံလာရောက် ကျောင်းအပ်နှံခဲ့သဖြင့် စုစုပေါင်း ကျောင်းသား၊ ကျောင်းသူ ၂၁၇၁ ဦးအထိရှိပြီဖြစ်ပြီး အဆိုပါ ကျောင်းသား၊ ကျောင်းသူများအား ပညာရေးဝန်ကြီးဌာနမှ အခမဲ့ပေးအပ်သည့် ကျောင်းသုံးစာအုပ်များ၊ စာရေးကိရိယာများနှင့်ထောက်ပံ့ပစ္စည်းများကို တစ်ပါတည်း ပေးအပ်ကြသည်။ ထို့ပြင် တပ်မတော်သားများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံပြည်သူများ စုပေါင်း၍ သီပေါမြို့ရှိ အခြေခံပညာမူလတန်းကျောင်း(စံဖိတ်)၌ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးကြသည်။



သီပေါမြို့ရှိ အခြေခံပညာမူလတန်းကျောင်း(စံဖိတ်)၌ နယ်မြေခံတပ်မတော်သားများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့်ဒေသခံပြည်သူများက သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။



သီပေါမြို့ရှိ ဌာနဆိုင်ရာရုံးများနှင့် အများပြည်သူ သွားလာအသုံးပြုလျက်ရှိသည့် နေရာများ၌ မိုင်းရှင်းလင်းရေးလုပ်ငန်းများဆောင်ရွက်ပေးစဉ်။

၎င်းအပြင် သီပေါမြို့ ပြည်သူ့ဆေးရုံကြီး၌ ဒေသခံတိုင်းရင်းသားပြည်သူများအား လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ပြင်ပလူနာ ၃၂ ဦးနှင့် အတွင်းလူနာ ၂ ဦးတို့အား လိုအပ်သည့်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထို့ပြင် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဦးစီးဌာနမှ တာဝန်ရှိသူများက သီပေါမြို့၊ ကုန်းတော်ပရိယတ္တိစာသင်တိုက်၌ ယာယီရုံးခွဲဖွင့်လှစ်၍ အိမ်ထောင်စုစာရင်း တိုက်ဆိုင်စစ်ဆေးပေးခြင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များ ပြုလုပ်ပေးခြင်းတို့ကို ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်။

၎င်းအပြင် တပ်မတော်မိုင်းရှင်းလင်းရေးအဖွဲ့က သီပေါမြို့ရှိ ဌာနဆိုင်ရာရုံးများနှင့် အများပြည်သူ သွားလာအသုံးပြုလျက်ရှိသည့်နေရာများ၌ မိုင်းရှင်းလင်းရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးလျက်ရှိပြီး တည်ငြိမ်အေးချမ်းသာယာရေး၊ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသခံတိုင်းရင်းသားပြည်သူများ အေးချမ်းစွာလူမှုစီးပွားဘဝ လုပ်ကိုင်စားသောက်နိုင်ရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက နယ်မြေလုံခြုံရေးနှင့် နယ်မြေစိုးမိုးရေးတာဝန်များကို ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (၁၀၀)

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

၂၀-၁၀-၂၀၂၅

| | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| | | | | | ရွှင် | ၀ | ဒသမ | ၁၂ | လက်မ |
| ကော့သောင်း | ၂ | ဒသမ | ၇၆ | လက်မ | ရန်ကုန် | ၀ | ဒသမ | ၀၈ | လက်မ |
| ထားဝယ် | ၀ | ဒသမ | ၃၆ | လက်မ | (ကမ္ဘာအေး) | | | | |
| ဟားခါး | ၀ | ဒသမ | ၂၀ | လက်မ | ဂန့်ဂေါ | ၀ | ဒသမ | ၀၈ | လက်မ |
| ပင်လောင်း | ၀ | ဒသမ | ၁၂ | လက်မ | ပင်းတယ | ၀ | ဒသမ | ၀၅ | လက်မ |

| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၂၄˚c | / | ၃၅˚c |
| ရန်ကုန် | ၂၆˚c | / | ၃၅˚c |
| မန္တလေး | ၂၅˚c | / | ၃၆˚c |

**၂၀-၁၀-၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)**

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား ( ၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ (၅,၉၇၀,၀၀၀)ကျပ်ဖြစ်သည်။**

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

# တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် အောက်တိုဘာ ၃၀

**တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီဥက္ကဋ္ဌ ဦးဟန်ရွှေက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို အောက်တိုဘာလ ၃၀ ရက် ညပိုင်းတွင် ရေဒီယိုနှင့်ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။**

**အဆိုပါဟောပြောတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-**



**ဦးဟန်ရွှေ (ဥက္ကဋ္ဌ၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ)**

**ချစ်ခင်လေးစားအပ်ပါသော မဲဆန္ဒရှင်ပြည်သူအပေါင်းတို့ခင်ဗျား -**

မဲဆန္ဒရှင်ပြည်သူအပေါင်း ကိုယ်စိတ်နှစ်ဖြာ ကျန်းမာရွှင်လန်းကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။

ကျွန်တော်ကတော့ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီရဲ့ ဥက္ကဋ္ဌ ဦးဟန်ရွှေဖြစ်ပါတယ်။ ဒီကနေ့ ကျွန်တော်တို့ပါတီရဲ့ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ်တို့ကို ရေဒီယိုနဲ့ရုပ်မြင်သံကြားတို့မှ ဟောပြောဆွေးနွေးထုတ်လုပ်ခွင့်ရတဲ့အတွက် နိုင်ငံတော်မှ တာဝန်ရှိသူများနဲ့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို အထူးပဲကျေးဇူးတင်ရှိပါတယ်။ ဒ့ါအပြင် နိုင်ငံတော်နဲ့ ပြည်သူရဲ့ကံကြမ္မာကိုဖော်ဆောင်ပေးနိုင်မယ့် မဲဆန္ဒရှင်များကို တိုက်ရိုက်ဟောပြောဆွေးနွေးခွင့်ရတဲ့အတွက် အတိုင်းမသိ ဝမ်းမြောက်ဂုဏ်ယူမိပါကြောင်း ပြောကြားလိုပါတယ်။

**လေးစားအပ်တဲ့ မဲဆန္ဒရှင်ပြည်သူများခင်ဗျား**

ရှေးဦးစွာ ကျွန်တော်တို့ပါတီရဲ့အကြောင်းကို အနည်းငယ်ရှင်းလင်းတင်ပြလိုပါတယ်။ ပါတီတစ်ရပ်ဖွဲ့စည်းတည်ထောင်မယ်ဆိုရင် အခြေခံကျတဲ့ တိကျခိုင်မာတဲ့ နိုင်ငံရေးမူဝါဒ၊ နိုင်ငံရေးလမ်းစဉ်၊ နိုင်ငံရေးကျင့်စဉ်နဲ့ ဖွဲ့စည်းတည်ဆောက်မှုအဆင့်ဆင့်ရှိရန် လိုအပ်ပါတယ်။ ဒီအချက်များနဲ့ပတ်သက်ပြီး ကျွန်တော်တို့ပါတီကို လေ့လာဆန်းစစ်ကြည့်မယ်ဆိုရင် ကျွန်တော်တို့ရဲ့အခြေခံအကျဆုံးမူဝါဒဟာ **"လူအများကောင်းစားရေးဝါဒ"**ဖြစ်ပါတယ်။ နိုင်ငံရေးပါတီတည်ထောင်ပြီး လူတစ်စု၊ လူတစ်ဖွဲ့၊ လူနည်းစုကောင်းစားရေးအတွက်မဟုတ်ဘဲ လူအများစုဖြစ်တဲ့ တောင်သူလယ်သမား၊ အလုပ်သမား၊ အသိပညာရှင်၊ အတတ်ပညာရှင်၊ စီးပွားရေးလုပ်ငန်းရှင်များပါဝင်တဲ့ လူသားအားလုံးကောင်းစားရေးဝါဒဖြစ်ပါတယ်။ ကျွန်တော်တို့ပါတီက **"ပြည်သူသာအမိ၊ ပြည်သူသာအဖ"**လို့သတ်မှတ်ပြီး ပြည်သူကိုအဓိကထား၊ ပြည်သူကိုဗဟိုပြု၊ ပြည်သူကိုလေးလေးနက်နက်မဏ္ဍိုင်ပြုထားတဲ့ ပါတီတစ်ရပ်ဖြစ်ပါတယ်။ ပါတီရဲ့အတွေးအခေါ်အယူအဆတွေ၊ ပါတီရဲ့လက်တွေ့ဆောင်ရွက်ချက်တွေဟာ ပြည်သူ့အကျိုးစီးပွားကို မထိခိုက်စေရ၊ ပြည်သူရဲ့ကောင်းကျိုးသာဖြစ်ရမယ်လို့ခံယူပြီး ဆောင်ရွက်လျက်ရှိပါတယ်။

ပါတီရဲ့လမ်းစဉ်ကိုကြည့်မယ်ဆိုရင် **"ပြည်သူ့အကျိုးပြု မြန်မာ့လမ်းစဉ်"**လို့ ပြဋ္ဌာန်းထားပါတယ်။ နိုင်ငံနဲ့ပြည်သူအတွက် ချမှတ်တဲ့လမ်းစဉ်တွေကိုလည်း ပြည်သူ့အကျိုးစီးပွားနဲ့ မကင်းကွာဘဲ ချမှတ်ကြရမယ်လို့ တိတိကျကျညွှန်ပြထားပါတယ်။

ဒီမူဝါဒ၊ လမ်းစဉ်တွေကို လက်တွေ့အကောင်အထည်ဖော်တဲ့အခါမှာ မဇ္ဈိမပဋိပဒါကျင့်စဉ်နဲ့အညီ အမှားတွေကိုမြင်အောင်ကြည့်၊ တွေ့အောင်ရှာပြီး လွတ်အောင်ရုန်းကြရမယ်ဆိုတဲ့ ဝါဒ၊ လမ်းစဉ်ကျင့်စဉ်တွေနဲ့အညီ ဆောင်ရွက်သွားကြရမှာဖြစ်ပါတယ်။

ကျွန်တော်တို့ပါတီဟာ ပါတီစုံဒီမိုကရေစီစနစ်မှာ ဂုဏ်သိက္ခာရှိပြီး သက်တမ်းအရှည်ဆုံးပါတီတစ်ရပ်ဖြစ်ပါတယ်။ ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ (၂၄)ရက်နေ့မှာ (၃၇)နှစ်ပြည့်မြောက်ခဲ့ပြီးလည်းဖြစ်ပါတယ်။ ဒီလိုရပ်တည်နေနိုင်တာဟာ ပါတီဝင်တွေရဲ့ ပါတီအပေါ် လေးစားယုံကြည်မှု၊ ချစ်ခင်မြတ်နိုးမှုနဲ့ ဖွဲ၊ လုံ့လ၊ ဝီရိယတို့ရှိပြီး စည်းလုံးညီညွတ်မှုကို တည်ဆောက်နိုင်ခဲ့ကြလို့သာဖြစ်ပါတယ်။ သက်တမ်းရှည်ကြာသည်နှင့်အမျှ အတွေ့အကြုံတွေအမျိုးမျိုးနဲ့ ရင်ဆိုင်ခဲ့ရတာကြောင့် သည်းခံနိုင်မှု၊ စိတ်ရှည်မှု၊ ခွင့်လွှတ်နိုင်မှု စတဲ့အလေ့အကျင့်များရရှိကာ တည်ငြိမ်ရင့်ကျက်စွာနဲ့ဆောင်ရွက်နိုင်တဲ့ **စာမျက်နှာ ၁၃ သို့**

# ရခိုင့်ဦးဆောင်ပါတီက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် အောက်တိုဘာ ၃၀

**ရခိုင့်ဦးဆောင်ပါတီ (Arakan Front Party – AFP)ဥက္ကဋ္ဌ ဒေါက်တာအေးမောင်က ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို အောက်တိုဘာလ ၃၀ ရက် ညပိုင်းတွင် ရေဒီယိုနှင့်ရုပ်မြင်သံကြား အစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။**

**အဆိုပါဟောပြောတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-**




**ဒေါက်တာအေးမောင် (ဥက္ကဋ္ဌ၊ ရခိုင့်ဦးဆောင်ပါတီ (Arakan Front Party – AFP))**

**မင်္ဂလာပါ။**

**ပြည်ထောင်စုဖွား၊ မိဘပြည်သူများခင်ဗျာ။**

ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေရန် ဦးစွာ ဆုမွန်ကောင်းများတောင်းအပ်ပါတယ်။ ကျွန်တော်က ရခိုင့်ဦးဆောင်ပါတီ Arakan Front Party (AFP) ရဲ့ ဥက္ကဋ္ဌ ဒေါက်တာအေးမောင်ဖြစ်ပါတယ်။

ပြည်ထောင်စုအဆင့် နိုင်ငံရေးပါတီကြီးတိုင်းဟာ မိမိတို့ပါတီရဲ့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဆိုင်ရာမူဝါဒတွေ၊ ရည်မှန်းချက်တွေ၊ လုပ်ငန်းစဉ်တွေကို အကောင်အထည်ဖော်ပေးနိုင်ရေးအတွက် နိုင်ငံတော်အား စီမံခန့်ခွဲပိုင်ခွင့်ရှိတဲ့ အစိုးရအာဏာရရှိရေး ဦးတည်ကြစမြဲဖြစ်ပါတယ်။

နည်းတူ တိုင်းဒေသကြီး/ပြည်နယ်အခြေစိုက် နိုင်ငံရေးပါတီငယ်များသည်လည်း မိမိတို့ဒေသ၏စီမံခန့်ခွဲပိုင်ခွင့်ရရှိရေး တစ်နည်းဒေသအစိုးရ ပြည်နယ်အစိုးရအား ဦးဆောင်ဖွဲ့စည်းနိုင်ရေးနှင့်ဒေသအစိုးရ၌လည်းကောင်း၊ ဒေသဆိုင်ရာလွှတ်တော်၏ဥက္ကဋ္ဌ၊ ဒု-ဥက္ကဋ္ဌ စသည်ဖြင့် ရရှိနိုင်ရေး ဦးတည်ကြစမြဲဖြစ်ပါတယ်။

သို့သော်လည်း နိုင်ငံတော်၏လက်ရှိကြုံတွေ့ရင်ဆိုင်နေရသည့် နိုင်ငံရေး၊ စစ်ရေး၊ စီးပွားရေးအကျပ်အတည်းနှင့် သဘာဝဘေးဒဏ်၊ လူလုပ်ဘေးဒဏ်တို့ကြောင့် ကြုံတွေ့ရင်ဆိုင်နေရသည့် မြန်မာလူထု၏ လူမှုဒုက္ခပေါင်းစုံမှကျော်လွှားစေနိုင်မည့် နိုင်ငံတော်တည်ဆောက်ရေး (Nation Building & State Building)ကဏ္ဍသည် အလွန်အရေးကြီးပြီး အလွန်နက်ရှိုင်းကျယ်ဝန်းသည်ဟု ရခိုင့်ဦးဆောင်ပါတီမှခံယူပါသဖြင့် နိုင်ငံတော်တည်ဆောက်ရေးကဏ္ဍ၏အရေးအကြီးဆုံး အခြေခံလိုအပ်ချက်ဖြစ်သည့် နိုင်ငံရေးတည်ငြိမ်မှု၊ နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် နိုင်ငံ့ငြိမ်းချမ်းရေးကဏ္ဍ၊ အမျိုးသားပြန်လည်ရင်ကြားစေ့ရေးနှင့် အမျိုးသားညီညွတ်ရေးကဏ္ဍတို့၌ ရခိုင့်ဦးဆောင်ပါတီသည် တစ်ထောင့်တစ်နေရာမှ ပါဝင်ဖြည့်ဆည်းကူညီပေးနိုင်ရေးသည် လက်တွေ့ကျပြီး အရေးကြီးသည့်လိုအပ်ချက်ဖြစ်သည်ဟုလည်းကောင်း၊

ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းရေး၊ စစ်ဘေးရှောင်ဒုက္ခသည်များ နေရပ်ရင်းပြန်နိုင်ရေး၊ ရခိုင်ဒေသ၏ ကျေးလက်နှင့်မြို့ပြ ပြန်လည်တည်ဆောက်ရေးနှင့် ရခိုင်လူထု၏လူမှုစီးပွားဘဝ ပြန်လည်ထူထောင်ရေးတို့သည် အလွန်အရေးကြီးပြီး လက်ငင်းလိုအပ်ချက်များဖြစ်သဖြင့် ရခိုင့်ဦးဆောင်ပါတီသည် ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ရခိုင်ဒေသပြန်လည်တည်ဆောက်ရေးနှင့် ပြန်လည်ထူထောင်ရေးကဏ္ဍတို့တွင် ပူးပေါင်းပါဝင်ကူညီဆောင်ရွက်ပေးရမည်ဟုလည်းကောင်း၊ ရခိုင့်ဦးဆောင်ပါတီ၏လက်တွေ့ကျသည့် ရေတိုရေရှည်မူဝါဒနှင့် လုပ်ငန်းစဉ်များကို ချမှတ်ဖြစ်ခဲ့ပါတယ်။

**မိဘပြည်သူများခင်ဗျာ -**

ရခိုင့်ဦးဆောင်ပါတီရဲ့ **နိုင်ငံရေးမူဝါဒနှင့် အခြေခံသဘောတရားများ**ကိုအကျဉ်းတင်ပြလိုပါတယ်။

"ရခိုင်တို့၌ အလေးအနက်ထားရမည့် အကျပ်အတည်းကြီးရှိသည်။ ယင်းမှာ အနောက်ဘက် နယ်စပ်လုံခြုံရေးဖြစ်သည်။ အလေးအနက်ထားရမည့် ပင်မအကျပ်အတည်းကိစ္စရပ်ကြီး၊ နိုင်ငံ၏အချုပ်အခြာအာဏာအား ထိပါးလာနိုင်သည့်အကျပ်အတည်းကိစ္စရပ်ကြီးဟု ခံယူလျက်"-

ရခိုင်ဒေသ၏တည်ရှိမှု ပထဝီနိုင်ငံရေး၊ စီးပွားရေး၊ စစ်ရေးအင်အားအားသာချက်တို့အားအကြောင်းပြုလျက် ပြည်ပအင်အားကြီးတို့၏ အားပြိုင်လွှမ်းမိုးလိုမှုကြောင့် ရိုက်ခတ်လာနိုင်သည့် ဒေသတွင်း အလှုပ်အခတ်တို့ကို ဦးဆောင်တုံ့ပြန်နိုင်ရန် ပညာရှင်ဆန်သော ရခိုင်လူထု၏ သစ္စာခံသော ဦးဆောင်နိုင်ငံရေးပါတီတစ်ရပ်သည် ရခိုင်ဒေသ၌တည်ရှိရန် လိုအပ်ချက်ကြောင့် သွေးစည်းညီညွတ်သန့်ရှင်းအားကောင်းသော နိုင်ငံရေးစနစ်တစ်ရပ်ပေါ်ထွန်းရေး မျှော်မှန်းလျက် - တည်ထောင်ခဲ့သော ရခိုင့်ဦးဆောင်ပါတီသည် **"အစွန်းမရောက်သည့်အမျိုးသားရေးအခြေပြု မူဝါဒနှင့် အခြေခံသဘောတရား"** ရှိသည့် ပါတီတစ်ခုဖြစ်ပါတယ်။

**စာမျက်နှာ ၁၃ သို့ ➤**

❒ စာမျက်နှာ ၁၂ မှအဆက်

ရလဒ်ကောင်းတွေကိုရရှိခဲ့ပြီးဖြစ်ပါတယ်။ အဲဒီလို တည်ငြိမ်ရင့်ကျက်မှုတွေကြောင့် ပါတီအပေါ်ဝေဖန်မှု၊ အပြစ်ရှာပြောဆိုမှုတွေကို စိတ်ရှည်ရှည်နဲ့ ပြန်လည်ရှင်းလင်းဆွေးနွေးနိုင်ခဲ့ပြီး ပြဿနာများပြေလည်ကာ၊ ရန်သူမရှိဘဲ မိတ်ဆွေတွေတိုးပွားအောင် ဆောင်ရွက်နိုင်ခဲ့ပါတယ်။ ပါတီစုံဒီမိုကရေစီစနစ်မှာ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေအရ တရားဝင်ရပ်တည်လျက်ရှိတဲ့ ပါတီတွေနဲ့ဆက်ဆံရာမှာ ပါတီကြီး၊ ပါတီငယ်ဆိုတဲ့ သဘောထားမျိုးလုံးဝမရှိဘဲ တန်းတူရည်တူသဘောထားပြီး လေးလေးစားစားနဲ့အတူတကွလက်တွဲဆောင်ရွက်လျက်ရှိနေပါတယ်။

**လေးစားအပ်တဲ့ မဲဆန္ဒရှင်ပြည်သူများခင်ဗျား**

ကျွန်တော်တို့ပါတီဟာ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီဆိုတဲ့ ပါတီအမည်နဲ့အညီ ပါတီမှာ တိုင်းရင်းသားလူမျိုးပေါင်းစုံပါဝင်လျက်ရှိနေပါတယ်။ တိုင်းဒေသကြီးများနဲ့ပြည်နယ်တွေမှာ ပါတီကော်မတီတွေကိုဖွဲ့စည်းထားပြီး တိုင်းရင်းသားလူမျိုးများကိုယ်တိုင်ပါဝင်လှုပ်ရှားလျက်ရှိနေကြပါတယ်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှထုတ်ပြန်တဲ့ နည်းဥပဒေညွှန်ကြားချက်များနဲ့အညီ ပါတီအင်အား(၁၅၁၉၀၀) ဦးကို ပုံစံ(၈)ဖြင့် သတ်မှတ်ကာလအတွင်း တင်ပြနိုင်ခဲ့လို့ ရွေးကောက်ပွဲကော်မရှင်က စိစစ်ပြီး ပါတီဝင်(၁၀၃၇၄၅)ဦးကို အတည်ပြုပေးနိုင်ခဲ့ပါတယ်။ ခရိုင်ကော်မတီများနဲ့ မြို့နယ်ပေါင်း(၂၈၅) မြို့နယ်တွေမှာလည်း မြို့နယ်ကော်မတီတွေဖွဲ့စည်းပြီး စည်းရုံးဆောင်ရွက်လျက်ရှိနေပါတယ်။

မိမိပါတီရဲ့နှစ်ပတ်လည်နေ့အပါအဝင် နိုင်ငံတော်ရဲ့နေ့ထူးနေ့မြတ်ဖြစ်တဲ့ လွတ်လပ်ရေးနေ့၊ ပြည်ထောင်စုနေ့၊ အလုပ်သမားနေ့၊ တောင်သူလယ်သမားနေ့၊ အမျိုးသမီးများနေ့၊ နိုင်ငံတကာလူငယ်များနေ့များကိုလည်း ပါတီဗဟိုကော်မတီဌာနချုပ်၊ တိုင်းဒေသကြီး၊ ပြည်နယ်များနဲ့ မြို့နယ်တွေမှာ အခမ်းအနားတွေကို ကျင်းပပြုလုပ်နိုင်ခဲ့ပါတယ်။ ဒီလိုကျင်းပပြုလုပ်ခြင်းဖြင့် အမျိုး၊ ဘာသာ၊ သာသနာနဲ့ တိုင်းပြည်ချစ်စိတ်၊ စည်းလုံးညီညွတ်မှုစိတ်ဓာတ်များခိုင်မာစေရန် တည်ဆောက်ပေးနိုင်ခဲ့ပါတယ်။

**လေးစားအပ်တဲ့ မဲဆန္ဒရှင်ပြည်သူများခင်ဗျား**

ကျွန်တော့်အနေနဲ့ ဆက်ပြီးတင်ပြလိုတာကတော့ **“နိုင်ငံတစ်ဝန်း ငြိမ်းချမ်းရေးနဲ့ တည်ငြိမ်အေးချမ်းရေး”**ပဲဖြစ်ပါတယ်။ ဒီလိုငြိမ်းချမ်းရေးကိုတည်ဆောက်ရာမှာ တိုင်းရင်းသားစည်းလုံးညီညွတ်မှုကိုအခြေပြုပြီး တည်ဆောက်သွားကြရမှာဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံရဲ့ နိုင်ငံရေးဟာ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပဲဖြစ်ပါတယ်။ ဒါကို ကျွန်တော်တို့ညီရင်းအစ်ကို တိုင်းရင်းသားများအားလုံးလက်ခံပြီး လက်တွေ့ကျကျဆွေးနွေးညှိနှိုင်းအဖြေရှာကြဖို့လိုအပ်ပါတယ်။

ကျွန်တော်တို့ပါတီက ဒီမိုကရေစီကိုအပြည့်အဝလက်ခံထားသလို ဖက်ဒရယ်စနစ်ကိုလည်း လေးလေးနက်နက်ယုံကြည်မှုရှိတဲ့ပါတီဖြစ်ပါတယ်။ ဒါ့ကြောင့် ဒီအချက်တွေနဲ့ပတ်သက်ပြီး ကျွန်တော်တို့ပါတီက တိုင်းရင်းသားလူမျိုးများအပေါ်မှာထားရှိတဲ့ သဘောထား(၃)ရပ်ကို အခိုင်အမာပြဋ္ဌာန်းခဲ့ပါတယ်။ အဲဒီသဘောထားတွေကတော့ –

(၁) တိုင်းရင်းသားလူမျိုးများအတွင်း အခွင့်ထူးခံမှုမရှိစေရဘဲ တန်းတူရည်တူရှိစေရေး၊

(၂) တိုင်းရင်းသားမျိုးနွယ်စုတစ်ခုချင်းစီရဲ့မိမိတို့ဘာသာစကား၊ယဉ်ကျေးမှုဓလေ့ထုံးတမ်း စသည်များနှင့်အညီ ရှင်သန်ရပ်တည်နိုင်ရေး၊

(၃) တိုင်းရင်းသားမျိုးနွယ်စုများအားလုံးအနေနဲ့ ဖွံ့ဖြိုးတိုးတက်ရာမှာ ညီညာသောဖွံ့ဖြိုးတိုးတက်မှုရရှိစေရမယ်လို့ အခိုင်အမာပြဋ္ဌာန်းထားပြီး လက်တွေ့ဘဝမှာ မဖြစ်မနေကြိုးပမ်းဆောင်ရွက်သွားမှာဖြစ်ပါတယ်။

**လေးစားအပ်တဲ့ မဲဆန္ဒရှင်ပြည်သူများခင်ဗျား**

ကျွန်တော်တို့ပါတီရဲ့ခံယူချက်ကတော့ ငြိမ်းချမ်းရေးကို လက်နက်နဲ့ဖြေရှင်းလို့မရနိုင်ဘဲ တစ်ဖက်နဲ့တစ်ဖက် ယုံကြည်မှုရအောင် တွေ့ဆုံဆွေးနွေးညှိနှိုင်းပြီး အပြန်အလှန်အပေးအယူတွေလုပ်ကာ အဖြေရှာကြမယ်ဆိုရင် ရလဒ်ကောင်းတွေရနိုင်မယ်လို့ အပြည့်အဝယုံကြည်ပါတယ်။

ကျွန်တော်တို့ပါတီဟာ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များနဲ့ ပတ်သက်လို့ **“တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်”**(NCA) ဖြစ်ထွန်းရေးမှစတင်ပြီး တက်ကြွစွာပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ပါတယ်။ (NCA)ဖော်ဆောင်နိုင်ဖို့အတွက် လိုအပ်တဲ့ နိုင်ငံရေးမူဘောင်(Political Frame Work) ရေးဆွဲတဲ့လုပ်ငန်းများမှာလည်း အစကတည်းက ပါဝင်ခဲ့ပါတယ်။ ငြိမ်းချမ်းရေးညီလာခံအဆင့်ဆင့်ကိုလည်း တက်ရောက်ပါဝင်ဆွေးနွေးခဲ့ကြပါတယ်။ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီဟာ **“နိုင်ငံတစ်ဝန်း ငြိမ်းချမ်းရေးနဲ့တည်ငြိမ်အေးချမ်းရေး”**ကို ရရှိနိုင်ဖို့ စွမ်းစွမ်းတမံ ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားပါ့မယ်လို့ ပြည်သူတွေကို လေးလေးနက်နက် ကတိပေးတင်ပြအပ်ပါတယ်။

**လေးစားအပ်တဲ့ မဲဆန္ဒရှင်ပြည်သူများခင်ဗျား**

**“အမျိုးသားကာကွယ်ရေးနဲ့ လုံခြုံရေးကောင်စီ”** နဲ့ **“ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်”**တို့က ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ (၂၈) ရက်နေ့နဲ့ ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလအတွင်းမှာ ကျင်းပပြုလုပ်မယ်လို့ ကြေညာခဲ့ပြီးဖြစ်ပါတယ်။ ဒီရွေးကောက်ပွဲဟာ တိုင်းပြည်နဲ့ပြည်သူအတွက် အမှန်တကယ်လိုအပ်တဲ့ ရွေးကောက်ပွဲတစ်ခုဖြစ်တယ်လို့ နိုင်ငံရေးအရ ယုံကြည်လက်ခံထားပါတယ်။ တိုင်းပြည်တည်ငြိမ်အေးချမ်းဖို့ အတိုင်းအတာတစ်ခုအထိ တိုးတက်မှုရရှိလာမယ်လို့မျှော်မှန်းထားပါတယ်။ ပြည်သူတွေကို တင်ပြလိုတာက ဒီမိုကရေစီတကယ်လိုချင်ရင် ရွေးကောက်ပွဲနဲ့ဖြတ်သန်းရပါလိမ့်မယ်။

ဒီမိုကရေစီနဲ့ရွေးကောက်ပွဲဟာ ခေါင်းနဲ့ပန်းလိုပဲဖြစ်ပါတယ်။ ဒါ့ကြောင့် အေးချမ်းတည်ငြိမ်ဖို့ ဒီမိုကရေစီရဖို့ဆိုရင် ရွေးကောက်ပွဲနဲ့ ဖော်ဆောင်သွားရမှာဖြစ်တဲ့အတွက် မဲဆန္ဒရှင်ပြည်သူအားလုံးက ရွေးကောက်ပွဲကို တရားမျှတစွာ အေးအေးချမ်းချမ်းကျော်ဖြတ်နိုင်ဖို့ ပူးပေါင်းဆောင်ရွက်ပေးကြဖို့ လေးလေးနက်နက် တိုက်တွန်းတင်ပြလိုပါတယ်။

ကျွန်တော်တို့ပါတီအနေနဲ့လည်း ရွေးကောက်ပွဲအောင်မြင်ရေးသည် ပါတီရဲ့အဓိကတာဝန်တစ်ရပ်လို့ သတ်မှတ်ထားပါတယ်။ ရွေးကောက်ပွဲမှာ လွှတ်တော်အဆင့်ဆင့်မှာ ကျွန်တော်တို့ပါတီက ကိုယ်စားလှယ်ပေါင်း(၇၀၃)ဦးဝင်ရောက်ယှဉ်ပြိုင်ဖို့ ရွေးကောက်ပွဲကော်မရှင်ထံ တင်ပြခဲ့ပြီးဖြစ်ပါတယ်။ ပြည်ထောင်စုတစ်ဝန်းလုံး ဝင်ရောက်ယှဉ်ပြိုင်ရာမှာ ဒုတိယအင်အားအများဆုံးနဲ့ ဝင်ရောက်ယှဉ်ပြိုင်သွားမှာဖြစ်ပါတယ်။

ကိုယ်စားလှယ်လောင်းများတင်သွင်းရာမှာ အမျိုးသား၊ အမျိုးသမီး အချိုးအစား၊ လူငယ်၊ လူလတ်၊ လူကြီးမျှတစွာပါဝင်မှုနဲ့ တိုင်းရင်းသားမျိုးနွယ်စုများ စုံလင်စွာပါဝင်နိုင်မှုကို ဦးစားပေးဆောင်ရွက်ခဲ့ပါတယ်။

**လေးစားအပ်တဲ့ မဲဆန္ဒရှင်ပြည်သူများခင်ဗျား**

တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီအနေနဲ့ ရွေးကောက်ပွဲဝင်ရောက်ယှဉ်ပြိုင်တဲ့အခါမှာ ပြည်သူတွေကို ထုတ်ဖော်တင်ပြရတဲ့ပါတီရဲ့ရွေးကောက်ပွဲ ကြေညာစာတမ်းကို လေးလေးစားစားထုတ်ပြန်တင်ပြထားပြီးဖြစ်ပါတယ်။ အဲဒီအထဲမှာ မိမိတို့ကိုတာဝန်ပေးအပ်လာရင် တိုင်းပြည်အတွက် ဘယ်လိုစီးပွားရေးစနစ်၊ နိုင်ငံရေးစနစ်၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူထုလူတန်းစားများအရေး စတဲ့ကဏ္ဍပေါင်းစုံကို တလေးတစားတင်ပြထားပြီးဖြစ်ပါတယ်။ ရွေးကောက်ပွဲရဲ့ အနိုင်အရှုံးကို ပြည်သူတွေကဆုံးဖြတ်ပေးရတာဖြစ်တဲ့အတွက် ပြည်သူတွေရဲ့အဆုံးအဖြတ်ကို ဝမ်းပန်းတသာ ကြိုဆိုလက်ခံသွားမှာဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ မဲဆန္ဒရှင်ပြည်သူများ မိမိတို့ရဲ့ဆန္ဒတွေကို ဖော်ထုတ်ကြတဲ့အခါမှာ စပါးနှံနဲ့ပင်နယန်အမှတ်တံဆိပ်ပါတဲ့ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီကို ထောက်ခံဆန္ဒမဲပေးသွားကြပါလို့ လေးစားစွာတင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား –

**“ပြည်သူအားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းများနဲ့ ပြည့်စုံပြီး ရွှင်လန်းချမ်းမြေ့ကြပါစေ”**

**ဒို့ပါတီ**

တိုင်းရင်းသားအားလုံး .......... ညီညွတ်မည်။
ညီရင်းအစ်ကိုပမာ ဒို့ချစ်သည်၊ ထာဝစဉ်မခွဲလက်တွဲမည် ဒါမှဒို့ပါတီ၊
တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ ............. အောင်ရမည်။
မြန်မာပြည် ... ဒို့တိုင်းပြည် .... မြန်မာတို့ရဲ့ဇာတိသွေးက ဖွဲ့မာန်
အပြည့်ရှိသည်၊ တိုင်းရင်းသားတို့ ထာဝရ စည်းလုံးညီညွတ်မည်၊
အမျိုးသားရေးကို ဦးတည်............ နိုင်ငံတော်ကို ချစ်မြတ်နိုးသည်။
တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ ............. အောင်ရမည်။
မဲရုံသို့ ..........မဲရုံသို့ သွားကြပါစို့၊
မဲရုံသို့..........မဲရုံသို့ သွားကြပါစို့၊
တိုင်းရင်းသားစည်းလုံး ညီညွတ်ရေးရရှိဖို့၊
တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီကို ....... မဲပေးကြပါစို့၊
မဲရုံသို့ ..........မဲရုံသို့ သွားကြပါစို့၊
မဲရုံသို့ ........ မဲရုံသို့ သွားကြပါစို့၊
အခြေခံလူတန်းစားများရဲ့ စီးပွားရေးဘဝမြှင့်တင်နိုင်ဖို့ ...၊
တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီကို ....... မဲပေးကြပါစို့၊
မဲရုံသို့ .......မဲရုံသို့ သွားကြပါစို့၊
မဲရုံသို့ ..........မဲရုံသို့ သွားကြပါစို့၊
ပြည်သူများအတွက် မျှော်လင့်ချက်အသစ်ဖော်ဆောင်ဖို့၊
တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီကို ..... မဲပေးကြပါစို့၊
တိုင်းရင်းသားအားလုံး ............ညီညွတ်မည်။
ညီရင်းအစ်ကိုပမာ ဒို့ချစ်သည်၊ ထာဝစဉ်မခွဲလက်တွဲမည် ဒါမှဒို့ပါတီ၊
တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ........... အောင်ရမည်။
တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ..............အောင်ရမည်။
အောင်ရမည်။

➤ စာမျက်နှာ ၁၂ မှအဆက်

**မိဘပြည်သူများခင်ဗျာ –**

ရခိုင့်ဦးဆောင်ပါတီဖွဲ့စည်းစဉ်ကတည်းက ပြဋ္ဌာန်းထားတဲ့ ပါတီတည်ထောင်ဖွဲ့စည်းရခြင်း **“ရည်ရွယ်ချက်(၇)ရပ်နှင့် ရှေ့လုပ်ငန်းစဉ်”** တို့အား ဆက်လက်တင်ပြလိုပါတယ်။

ဦးစွာ ပါတီတည်ထောင်ရခြင်းရဲ့ **ရည်ရွယ်ချက် (၇)ရပ်**အား တင်ပြလိုပါတယ်။

( က ) ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်၏ ရပိုင်ခွင့်အပြည့်အဝရှိသော ရခိုင်ပြည်နယ်အဖြစ်၊ ပြည်ထောင်စုအတွင်း ဂုဏ်သိက္ခာရှိစွာ ရပ်တည်နိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားရန်၊

( ခ ) ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရာတွင် အခြားသော တိုင်းရင်းသားညီအစ်ကိုများနှင့်အတူ ပူးပေါင်းလက်တွဲဆောင်ရွက်သွားရန်၊

( ဂ ) ရခိုင်တိုင်းရင်းသားများ၊ ရခိုင်တိုင်းရင်းသားမျိုးနွယ်စုများနှင့် ရခိုင်ပြည်နယ်အတွင်းရှိ အခြားတိုင်းရင်းသားများ၏အကျိုးစီးပွားကို ဖော်ဆောင်ရန်နှင့် အဆိုပါအကျိုးစီးပွားများ ရေရှည်တည်တံ့ရေးအတွက် ကာကွယ်စောင့်ရှောက်ရန်၊

( ဃ ) ဒီမိုကရေစီစနစ်ပီပြင်စွာထွန်းကားရေး ကြိုးပမ်းဆောင်ရွက်သွားရန်၊

( င ) ရခိုင်အမျိုးသားများ သွေးစည်းညီညွတ်ရေးနှင့် သန့်ရှင်းအားကောင်းသော နိုင်ငံရေးစနစ်တစ်ရပ် ပေါ်ထွန်းလာရေးတို့အတွက် ကြိုးပမ်းဆောင်ရွက်သွားရန်၊

( စ ) ရခိုင်လူမျိုးနှင့် ရခိုင်ပြည်နယ်၏တည်ရှိမှုကိုသာမက ပြည်ထောင်စု၏အချုပ်အခြာအာဏာကိုပါ ထိပါးခြိမ်းခြောက်နေသည့် ရခိုင်ဒေသအနောက်ဘက်နယ်စပ်လုံခြုံရေးအား အလေးထားကာကွယ်ရေး ကြိုးပမ်းဆောင်ရွက်သွားရန်၊

( ဆ ) ရခိုင်ပြည်နယ် တည်ငြိမ်ရေး၊ ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်သွားရန်တို့ဖြစ်ပါတယ်။

**မိဘပြည်သူများခင်ဗျာ –**

ရခိုင့်ဦးဆောင်ပါတီရဲ့ ရှေ့လုပ်ငန်းစဉ်များအနက် အရေးကြီးသည့် **လုပ်ငန်းစဉ်များ**မှာ–

( က ) ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရာတွင် ရခိုင်တိုင်းရင်းသားတို့၏ ရပိုင်ခွင့်အပြည့်အဝရရှိရေး အခြားတိုင်းရင်းသားများနှင့်အတူ လက်တွဲကြိုးပမ်းဆောင်ရွက်သွားရန်၊

( ခ ) ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုပေါ်ပေါက်လာရေး ကြိုးပမ်းဆောင်ရွက်သွားရန်၊

( ဂ ) ဒီမိုကရေစီအရေး၊ လူ့အခွင့်အရေး တိုးတက်ကောင်းမွန်ရေး၊ တရားဥပဒေစိုးမိုးရေးတို့အတွက် ကြိုးပမ်းဆောင်ရွက်သွားရန်၊

( ဃ ) ပြည်တွင်းငြိမ်းချမ်းရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားရန်၊

( င ) ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုနှင့် မကိုက်ညီသော အချက်အလက်များကိုပြင်ဆင်ရေး ကြိုးပမ်းဆောင်ရွက်သွားရန်၊

( စ ) ရခိုင်ပြည်နယ်တွင်း တိုင်းရင်းသားလယ်သမားများ၏အကျိုးစီးပွားကို ကာကွယ်မြှင့်တင်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ရန်၊

( ဆ ) ရခိုင်ပြည်နယ်တွင်း တိုင်းရင်းသားအလုပ်သမားတို့၏အကျိုးစီးပွားကို ကာကွယ်မြှင့်တင်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ရန်၊

( ဇ ) ရခိုင်ပြည်နယ်အတွင်းဆောင်ရွက်ကြသည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ၏အကျိုးစီးပွားများကို ရခိုင်တိုင်းရင်းသားများအနေဖြင့် အမြင့်မားဆုံးအကျိုးခံစားခွင့်ရရှိနိုင်ရေး **စာမျက်နှာ ၁၄ သို့** ➤

➤ စာမျက်နှာ ၁၃ မှအဆက်

ကြိုးပမ်းဆောင်ရွက်သွားရန်၊

( ဈ ) ရခိုင်လူမျိုးတို့၏ စာပေ၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းတို့နှင့် အခြားအမွေအနှစ်များအား ရှာဖွေထိန်းသိမ်းဖော်ထုတ်မြှင့်တင်သွားရန်၊ ရခိုင်လူမျိုးတို့၏အဓိကသမိုင်းအမွေအနှစ် ယဉ်ကျေးမှုနယ်မြေတို့အား ကမ္ဘာ့အမွေအနှစ်စာရင်းဝင်နိုင်ရေး ဆောင်ရွက်ရန်၊

( ည ) ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးအခွင့်အလမ်းများ တိုးတက်မြင့်မားကောင်းမွန်ရေးအတွက် ဆောင်ရွက်သွားရန်၊

( ဋ ) ရခိုင်ပြည်နယ်၏ အနောက်ဘက်နယ်စပ်ဒေသလုံခြုံရေးအား အလေးထားဆောင်ရွက်ရန်၊

( ဌ ) ရခိုင်တိုင်းရင်းသားများအပါအဝင် မြန်မာနိုင်ငံ တိုင်းရင်းသားအားလုံး ပြည်ပနိုင်ငံများ၌ ဘေးကင်းလုံခြုံစွာ အလုပ်လုပ်ကိုင်နိုင်ရေးနှင့် မိမိနိုင်ငံသို့ဂုဏ်သိက္ခာရှိရှိ ပြန်လည်ရောက်ရှိနိုင်ရေးတို့ကို ဆောင်ရွက်သွားရန်၊

( ဍ ) နေရပ်စွန့်ခွာ ရခိုင်သူ ရခိုင်သားများ ပြန်လည်အခြေစိုက်နိုင်ရန် အလို့ငှာ၊ ၎င်းတို့အတွက် ရခိုင်ပြည်နယ်အတွင်း အလုပ်အကိုင်အခွင့်အလမ်းများဖော်ထုတ်ပေးနိုင်ရေး ကြိုးပမ်းဆောင်ရွက်ရန်၊

( ဎ ) ကမ္ဘာကြီးပူနွေးလာမှုလျှော့ချနိုင်ရေး အားထုတ်မှုများနှင့် ပတ်သက်၍ နိုင်ငံတကာအသိုင်းအဝိုင်းနှင့်လက်တွဲကာ ရခိုင်ပြည်နယ်အတွင်း ဆောင်ရွက်မှုများတွင် ကူညီပံ့ပိုးသွားရန်၊

( ဏ ) ရခိုင်ပြည်နယ်အတွင်း ရင်ဆိုင်ရသည့်သဘာဝဘေးအန္တရာယ်များနှင့် လူသားအရင်းခံဘေးအန္တရာယ်များကြောင့် နောက်ဆက်တွဲလုပ်ဆောင်ရသည့် ဘေးဒုက္ခကယ်ဆယ်ရေးလုပ်ငန်းများ၌ ပါတီအနေဖြင့် ဖြစ်နိုင်သမျှသောစွမ်းပကားများဖြင့်ပါဝင်ဆောင်ရွက်ရန်၊

( တ ) ရခိုင်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် စက်မှုဇုန်များပေါ်ထွန်းရေးအပြင် ဒေသတွင်း ကုန်သွယ်ရေး၊ နယ်စပ်ကုန်သွယ်ရေးတို့ တိုးမြှင့်လုပ်ဆောင်နိုင်ရေးအား ကြိုးပမ်းဆောင်ရွက်သွားရန်၊

( ထ ) ရခိုင်ပြည်နယ်အစိုးရအဖွဲ့အား ဦးဆောင်ဖွဲ့စည်းတာဝန်ယူရမည့်အခြေအနေပေါ်ပေါက်လာပါက တာဝန်ယူနိုင်သည့်စွမ်းပကားရှိနေအောင် မူဝါဒရေးရာပိုင်းနှင့် ပါတီ၏လူ့စွမ်းအားအရည်အသွေးပိုင်းကို စဉ်ဆက်မပြတ်တည်ဆောက်ကာ အဆင်သင့်ပြင်ဆင်ထားရန်၊

( ဒ ) ရခိုင်ပြည်နယ်အတွင်းရှိ ရခိုင်တိုင်းရင်းသားလူငယ်များနှင့် ရခိုင်မျိုးနွယ်စုလူငယ်များ၏ကာယ၊ ဉာဏ၊ စာရိတ္တ ဖွံ့ဖြိုးတိုးတက်ရေးအား ကြိုးပမ်းဆောင်ရွက်သွားရန်၊

( ဓ ) မူးယစ်ဆေးဝါးတိုက်ဖျက်ရေးအတွက် နည်းလမ်းရှာဖွေဆောင်ရွက်သွားရန်တို့ဖြစ်ပါတယ်။

**မိဘပြည်သူများခင်ဗျာ –**

ရခိုင့်ဦးဆောင်ပါတီ၏**“လက်ရှိစစ်ရေး၊ နိုင်ငံရေးအကျပ်အတည်းကာလ၌အထူးအလေးထားပြီး ရေတို၊ ရေရှည်အဓိကဦးစားပေးကြိုးပမ်းဆောင်ရွက်သွားမည့်”** ရခိုင့်ဦးဆောင်ပါတီ၏**ရှေ့လုပ်ငန်းစဉ်များ**ကတော့ –

(၁) ပြည်ထောင်စုငြိမ်းချမ်းရေးရရှိသည်အထိ သက်ဆိုင်သူများနှင့် ဘက်ပေါင်းစုံမှ ပူးပေါင်းကြိုးပမ်းဆောင်ရွက်ရန်၊

(၂) ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စု တည်ဆောက်ရေး ကြိုးပမ်းဆောင်ရွက်ရန်၊

(၃) ရခိုင်ဒေသငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး၊ အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ရန်၊

(၄) ပြည်သူများ၏စိတ်အေးချမ်းသာမှုနှင့် စိတ်ပိုင်းဆိုင်ရာ လုံခြုံမှုများကို တတ်စွမ်းသရွေ့ဆောင်ရွက်ရန်၊

(၅) ရခိုင်စစ်ဘေးရှောင်များ နေရပ်ရင်းပြန်နိုင်ရေးနှင့် လူမှုစီးပွားဘဝ ပြန်လည်ထူထောင်ရေး ကြိုးပမ်းဆောင်ရွက်ရန်၊

(၆) သယ်ယူပို့ဆောင်ရေးစရိတ် မြင့်မားမှုများကြောင့် အခြေခံစားသောက်ကုန်နှင့်လူသုံးကုန်ပစ္စည်းများ စရိတ်ကြီးမားသည့်ရခိုင်ပြည်သူများ၏အခက်အခဲကို ကြိုးစားဖြေရှင်းရန်၊

(၇) ရခိုင်ဒေသနေ လူမျိုးနွယ်စုအချင်းချင်း အေးချမ်းတည်ငြိမ်လုံခြုံစွာ၊ သဟဇာတရှိစွာ၊ အတူယှဉ်တွဲနေထိုင်နိုင်ရေးနှင့် တရားဥပဒေစိုးမိုးရေး ကြိုးပမ်းဆောင်ရွက်ရန်၊

(၈) နိုင်ငံတော်တည်ဆောက်ရေးနှင့် ပြန်လည်ထူထောင်ရေးကဏ္ဍ၌ ပါဝင်ကြိုးပမ်းဆောင်ရွက်ရန်၊

(၉) ရခိုင်ဒေသပြန်လည်တည်ဆောက်ရေးနှင့် ပြန်လည်ထူထောင်ရေးကဏ္ဍ၌ ပါဝင်ကြိုးပမ်းဆောင်ရွက်ရန်တို့ဖြစ်ပါတယ်။

**မိဘပြည်သူများခင်ဗျာ –**

အထက်တင်ပြပါ ရခိုင့်ဦးဆောင်ပါတီ၏ မူဝါဒ၊ လုပ်ငန်းစဉ်များနှင့် လက်ရှိကာလတွင် အထူးအလေးထားဆောင်ရွက်မည့် ရှေ့လုပ်ငန်းစဉ်များပါ မျှော်မှန်းချက်များကို လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ရခိုင့်ဦးဆောင်ပါတီ၏ ကိုယ်စားပြုလွှတ်တော်ကိုယ်စားလှယ်လောင်းများသည် လွှတ်တော်အသီးသီးသို့ ရွေးချယ်စေလွှတ်ခံရရန်လိုအပ်ပါတယ်။

ဒီမိုကရေစီစနစ်မှာ ရွေးကောက်ပွဲဟာ အခြေခံအကျဆုံးသော လူထုရဲ့ထောက်ခံမှု၊ ယုံကြည်လက်ခံမှုနှင့် မိမိတို့အားကိုယ်စားပြုမည့် ပုဂ္ဂိုလ်နှင့်ပါတီအား ရွေးချယ်ပေးတဲ့ စာမေးပွဲကြီးတစ်ရပ်ဖြစ်ပါတယ်။ တစ်နည်း ဥပဒေပြုလွှတ်တော်တစ်ရပ်ရပ်ရဲ့ ဝင်ပေါက်တံခါးဝလည်း ဖြစ်ပါတယ်။

ပါတီတစ်ခုသည်လည်းကောင်း၊ ပါတီကိုယ်စားပြု အရွေးချယ်ခံမည့် ကိုယ်စားလှယ်လောင်းများသည်လည်းကောင်း၊ လူထု၏ ယုံကြည်မှု၊ အားကိုးမှု၊ ယုံကြည်အားကိုးထိုက်သည့် လုံလောက်သော ပညာအရည်အချင်း၊ ဉာဏ်ရည်၊ သတ္တိဗျတ္တိနှင့်ရဲရင့်မှု စသည့်နှလုံးရည် လက်ရုံးရည်ရှိရန်လိုအပ်သလို နိုင်ငံတော်နှင့် နိုင်ငံသားများအပေါ်၊ ဒေသနှင့် ပြည်နယ်အပေါ်၊ လူမျိုးနှင့်လူထုအပေါ်၊ သစ္စာရှိပြီး ရိုးသားကြရန် ကိုယ်ကျင့်သိက္ခာပြည့်ဝကြရန်၊ ပြည်သူကို အစွမ်းကုန်အလုပ်အကျွေးပြုကြရန်နှင့် အလုပ်ကြိုးစားကြရန်လိုအပ်ပါတယ်။

သို့မှသာ “ပါတီနှင့် လူထု”သည်လည်းကောင်း၊ “ပါတီနှင့် ကိုယ်စားလှယ်များ”သည်လည်းကောင်း၊ “ပါတီ၊ ကိုယ်စားလှယ်နှင့် လူထု” တို့သည်လည်းကောင်း၊ တစ်သားတည်းဖြစ်သွားမှာဖြစ်သလို နိုင်ငံတော်အပေါ်၊ ဒေသနှင့်ပြည်နယ်အပေါ်၊ အပြန်အလှန်အကျိုးပြုရင်း တည်ငြိမ်အေးချမ်းဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်သစ်ကို တည်ဆောက်ပေးနိုင်ကြမှာဖြစ်ပါတယ်။

**ပြည်ထောင်စုဖွား မိဘပြည်သူများခင်ဗျာ –**

**ရခိုင်အမျိုးသားများနှင့် ရခိုင်မျိုးနွယ်စုဝင် မိဘပြည်သူများခင်ဗျာ –**

ရခိုင့်ဦးဆောင်ပါတီ၏ မူဝါဒနှင့်လုပ်ငန်းစဉ်များကို ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသမျှ တင်ပြခဲ့ပြီးပါပြီ။ ရခိုင့်ဦးဆောင်ပါတီအပေါ် လေ့လာသုံးသပ်ပေးကြပါ။ ရခိုင့်ဦးဆောင်ပါတီကို ကိုယ်စားပြုလွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ ပညာအရည်အချင်း၊ ဉာဏ်ရည်စွမ်းဆောင်ချက်များနှင့် ရိုးသားမှု၊ ကြိုးစားမှု၊ ကိုယ်ကျင့်သိက္ခာ၊ ရခိုင်ပြည်နယ် ရခိုင်လူမျိုးနှင့် ပြည်ထောင်စုအကျိုး၊ ပြည်ထောင်စုငြိမ်းချမ်းရေး၊ တည်ငြိမ်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် နိုင်ငံတော်သစ်ဆီသို့ဦးတည်သည့်ရည်မှန်းချက်များအပေါ် သဘောပေါက်စွာဖြင့် ရခိုင့်ဦးဆောင်ပါတီမှ ကိုယ်စားလှယ်လောင်းများ သက်ဆိုင်ရာလွှတ်တော်အသီးသီးသို့ရောက်ရှိရေး ရွေးချယ်ပေးကြဖို့ ဆန္ဒမဲပေးကြဖို့ လေးနက်စွာတိုက်တွန်းရင်း နိဂုံးချုပ်အပ်ပါတယ်။

**ပြည်ထောင်စုဖွား မိဘပြည်သူများ၊**

ငြိမ်းချမ်းမှု၊ တည်ငြိမ်မှု၊ လုံခြုံမှုနှင့်ဖွံ့ဖြိုးတိုးတက်မှုရသကို အမြန်ဆုံးခံစားနိုင်ကြပါစေ။ ရခိုင်ပြည်နယ် အမြန်ဆုံးငြိမ်းချမ်းတည်ငြိမ်ပါစေ။

စစ်ဘေးရှောင်များ အမြန်ဆုံး နေရပ်ရင်းပြန်နိုင်ကြပါစေ။

ရခိုင့်ဦးဆောင်ပါတီ

(ဗဟိုအလုပ်အမှုဆောင်အဖွဲ့)

**ရခိုင့်ဦးဆောင်ပါတီ (AFP) သီချင်း**

**ကြာချိန် – ၃:၄၃ မိနစ်**

# ရခိုင်ပြည်သူတွေ ဒုက္ခပင်လယ်ထဲ မုန်တိုင်းတွေက ဖြတ်သန်းနေတဲ့အချိန် အုတ်တစ်ချပ် သဲတစ်ပွင့်အဖြစ်နဲ့ ပေးဆပ်ရန်အတွက် သန္နိဋ္ဌာန် ချထားပါတဲ့ ရခိုင့်ဦးဆောင်ပါတီ။

# ရခိုင့်ဦးဆောင်ပါတီ – AFP – Arakan Front Party

# ရခိုင်ပြည်သူအားလုံးအတွက် AFP – Arakan Front Party

# ပြည်သူ့ရှေ့က မားမားမတ်မတ် ရပ်တည်မည်။

ပြည်သူတို့အတွက် သတ္တိရှိရှိ ထုတ်ဖော်မည်။

# ရခိုင့်ဦးဆောင်ပါတီကို မဲပေးကြမယ်။

ရခိုင်ပြည်အနာဂတ်အတွက်လေ။

# ရခိုင့်ဦးဆောင်ပါတီနှင့်အတူ ချီတက်ကြမယ်။

ရခိုင်ပြည်အေးချမ်းဖွံ့ဖြိုးဖို့အတွက်လေ။

# ရခိုင့်ဦးဆောင်ပါတီ – AFP – Arakan Front Party

# ရခိုင်ပြည်သူအားလုံးအတွက် AFP – Arakan Front Party

## မဲရုံတွင်ဆန္ဒမဲပေးခြင်းအတွက် သိရှိမှတ်သားဆောင်ရွက်ရမည့်အချက်များ

**(အီလက်ထရောနစ်မဲပေးစက်ဖြင့် ဆန္ဒမဲပေးခြင်း)**

- မဲရုံသို့ဝင်ရောက်သည့်အခါ မဲစာရင်းစစ်ဆေးသူထံ မိမိ၏အမည်နှင့် မဲစာရင်းအမှတ်စဉ်ကိုပြောပြပါ၊ အထောက်အထားအဖြစ် နိုင်ငံသားစိစစ်ရေးကတ်ကိုပြပါ၊
- မဲစာရင်းစစ်ဆေးသူက မိမိ၏အမည်ကိုတွေ့ရှိပြီး မှန်ကန်လျှင် မဲစာရင်း၌လက်မှတ်ရေးထိုးပါ၊ သို့မဟုတ် လက်ဝဲလက်မဖြင့် လက်ဗွေနှိပ်ပါ၊
- လျှို့ဝှက်ဆန္ဒပြုခန်းအတွင်းသို့ဝင်၍ ဆန္ဒပြုစက်ပေါ်ရှိ မိမိမဲပေးလိုသော လွှတ်တော်ကိုယ်စားလှယ်လောင်း၏အမည်နှင့် သင်္ကေတအမှတ်အသားတည့်တည့်တွင်ရှိသော ဆန္ဒပြုခလုတ်ကို တစ်ကြိမ်သာနှိပ်၍ ဆန္ဒပြုပါ၊
- ဆန္ဒပြုပြီးနောက် ဆန္ဒပြုစက်နှင့် ချိတ်ဆက်ထားသော မဲပေးချက်ဖော်ပြသည့်စက်မှ ပြသသည့်ဆန္ဒမဲဖြတ်ပိုင်းတွင် မိမိမဲပေးသည့် လွှတ်တော်ကိုယ်စားလှယ်လောင်း၏အမည်နှင့် သင်္ကေတအမှတ်အသားကို ကြည့်ရှုနိုင်သည်၊
- မိမိဆန္ဒပြုလိုသည့် လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးကိုသာ ဆန္ဒမဲပေးပါ၊
- မဲဆန္ဒနယ်တစ်နယ်တွင် လွှတ်တော်တစ်ရပ်စီအတွက် ဆန္ဒမဲတစ်မဲစီသာပေးပါ၊
- မဲရုံမှမထွက်ခွာမီ မဲပေးပြီးကြောင်း မင်တို့ပေးသည့် မဲရုံအဖွဲ့ဝင်ထံသွားရောက်၍ သတ်မှတ်ထားသည့် လက်ချောင်းတစ်ချောင်းချောင်းတွင် မင်တို့ပါ၊
- မဲပေးပြီးပါက မဲရုံပရိဝုဏ်အတွင်းမှ ဆောလျင်စွာထွက်ခွာပါ။

**“ပြည်သူများလိုလားသည့် ဒီမိုကရေစီနိုင်ငံတော်ကို ရွေးကောက်ပွဲဖြင့်သာ ဖော်ဆောင်နိုင်မည်”**

**“လွတ်လပ်မျှတ၊ မဲပေးကြ”**

## ကန့်ဘလူခရိုင်၌ လာမည့်ဆောင်းသီးနှံစိုက်ပျိုးချိန်တွင် နေကြာသီးနှံ ၄၂၈၀ ဧက စိုက်ပျိုးမည်

ကန့်ဘလူ အောက်တိုဘာ ၃၀

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင်၌ လာမည့်ဆောင်းသီးနှံစိုက်ပျိုးချိန်တွင် နေကြာသီးနှံ ၄၂၈၀ ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း ကန့်ဘလူခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှသိရသည်။

ယခု ၂၀၂၅-၂၀၂၆ ခုနှစ် လာမည့်ဆောင်းသီးနှံစိုက်ပျိုးချိန်၌ ကန့်ဘလူခရိုင်တွင် နေကြာသီးနှံစိုက်ပျိုးရန်အတွက် မြို့နယ်အလိုက်လျာထားမှုအနေဖြင့် ကန့်ဘလူမြို့နယ်တွင် ၃၀၄၄ ဧကနှင့် ကျွန်းလှမြို့နယ်တွင် ၁၂၃၆ ဧက စုစုပေါင်း ၄၂၈၀ ဧကတို့ဖြစ်သည်။

“ပြည်ပမှတင်သွင်းတဲ့စားအုန်းဆီကို လျှော့ချနိုင်ရန်အတွက် ဆီထွက်သီးနှံဖြစ်တဲ့နေကြာကို တိုးချဲ့စိုက်ပျိုးရေး ဆောင်ရွက်ပေးသွားမယ်။ ဆီထွက်သီးနှံဖြစ်တဲ့နေကြာဟာ တစ်ဧကဆီထွက်ရှိမှုက ကျန်တဲ့မြေပဲ၊ နှမ်းတွေထက်များတယ်။ နေကြာကို ဆောင်းမှာပဲစိုက်ကြတာပါ”ဟု ကန့်ဘလူခရိုင် စိုက်ပျိုးရေးဦးစီးဌာနခရိုင်ဦးစီးအရာရှိ ဒေါ်မာမာဝင်းကပြောသည်။

ကန့်ဘလူခရိုင်တွင် နေကြာသီးနှံတိုးချဲ့စိုက်ပျိုးနိုင်ရေးအတွက် သက်ဆိုင်ရာမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ပညာပေးသင်တန်းများ အရှိန်မြှင့်တင်ဆောင်ရွက်ခြင်း၊ ဝန်ထမ်းနှင့် နေကြာစိုက်ပျိုးမည့်တောင်သူများ စွမ်းဆောင်ရည်မြင့်မားရေးအတွက် ပညာပေးသင်တန်းများကို အရှိန်မြှင့်တင်ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

ယခုနှစ် ကန့်ဘလူခရိုင်တွင် နေကြာသီးနှံစိုက်ပျိုးမည့်တောင်သူများကို မျိုးစေ့များပေးအပ်နိုင်ရေး၊ ယူရီးယားဓာတ်မြေဩဇာများ ချိုသာသောဈေးနှုန်းဖြင့် ရောင်းချပေးနိုင်ရေး စီမံထားခြင်း၊ ထွက်ရှိလာသောနေကြာမျိုးများကို တောင်သူမှ တောင်သူဖလှယ်သည့် နည်းစနစ်များဖြင့် ဖြန့်ဖြူးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

(၄၀၉)



ဆရာတော်ကြီးထံ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်အဖွဲ့ဝင် အမှုဆောင်ချုပ် ဦးအောင်လင်းဒွေး နှင့် ဇနီးတို့က ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



ဆရာတော်ကြီးထံ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး နှင့် ဇနီးတို့က ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

★ **စာမျက်နှာ ၁၇ မှအဆက်**

ယင်းနောက် "ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု" သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ အခမ်းအနားအပြီးတွင် သန်လျင်မင်းကျောင်းဆရာတော်ကြီး အမှူးပြုသည့် ဆရာတော်၊ သံဃာတော်များအား နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌနှင့်ဇနီး၊ ဧည့်ပရိသတ်များက နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့သည်။

ယနေ့ကျင်းပပြုလုပ်သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ ၂၀၂၅ ခုနှစ် ကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားတွင် ပဒေသာပင် ၄၉ ပင်၊ တန်ဖိုးငွေကျပ် ၇၉၁၉၁၀၅၀ နှင့် လှူဒါန်းငွေကျပ် ၈၈၅၉၉၃၅၀ ဖြစ်သဖြင့် စုစုပေါင်း လှူဒါန်းမှုမှာ တန်ဖိုးငွေကျပ် ၁၆၇၇၉၀၄၀၀ ဖြစ်ကြောင်း သတင်းရရှိသည်။

(၁၀၀)

# မြစ်ကြီးနားမြို့၊ ကျောက်တန်းမြို့နယ်နှင့် ကွမ်းခြံကုန်းမြို့နယ်တို့ရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်



မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က သံဃာတော်များအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။



ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

နေပြည်တော်  အောက်တိုဘာ ၃၀

ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့ပေါ်ရှိ သံဃာတော်များအား ယနေ့နံနက်ပိုင်းတွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်၊ နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါမြို့ရှိ ဝေဠုဝန်ကျောင်းတိုက်၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော် ၃၀ ပါးတို့အား ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ အရိုးအကြောရောဂါ၊ အာရုံကြောအားနည်းရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများဆောင်ရွက်ပေးခြင်း၊ ECG စက်ဖြင့် နှလုံးစမ်းသပ်စစ်ဆေးပေးခြင်း၊ ဓာတ်မှန်ရိုက်ကူး၍ ရောဂါရှာဖွေပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန်လိုအပ်သည့်သံဃာတော်များအား နယ်မြေခံတပ်မတော်ဆေးရုံသို့တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

အလားတူ ရန်ကုန်တိုင်းစစ်ဌာနချုပ်၊ နယ်လှည့်ဆေးကုသရေးအဖွဲ့က ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်၊ ကန်ပြောင်ကျေးရွာနှင့်ပတ်ဝန်းကျင်ကျေးရွာများမှ သံဃာတော် ၃ ပါးနှင့် ဒေသခံပြည်သူ ၁၁၀ ဦးတို့အား လည်းကောင်း၊ ကွမ်းခြံကုန်းမြို့နယ်၊ ပီလခတ်ကျေးရွာအုပ်စု၊ တော်ကလိပ်ကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများရှိ ဒေသခံပြည်သူ ၁၅၉ ဦးအားလည်းကောင်း သတ်မှတ်နေရာအသီးသီး၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာ ဆေးကုသရေးအဖွဲ့က အရိုးအကြောရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ မျက်စိရောဂါ၊ နား/နှာခေါင်း/လည်ချောင်းရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာတပ်နယ်တို့မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

# ကချင်ပြည်နယ်တရားလွှတ်တော် အဆောက်အအုံသစ် ပန္နက်တော်တင် တွင်းတော်ဝန်း မင်္ဂလာအခမ်းအနားကျင်းပ



ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဌေး တရားလွှတ်တော်အဆောက်အအုံသစ် ပန္နက်တော်စိုက်ထူစဉ်။



ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန် တရားလွှတ်တော်အဆောက်အအုံသစ် ပန္နက်တော်စိုက်ထူစဉ်။

နေပြည်တော်  အောက်တိုဘာ ၃၀

ကချင်ပြည်နယ် တရားလွှတ်တော် အဆောက်အအုံသစ် ပန္နက်တော်တင် တွင်းတော်ဝန်း မင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့ရှိ ကချင်ပြည်နယ်တရားလွှတ်တော်အဆောက်အအုံသစ်ဆောက်လုပ်မည့်မြေနေရာ၌ပြုလုပ်ရာ ပြည်ထောင်စုတရားသူကြီးချုပ်ဦးသာဌေး၊ ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်ဇော်ထွေး၊ ကချင်ပြည်နယ်အစိုးရအဖွဲ့မှ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ ခရစ်ယာန်ဆရာတော်များက ဆုတောင်းကောင်းချီးမင်္ဂလာပေးသည်။ ထို့နောက် ပြည်ထောင်စုတရားသူကြီးချုပ်၊ ကချင်ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ပန္နက်တော်တင်တွင်းတော်ဝန်းအတွင်းနေရာယူကာ ပန္နက်တော်စိုက်ထူခြင်း၊ အမွှေးနံ့သာရည်ပက်ဖျန်းခြင်းများ ဆောင်ရွက်ကြသည်။

ဆက်လက်၍ တွင်းတော်ဝန်းမင်္ဂလာအား ဆင်ယင်ကျင်းပခဲ့ပြီး ပြည်ထောင်စုတရားသူကြီးချုပ်က ထုံးတမ်းအစဉ်အလာအတိုင်းဆောင်ရွက်ကာ အခမ်းအနားအောင်မြင်ခြင်းအထိမ်းအမှတ်အဖြစ် ရတနာရွှေမိုးငွေမိုးများ ရွာသွန်းဖြိုးခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အဂ္ဂါမိပတိသာသနဝ္ဗိမာန်တော်ကြီးအတွင်းရှိ မာရဝိဇယ နောင်တော်ကြီးဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညို၍ မြသပိတ်ဆွမ်းတော်၊ ပန်း၊ ရေချမ်း၊ ဆီမီးနှင့်သစ်သီးတို့ကို ဆက်ကပ်လှူဒါန်းစဉ်။

⋆ **ရှေ့ဖုံးမှအဆက်**

အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ သန်လျင်မြို့၊ မင်းကျောင်း ပထမပြန်စာသင်တိုက် ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာ ဘဒ္ဒန္တစန္ဒိမာဘိဝံသ၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့အကျိုးတော်ဆောင် မန္တလေးမြို့၊ မစိုးရိမ်တိုက်သစ်မဟာနာယက၊ ဓမ္မသမိဒ္ဓိကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဘဒ္ဒန္တဝါသေဋ္ဌာဘိဝံသနှင့်ဥပ္ပါတသန္တိစေတီတော်ဂေါပကအဖွဲ့ ဩဝါဒါစရိယ ဆရာတော်ကြီးများအမှူးပြုသည့် ပင့်ဖိတ်ထားသော ဆရာတော်ကြီး ၂၇ ပါး ကြွရောက်ချီးမြှင့်တော်မူကြပြီး နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့နှင့်အတူ ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ်၊ ကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ်ဦးညိုစောနှင့်ဇနီး၊ ကော်မရှင်အဖွဲ့ဝင် အမှုဆောင်ချုပ် ဦးအောင်လင်းဒွေးနှင့်ဇနီး၊ ကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့်ဇနီး၊ ကော်မရှင်အဖွဲ့ဝင်များနှင့်ဇနီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့်ဇနီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှအဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌသည် အဂ္ဂါမိပတိသာသနဝ္ဗိမာန်တော်ကြီးအတွင်းရှိ မာရဝိဇယ နောင်တော်ကြီးဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညို၍ မြသပိတ်ဆွမ်းတော်၊ ပန်း၊ ရေချမ်း၊ ဆီမီးနှင့် သစ်သီးတို့ကို ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်ဇနီး၊ အခမ်းအနားတက်ရောက်လာသည့် ဧည့်ပရိသတ်များသည် ခင်းကျင်းပြင်ဆင်ထားသည့်ပဒေသာပင်များအား လှည့်လည်ကြည့်ရှုကြသည်။

ယင်းနောက် အခမ်းအနားကို "နမော တဿ" သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့ဖွင့်လှစ်ပြီး နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်ဇနီး၊ အခမ်းအနားတက်ရောက်လာကြသည့် ဧည့်ပရိသတ်



နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ သန်လျင်မင်းကျောင်းဆရာတော်ကြီး အမှူးပြုသည့် ဆရာတော်၊ သံဃာတော်များအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့က နေ့ဆွမ်းဆက်ကပ်လှူဒါန်းစဉ်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ခင်းကျင်းပြင်ဆင်ထားသည့် ပဒေသာပင်များအား လှည့်လည်ကြည့်ရှုစဉ်။

**❖ ယနေ့ကျင်းပပြုလုပ်သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ ၂၀၂၅ ခုနှစ် ကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းပွဲအခမ်းအနားတွင် ပဒေသာပင် ၄၉ ပင်၊ တန်ဖိုးငွေကျပ် ၇၉၁၉၁၀၅၀ နှင့် လှူဒါန်းငွေကျပ် ၈၈၅၉၉၃၅၀ ဖြစ်သဖြင့် စုစုပေါင်းလှူဒါန်းမှုမှာ တန်ဖိုးငွေကျပ် ၁၆၇၇၉၀၄၀၀ ဖြစ် . . .**





နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ဥက္ကဋ္ဌ သန်လျင်မြို့၊ မင်းကျောင်းပထမပြန်စာသင်တိုက် ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာ ဘဒ္ဒန္တစန္ဒိမာဘိဝံသထံမှ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ၊ ဧည့်ပရိသတ်များက ကိုးပါးသီလခံယူဆောက်တည်ကြစဉ်။

အပေါင်းတို့သည် သန်လျင်မင်းကျောင်းဆရာတော်ကြီးထံမှ ကိုးပါးသီလခံယူဆောက်တည်၍ သံဃာတော်အရှင်သူမြတ်များ ရွတ်ပွားသရဇ္ဈာယ်တော်မူသော မေတ္တာသုတ်ပရိတ်တရားတော်များကို နာယူကြသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်ဇနီးတို့သည် သန်လျင်မင်းကျောင်းဆရာတော်ကြီးထံ ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကိုလည်းကောင်း၊ ကထိန်အလှူခံကျောင်း နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ စိန်ရာဇာသာသနာလင်္ကာရစာသင်တိုက်ဆရာတော် ဘဒ္ဒန္တ ဝဇိရပါဏိလင်္ကာရာဘိဝံသထံ ကထိန်လျာသင်္ကန်းနှင့်လှူဖွယ်ပစ္စည်းများကိုလည်းကောင်း ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် ကော်မရှင်ဒုတိယဥက္ကဋ္ဌနှင့်ဇနီးတို့သည် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် မန္တလေးမြို့၊ မစိုးရိမ်တိုက်သစ်မဟာနာယက၊ ဓမ္မသမိဒ္ဓိကျောင်း ဆရာတော်ကြီးထံ ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်ပြီး ကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီး၊ ကော်မရှင်အဖွဲ့ဝင် အမှုဆောင်ချုပ်နှင့်ဇနီး၊ ကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ်နှင့်ဇနီး၊



နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ အကျိုးတော်ဆောင် မန္တလေးမြို့၊မစိုးရိမ်တိုက်သစ် မဟာနာယက၊ ဓမ္မသမိဒ္ဓိ ကျောင်းဆရာတော်ကြီးထံ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယ ဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ်တို့က ကထိန်သင်္ကန်းနှင့် လှူဖွယ် ပစ္စည်းများဆက်ကပ် လှူဒါန်းစဉ်။



ဆရာတော်ကြီးထံ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်အဖွဲ့ဝင် နိုင်ငံတော် ဝန်ကြီးချုပ် ဦးညိုစောနှင့်ဇနီးတို့က ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

ကော်မရှင်အဖွဲ့ဝင်များနှင့်ဇနီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများက ဆရာတော် သံဃာတော်များထံ ကထိန်သင်္ကန်းနှင့်လှူဖွယ်ပစ္စည်းများကို အသီးသီး ဆက်ကပ်လှူဒါန်းကြသည်။

ဎင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်ဇနီး၊ ဧည့်ပရိသတ်များသည် နေပြည်တော်တိုင်းသံဃနာယကအဖွဲ့ဝင်၊ တပ်ကုန်းမြို့၊ ငွေတောင်တောရကျောင်းတိုက် တိုက်အုပ်ဆရာတော် ဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တ ကောဏ္ဍညနှင့် နိုင်ငံတော်ဗဟိုသံဃဝန်ဆောင်ပျဉ်းမနားမြို့၊ အုန်းတောကျောင်းတိုက်ဆရာတော် မဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တတိသတို့ထံမှ ကထိန်အမေးအဖြေများကို နာယူကြည်ညိုကြသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်ဇနီး၊ အခမ်းအနားတက်ရောက်လာကြသည့် ဧည့်ပရိသတ်အပေါင်းတို့သည် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့အကျိုးတော်ဆောင် မန္တလေးမြို့၊ မစိုးရိမ်တိုက်သစ်မဟာနာယက၊ ဓမ္မသမိဒ္ဓိကျောင်းဆရာတော်ကြီးထံမှကထိန်အနုမောဒနာတရားနာယူ၍ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းလောင်းအမျှပေးဝေကြသည်။

**စာမျက်နှာ ၁၅ သို့ ⭑**

MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

# National Defence and Security Council of the Republic of the Union of Myanmar holds Kathina Robe Offering Ceremony for 2025



Senior General Min Aung Hlaing and wife, Daw Kyu Kyu Hla, present robes and offertories to a Sayadaw.



Senior General Min Aung Hlaing and wife, Daw Kyu Kyu Hla, offer a day meal to Sayadaws.

NAY PYI TAW October 30

The National Defence and Security Council of the Republic of the Union of Myanmar held the Kathina Robe Offering Ceremony for 2025 at the Agga Dipati Sasana Beikmandawgyi in the premises of Maravijaya Buddha Park in Dekkinathiri Township, Nay Pyi Taw, Union Territory this morning. Acting President of the Republic of the Union of Myanmar Chairman of State Security and Peace Commission Senior General Min Aung Hlaing and wife Daw Kyu Kyu Hla attended the ceremony and donated kathina robes and offertories.

Also present to pay respects to the 27 Sayadaws led by Chairman of State Sangha Maha Nayaka Committee Patron of Minkyaung Pahtamabyanpariyatti school in Thanlyin Sayadaw Agga Maha Pandita Agga Maha Saddhamma Jotikadhaja Dr Bhaddanta Candiama Bhivamsa, Secretary of SSMNC Patron of Masoeyein Taikthit monastery Sayadaw of Dhamma Thamaindi Pariyatti school Agga Maha Pandita Agga Maha Saddhamma Jotikadhaja Maha Dhamma Kahtika Bahujana Hitadhara Bhaddanta Vaselabhivamsa and Oavadacariya Sayadaws of Board of Trustees of Uppatasanti Pagoda together with the Senior General and wife were SSPC Vice Chairman Vice-Senior General Soe Win and wife Daw Than Than Nwe, SSPC member Prime Minister U Nyo Saw and wife, SSPC member Executive Chief U Aung Lin Dway and wife, SSPC Secretary Joint Executive Chief General Ye Win Oo and wife, SSPC members and wives, union level dignitaries, union ministers and wives, the Nay Pyi Taw Council chair, senior military officers from the Office of the Commander-in-Chief and wives, the Nay Pyi Taw Command commander and officials.



Senior General Min Aung Hlaing observes kathina robes and offertories hung on decorated stands.

The Senior General paid homage and presented a meal in Emerald Bowl, flowers, water and lights to the Naungdawgyi Buddha Image in the Agga Dipati Sasana Beikmandawgyi.

The Senior General and wife and attendees looked around the kathina robes and offertories hung on decorated stands.

According to the agenda, the congregation opened the ceremony by reciting namotassa three times and received the Nine Precepts from the SSMNC Chairman Sayadaw. Sayadaws recited religious sermons.

The Senior General and wife presented kathina robes and offertories to the SSMNC Chairman Sayadaw, and also presented the same to Sayadaw

See Page - 19►►

►► From Page - 18
Bhadddanta Vajirapani Linkarabhivamsa of Seinyaza Sasana Linkaya religious school, the kathina offerings recipient monastery, in Pobbathiri Township, Nay Pyi Taw.

The Vice-Senior General and wife presented kathina robes and offertories to SSMNC Secretary Sayadaw.

The Prime Minister and wife, the Executive Chief and wife, the Joint Executive Chief and wife, SSPC members and wives, union level dignitaries, union ministers, and senior military officers from the Office of the Commander-in-Chief presented kathina robes and offertories to Sayadaws respectively.

The Senior General and wife and the congregation revered the kathina question and answer session conducted by member of Nay Pyi Taw Area Sangha Nayaka Committee Section Head Sayadaw Ganthavacaka Pandita Bhaddanta Kontana of Ngwedaung Tawya monastery in Tatkon and State Working Committee of the Sangha Sayadaw Maha Ganthavacaka Pandita Bhaddanta Tssa of Ohndaw monastery, Pyinmana.

The SSMNC Secretary Sayadaw delivered a sermon and merits gained were shared.

After concluding the ceremony with the recitation of Buddha sasanam ciramtithatu three times, the Senior General and wife and the congregation offered day meal to Sayadaws led by the SSMNC Chairman Sayadaw.

At the ceremony, the NDSC donated 49 decorated stands with Ks-791,910,50 worth of in-kinds and Ks-885,993,50 worth of cash, totalling Ks-167,790,400.

**100**

# Farmers plan to grow more than 62,000 acres of chickpea in coming cold season

SHWEBO October 30

Based on data of YeU District Agriculture Department, local authorities have earmarked cultivation of 62,029 acres of chickpea as cold season crops in Shwebo District of Sagaing Region.

For the 2025–2026 winter crop season, a total of 62,029 acres of chickpeas are planned for cultivation in Shwebo District — 4,831 acres in Shwebo Township, 2,541 acres in KhinU Township, 54,327 acres in Wetlet Township, and 330 acres in Kyaukmyaung Sub-Township.

“This coming winter crop season, over 62,000 acres of chickpeas are planned in Shwebo District. We are making efforts to meet the target acreage. Chickpea cultivation has been improving year by year. To ensure better yields and quality, we will work together with farmers to provide pure and quality seeds, necessary inputs, and post-harvest technologies,” said Daw Zar Zar Min, Assistant Director of the Shwebo District Department of Agriculture.

It is reported that chickpeas are being cultivated in the district with high-yield varieties such as Yezin-8 and Yezin-11, which are well-suited to the region. The cost of cultivating one acre of chickpeas is over Ks-300,000.

This year, in addition to chickpeas, other pulses are also being grown during the winter crop season. To ensure good yields and quality, farmers are being supported with quality and pure seeds, inputs, and post-harvest technologies. Extension programs are also being carried out to encourage effective use of Trichoderma bio-fungicides during pulse cultivation, in cooperation with lead farmers.

Sagaing Region has the largest pulse cultivation area in the country. Pulses are grown both as primary crops and as intercrops, and are regarded by farmers as important income-generating crops.

**SK**

## Sown acreage of pigeon pea expanded in ChaungU Township

CHAUNGU October 30

Local farmers grew pigeon pea on the sown acreage in ChaungU Township of Sagaing Region, exceeding the target cultivation, according to the Township Agriculture Department.

For the 2025-2026 monsoon cropping season, it has been planned to cultivate 20,300 acres of pigeon pea in ChaungU Township. Cultivation began in May this year, and as of today, a total of 20,315 acres have already been planted, exceeding the target cultivation.

It is learned that this year the township agriculture department is providing field-level awareness to pigeon pea farmers on selecting quality pure seeds, practicing proper cultivation methods, preventing pest infestations, and ensuring good yields.

The Township Agriculture Department is also sharing techniques with farmers to reduce costs by using a mixture of urea and gypsum instead of relying solely on compound fertilizers. This method not only helps lower cultivation expenses but also improves plant growth and keeps crops free from pests and diseases.

**SMK**

# Salingyi Township grows more than 3,000 acres of rainfed paddy

YINMABIN October 30

More than 3,000 acres of rainfed paddy were planted in Salingyi Township of Sagaing Region this year, according to Yinmabin District Agriculture Department.

In the 2025-2026 monsoon crop season, it is planned to cultivate 4,415 acres of rainfed paddy in Salingyi Township. Cultivation began in May this year, and as of today, 3,394 acres have already been planted.

It is reported that during this year’s monsoon crop season, the relevant township Department of Agriculture is cooperating with local farmers to ensure systematic cultivation of rainfed paddy without difficulties.

In Salingyi Township, farmers are being provided with agricultural techniques, awareness on pest control, guidance to prevent crop losses, and advice to ensure that harvested paddy is stored under shelter in time.

It is also learned that in order for the rainfed paddy fields in Salingyi Township to thrive successfully and achieve good yields this year, the Township Department of Agriculture and staff are providing field guidance on selecting quality and pure seed varieties, preventing pest infestations, proper weeding and thinning, removing inferior varieties, and systematic use of fertilizers.

**SK**

# Nyaungdon Township sells Pakhan paddy variety to Yangon market

NYAUNGDON October 30

Merchants from Nyaungdon Township in Ayeyawady Region sold a large volume of Pakhan paddy variety to Yangon market in August, said Daw San San Win, the owner of rice and paddy trading depot in Nyaungdon Township.

They sent 60,000 baskets of Pakhan paddy in August to Yangon market but 45,000 baskets in July.

During the past month, large quantities of Pakhan paddy have been transported from Nyaungdon Township for sale. The Pakhan paddy supplied from Nyaungdon to the Yangon market is of fairly good quality. The variety exported belongs to the non-premium group.

Due to strong demand from buyers in the Yangon market, exports have increased. At present, paddy prices are also on the rise, with Pakhan paddy seeing particularly high demand in the domestic rice and paddy market, said Daw San San Win.

During the past month, Pakhan paddy exported from Nyaungdon Township to Yangon has fetched prices of up to Ks-1.55 million per 100 baskets. With the growing trade in this variety, farmers, traders, freight workers, and vehicle rental operators are all benefiting from increased employment opportunities.

**SMK**



# US, China to have 'Fantastic relationship for long period of time' - Trump



WASHINGTON October 30

US President Donald Trump said on Thursday, during his meeting with Chinese President Xi Jinping, that he believes that the two countries will have fantastic relationship for a long time.

"We will be having some discussions. I think we have already agreed to a lot of things, and we will agree to some more right now, but President Xi is a great leader of a great country, and I think we are going to have a fantastic relationship for a long period of time," Trump said.

**Sputnik**

# Orban: External factor might be behind MOL refinery fire

MOSCOW October 30

Hungarian Prime Minister Viktor Orban said on Thursday that the investigation into the fire at the MOL refinery in Szazhalombatta was underway, not ruling out that the incident was caused by an external factor.

"Last evening, I heard the Interior Minister's report on the incident at the Szazhalombatta oil refinery. The investigation is in full swing. We do not yet know what caused it: an accident, a malfunction, or an external attack," Orban said on social media.

The MOL refinery in Szazhalombatta, located about 30 kilometers south of Budapest on the banks of the Danube, is one of Hungary's five most strategic industrial facilities and operates primarily on Russian crude. The refinery supplies fuel to several Central European countries, including Slovakia. A major fire broke out at the site on the night of October 21, leading to a reduction in production.

**Sputnik**

# 119 killed in massive police operation against Rio criminal ring



RIO DE JANEIRO October 30

At least 119 people were killed in a massive police operation targeting an organized criminal ring in Brazil's second largest city Rio de Janeiro, auhorities said Wednesday.

The large-scale raid was launched Tuesday against members of the Comando Vermelho gang in the Alemao and Penha favelas in the northern part of the city, the Rio de Janeiro state government said.

At a press conference, Rio state's civil police secretary Felipe Curi revised the death toll from an initially reported 128 to 119, including 115 suspected criminals and four police officers.

State Governor Claudio Castro called the operation a "success" and the four slain officers the true victims.

The governor said the figure was based solely on bodies registered at the forensic medical institute, suggesting the final toll could rise.

"I cannot give a final tally until all the bodies have been counted," he added.

**Xinhua**

# 1 dead, 3 injured in helicopter crash in Britain

LONDON October 30

A 70-year-old man died and three others were injured in a helicopter crash in Doncaster, South Yorkshire, British police confirmed on Thursday.

The helicopter had taken off from Retford Gamston Airport shortly before it crashed on Thursday morning.

According to police, the pilot, a 41-year-old man, and two passengers, a 58-year-old woman and a 10-year-old boy, sustained minor injuries.

The British government's Air Accidents Investigation Branch (AAIB) said it has launched an investigation into the incident.

**Xinhua**

# FBI targeted hundreds of Republicans in Trump probe – Senate records

WASHINGTON October 30

The FBI under former US President Joe Biden targeted several hundred Republican figures and organizations in its investigation into alleged 2020 election interference, according to newly released Senate records.

The investigation, dubbed 'Arctic Frost', was launched in April 2022 by then FBI Director Christopher Wray and later became the basis for a criminal case against President Donald Trump. The allegations stemmed from claims that Trump sought to overturn the results of the 2020 election, which he says was marred by widespread voter fraud. The case, led by then special counsel Jack Smith under Attorney General Merrick Garland, was eventually dropped in 2024 after Trump's election victory.

On Wednesday, Senate Judiciary Chairman Chuck Grassley of Iowa unveiled 197 subpoenas issued by Smith and his team during the probe, which he said were obtained from whistleblowers. According to Grassley's office, the subpoenas were sent to 34 individuals and 163 businesses, demanding communications, testimony, and financial records related to at least 430 Republican figures and entities.

The subpoenaed records included correspondence with major media companies such as CBS, Fox News, Fox Business, Newsmax, and Sinclair, as well as communications with White House advisers and "any member, employee or agent of the Legislative Branch of the US Government," Grassley said. The documents also detail requests for "preliminary toll analysis" on several prominent Republican lawmakers.

"Arctic Frost was the vehicle by which partisan FBI agents and DOJ prosecutors could improperly investigate the entire Republican political apparatus," Grassley said during a press conference on Wednesday, adding that the released documents confirm the partisan "weaponization" of law enforcement.

Senator Ted Cruz of Texas said his phone records were among those subpoenaed and that Judge James Boasberg had barred AT&T from informing him about the request for a year. Cruz accused Boasberg of "abusing his power" and called for his impeachment.

"Arctic Frost is Joe Biden's Watergate," Cruz said on X, calling for accountability for the "partisan zealots who sought to corrupt the DOJ and judiciary to attack their enemies."

**RT**

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Builders, green... or something fruity? The health benefits of different teas - and the best time to drink them

There's never not a good time to have a cuppa—especially when you start appreciating the hot drink's plethora of health benefits.

Studies have found that the British staple—made from seeping ground tea leaves in boiling hot water—can help reduce blood pressure, slash the risk of diabetes and help manage anxiety.

Tea's health benefits largely come down to its rich supply of natural compounds called polyphenols—plant-based antioxidants that help protect the body's cells from damage.

Found in both green and black varieties, these compounds have anti-inflammatory compounds that can help prevent a range of chronic illnesses.

Speaking to the Daily Mail, Dr Tim Bond, an expert on the tea advisory panel, said: 'Drinking three or four cups of tea a day is one of the easiest health hacks out there.'

Green tea in particular is high in catechins, a form of polyphenol linked to improved blood vessel function and reduced cholesterol.

'Regular' tea drinkers—that is, those of us who will always opt for a cup of builders' over a more delicate, fragrant blend—may also benefit from the way these antioxidants support the body's defences at a cellular level.

Studies suggest polyphenols can influence gut bacteria, blood sugar control, and even brain health, helping slow cognitive decline as we age.



**Morning - Black tea**

Kicking off his teamaxxing plan is a traditional cuppa, which is usually a blend of black tea.

Black tea contains the highest concentration of flavonoids - the subgroup of polyphenols that is behind the host of health benefits—when it comes to traditional teas, research suggests.

It is also a great way to start the day as it has a high concentration of caffeine. A cup of black tea contains around 47mg of caffeine, while a cup of green tea contains about 33mg of caffeine (a can of Diet Coke, by comparison, contains 46mg of caffeine).

Consumption of anything up to 400mg of caffeine per day - equivalent to about eight cups of black tea - is considered to be safe.

'Our research shows that around 60 per cent of Brits say that a cup of black tea helps get them going in the morning,' says Dr Bond.

'This is good for a number of reasons, of course you have the caffeine but for many - and particularly older people - tea is a great source of hydration as it has the same effect as a glass of water.

'We often wake up dehydrated so that morning cup of tea can help us feel sharp, hydrated and ready to get on with the day.'

He added that it can be taken with or without milk, but be mindful of adding (too much) sugar.

**Lunch - Green tea**

Green tea is one of the most beneficial teas for health, according to experts.

It contains an enormous range of catechins, a kind of polyphenol known to be especially good for protecting your heart and boosting your brain health.

The most potent of the catechins in green tea is known as epigallocatechin gallate (EGCG), and some research indicates that a diet rich in it could ward off both Alzheimer's disease and Parkinson's disease.

There is an added health benefit though which means that Dr Bond thinks the ideal time to drink green tea could be after lunch.

'Green tea is great for oral health as it has anti bacterial properties,' says Dr Bond.

'So it can help give your breath an instant freshness so having a cup after lunch in the office can also be a good idea.'

**Mid afternoon - Jasmine tea**

Floral and fragrant, jasmine tea is one of the world's oldest and most soothing brews.

Traditionally made by layering freshly picked jasmine blossoms over green tea leaves, the flowers are replaced several times until the leaves have absorbed their scent.

The result is a lightly perfumed cup that combines the calming aroma of jasmine with the well-researched health benefits of green tea.

Studies suggest that the aroma of the blossoms themselves may have a relaxing, mood-boosting effect, lowering heart rate and promoting a sense of calm—a reason the tea is often sipped to ease stress.

Jasmine tea contains a significant amount of L-Theanine, an amino acid that can make some people feel more calm and relaxed without having a sedative effect.

According to Dr Bond this molecule that means tea can give drinkers the caffeine boost without the rush of drinking a coffee. This is why it makes the perfect mid afternoon beverage—and it smells so nice, your colleagues will envy you.

**Dinner - Oolong**

Somewhere between green and black, oolong tea is the halfway house of the tea world—and many experts think it offers the best of both.

Originating in China, oolong leaves are only partly oxidised, giving the tea its warm amber colour and a flavour that sits between the grassy freshness of green tea and the richness of black tea.

Research has also linked regular oolong tea drinking to better blood sugar control.

The tea's polyphenols appear to improve insulin sensitivity and slow the absorption of glucose, helping to stabilise energy levels and reduce spikes after meals.

One study even suggests that people with Type 2 diabetes who drink six cups of oolong tea a day for 30 days may find their blood sugar levels reduced.

'Oolong tea can help regulate blood sugar levels,' says Dr Bond.


'So it is great to have during or immediately after a meal, particularly if it is carb heavy.'

**Before bed - Chamomile**

Made from the dried flowers of the Matricaria chamomilla plant, it's one of the oldest herbal remedies in the world, prized for its calming, sleep-promoting effects and subtle, apple-like aroma. It acts as a mild sedative by working on the brain's benzodiazepine receptors, which are responsible for muscle relaxation, and is why many people drink it before bed to help them sleep.

Chamomile is rich in antioxidant flavonoids, particularly apigenin, a compound that binds to certain receptors in the brain to help reduce anxiety and encourage relaxation. A recent review of studies found that chamomile tea has been shown multiple times to help people get to sleep, and stay asleep too. **Mail Online**

# ရန်သူ့ဒရုန်းများကို မီးလောင်တိုက်သွင်းမယ့် ၂၀ ကီလိုဝပ်ရှိ လေဆာလက်နက်




ဂျာမနီတပ်မတော်က ရန်သူ့ဒရုန်းများကို မီးလောင်တိုက်သွင်းနိုင်မယ့် သရုပ်ပြ လေဆာလက်နက်တစ်မျိုးကို မကြာသေးခင်က လက်ခံရရှိလိုက်ပါတယ်။ ဒီလေဆာလက်နက်ကို Rheinmetall နဲ့ MBDA တို့ ကပူးပေါင်းထုတ်လုပ်ထားတာပါ။ လေဆာလက်နက်စွမ်းရည်က သမားရိုးကျပဲ့ထိန်းဒုံးကျည်များကဲ့သို့ စွမ်းဆောင်နိုင်ရုံသာမကဘဲ ၂၀ ကီလိုဝပ်အထိစွမ်းအားရှိတာကြောင့် ဖျက်အားပြင်းထန်ကာ ကုန်ကျစရိတ်လည်း နည်းပါးပါတယ်။

လက်ရှိမှာဆိုရင် လေဆာလက်နက်ရဲ့ ထိရောက်မှုနဲ့တိကျမှုတို့ကို ပကတိစစ်ဆင်ရေးအခြေအနေတွေမှာ အကြိမ် ၁၀၀ နဲ့အထက် စမ်းသပ်ပစ်ခတ်မှုတွေလုပ်ထားပြီးပါပြီ။ ဂျာမနီတပ်မတော်အနေနဲ့ အဲဒီလေဆာလက်နက်တွေကို ၂၀၂၉ ခုနှစ်မှာ စတင်အသုံးပြုသွားဖို့ ရည်ရွယ်ထားတယ်လို့ဆိုပါတယ်။

အခုလက်ခံရရှိထားတဲ့ သရုပ်ပြလေဆာလက်နက်အမျိုးအစားက ရေပြင်အသုံးပြုမှုအတွက် အဓိကထားတာဖြစ်ပါတယ်။ ဒါကြောင့် ပင်လယ်ပြင်လက်တွေ့စမ်းသပ်မှုကို အချိန်တစ်နှစ်ကြာတဲ့အထိလုပ်ထားတယ်လို့လည်း စစ်လက်နက်ပစ္စည်းထုတ်လုပ်ရေးကုမ္ပဏီများက ထုတ်ပြန်ထားပါတယ်။

**Ref: IE**
**ကိုထက်**

# မြင့်မားလာတဲ့စွမ်းအင်လိုအပ်ချက်ကို ဖြေရှင်းပေးနိုင်မယ့် အာကာသဒေတာစင်တာ

ယနေ့ခေတ်မှာ ဉာဏ်ရည်တု(AI)များကို ပိုမိုအသုံးပြုလာတာနဲ့အမျှ မြေပြင်မှာရှိတဲ့ ဒေတာစင်တာများအတွက် စွမ်းအင်လိုအပ်ချက်ကလည်း အလွန်မြင့်မားလာပါတယ်။ ကိန်းဂဏန်းအရပြောရမယ်ဆိုရင် ၂၀၃၀ ပြည့်နှစ်အရောက်မှာ AI ကြောင့်ဖြစ်တဲ့စွမ်းအင်လိုအပ်ချက်က ၁၆၅ ရာခိုင်နှုန်းအထိရှိလာမယ်လို့ ပညာရှင်များက ခန့်မှန်းထားပါတယ်။ ဒါကြောင့် ဒေတာစင်တာများကို မြေပြင်မဟုတ်တဲ့အခြားနေရာများမှာတည်ဆောက်ဖို့ နိုင်ငံအများအပြားက ကြံရွယ်လာကြတာဖြစ်ပါတယ်။

တရုတ်နိုင်ငံဆိုရင် ဒေတာစင်တာကို ပင်လယ်ပြင်ထဲချထားပြီး သူ့အတွက် လိုအပ်တဲ့ စွမ်းအင်ကိုလည်း ပင်လယ်ပြင်ကနေပဲ ရယူအသုံးပြုနေတာဖြစ်ပါတယ်။ အခုစင်ကာပူနိုင်ငံမှ ပညာရှင်များက ဒေတာစင်တာများကို အာကာသထဲမှာဖြန့်ကြက်ထားဖို့ အဆိုပြုလာကြပါတယ်။

အာကာသဒေတာစင်တာများအတွက် လိုအပ်တဲ့စွမ်းအင်ကို နေရောင်ခြည်ကနေ အမြဲတမ်းရရှိနေမှာဖြစ်သလို အာကာသကအေးတဲ့အတွက် ဒေတာစင်တာတွေကို သီးသန့်အအေးပေးစရာမလိုတော့ပါဘူး။ ဒါဟာ စိတ်ကူးအဆင့်သာရှိသေးပေမယ့် လက်ရှိနည်းပညာများကိုအသုံးပြုရုံနဲ့တင် အာကာသထဲမှာ ဒေတာစင်တာများတည်ဆောက်နိုင်မှာဖြစ်ပါတယ်။ ဒေတာစင်တာတွေကို အာကာသထဲမှာတည်ဆောက်မှုက ကနဦးကုန်ကျစရိတ်များပေမယ့် ရေရှည်မှာတွက်ခြေကိုက်ပါတယ်။ **Ref: IE**
**ကိုထက်**



# တိုယိုတာက ကိုရိုလာကားများကို EV များအဖြစ် တစ်ခေတ်ဆန်းသစ်ဖန်တီးမည်



တိုယိုတာကုမ္ပဏီကထုတ်လုပ်ထားတဲ့ ကိုရိုလာကားအမျိုးအစားဟာ သမိုင်းတစ်ခေတ်မှာတော့ ဂန္ထဝင်ကားများအဖြစ်မှတ်တမ်းဝင်ခဲ့ဖူးပါတယ်။ ဒါ့အပြင် ကမ္ဘာပေါ်မှာ အရောင်းရဆုံးမော်တော်ကားအမျိုးအစားကလည်း တိုယိုတာကိုရိုလာပါပဲ။

အခုဆိုရင် တိုယိုတာကုမ္ပဏီက သူတို့ရဲ့ဂန္ထဝင်ဖြစ်တဲ့ ကိုရိုလာကားများကို လျှပ်စစ်စွမ်းအင်သုံးယာဉ်(EV)အဖြစ်ပြောင်းလဲပြီး တိုယိုတာကိုရိုလာများရဲ့ခေတ်ကို တစ်ဖန်ဆန်းသစ်ဖန်တီးဖို့ စီစဉ်လာပါတယ်။ တိုယိုတာက Japan Mobility Show မှာ ခေတ်ရှေ့ပြေး Toyota Corolla Concept ဆိုတဲ့ မော်တော်ကားဒီဇိုင်းကို ထုတ်ဖော်ပြသခဲ့တာဖြစ်ပါတယ်။

သူတို့ရဲ့ဒီဇိုင်းပိုင်းကို ဘယ်လောက်ထိဆန်းသစ်ထားလဲဆိုရင် အခုထုတ်လုပ်မယ့် ကိုရိုလာကားက စွမ်းအင်အရင်းအမြစ်မျိုးစုံကိုတပ်ဆင်အသုံးပြုနိုင်တဲ့ ဒီဇိုင်းပေါ်မှာအခြေခံထားတယ်လို့ဆိုပါတယ်။ အဲဒီစွမ်းအင်တွေထဲမှာ လောင်စာဆီ၊ လောင်စာ–ဘက်ထရီ၊ ဘက်ထရီ၊ ဟိုက်ဒရိုဂျင် စတဲ့ စွမ်းအင်တွေပါဝင်ပါတယ်။

အတွင်းပိုင်းဒီဇိုင်းဆိုရင်လည်း လက်ရှိမြင်တွေ့နေရတဲ့ EV ကားများနဲ့လုံးဝမတူဘဲ ခေတ်ရှေ့ပြေးလွန်းနေပါတယ်။ တိုယိုတာကတော့ လူတိုင်းအတွက် ကိုရိုလာဆိုပြီး အမွှမ်းတင်ထားပါတယ်။

**Ref: AE**
**ကိုထက်**

# ရေဆိုးများကို ရေသန့်အဖြစ်ပြောင်းလဲပေးမယ့် ဂေဟစနစ်နဲ့ကိုက်ညီတဲ့နည်းလမ်း



ယနေ့ကမ္ဘာကြီးမှာ ရေချိုရှားပါးမှုဖြစ်ပေါ်နေတယ်လို့ဆိုပါတယ်။ လူသားတွေအနေနဲ့ တစ်နေ့တစ်နေ့စွန့်ထုတ်နေတဲ့ ရေဆိုးပမာဏကလည်း မနည်းလှပါဘူး။ တကယ်လို့သာ ရေဆိုးတွေကိုရေသန့်အဖြစ်ပြောင်းလဲနိုင်ရင် ရေချိုရှားပါးမှုကလည်း အထိုက်အလျောက်ကျဆင်းသွားမှာဖြစ်ပါတယ်။ ဒါကြောင့် ပညာရှင်များက ရေဆိုးများကို ရေသန့်များအဖြစ်ပြောင်းလဲပေးနိုင်မယ့်နည်းလမ်းများကို ရှာဖွေခဲ့ကြတာဖြစ်ပါတယ်။

ဒါလဟိုစီတက္ကသိုလ်မှ ပညာရှင်များ ဖန်တီးလိုက်တဲ့ ရေသန့်နည်းပညာက ဆန်းသစ်မှုရှိပါတယ်။ သူတို့ရဲ့နည်းပညာအရဆိုရင် ရေဆိုးတွေကို စဉ်ဆက်မပြတ်သန့်ရှင်းခြင်းအားဖြင့် ရေသန့်ကိုထုတ်လုပ်နိုင်မယ်လို့ဆိုပါတယ်။ ဒါ့အပြင် သူတို့ရဲ့စနစ်က ဂေဟစနစ်နဲ့ကိုက်ညီတယ်လို့လည်း ပြောထားပါတယ်။

သူတို့ဖန်တီးထားတာက နှမ်းကြွတ်ပင်မှထွက်ရှိတဲ့စွန့်ပစ်အမှိုက်များနဲ့ ယူကလစ်ပင်ရဲ့လွှစာမှုန့်များကိုပေါင်းစပ်ပြီး သူတို့ကို ကာဗွန်ဓာတ်ပြည့်ဝတဲ့အစိုင်အခဲများအဖြစ်ပြောင်းလဲကာ ရေဆိုးကိုသန့်စင်ခြင်းဖြစ်ပါတယ်။

**Ref: IE**
**ကိုထက်**

# လေထဲမှာ ရက် ၉၀ ပျံဝဲပြီး စစ်သည်များကို 5G ကွန်ရက်ပေးမယ့် နေစွမ်းအင်သုံးဒရုန်း



အမေရိကန်ရေတပ်က သူတို့ရဲ့စစ်သည်များကို မြန်နှုန်းမြင့်အင်တာနက်ကွန်ရက်ဖြစ်တဲ့ 5G ကွန်ရက်ပေးနိုင်စေဖို့အတွက် နည်းလမ်းတစ်မျိုးကိုစဉ်းစားလာပါတယ်။ အဲဒီနည်းလမ်းကတော့ ဒရုန်းများကိုအသုံးပြုခြင်းပါ။ ဒါပေမဲ့ သမားရိုးကျဒရုန်းများက လေထဲမှာအချိန်ကြာမြင့်စွာမနေနိုင်တဲ့အတွက် နောက်တစ်နည်းစဉ်းစားရပြန်ပါတယ်။ နောက်ဆုံးထွက်ပေါ်လာတဲ့နည်းကတော့ နေရောင်ခြည်စွမ်းအင်သုံးဒရုန်းများကို အသုံးပြုဖို့ဖြစ်ပါတယ်။

အမေရိကန်ရေတပ်က "Beyond 5G" ဆိုတဲ့စီမံကိန်းကိုအကောင်အထည်ဖော်ဖို့အတွက် Skydweller Aero ကုမ္ပဏီနဲ့အတူပူးပေါင်းလိုက်ပါတယ်။ အထူးသဖြင့် ဝေဟင်ကနေ အင်တာနက်ကွန်ရက်ပြန်လည်မျှဝေပေးတဲ့နည်းပညာရှိပြီးသားဖြစ်တာကြောင့် Skydweller Aero ကုမ္ပဏီဆီကနေ နေရောင်ခြည်စွမ်းအင်သုံးဒရုန်းကိုရယူအသုံးပြုသွားမှာဖြစ်ပါတယ်။ အဲဒီဒရုန်းတွေက ကာဗွန်ဖိုက်ဘာကိုအသုံးပြုထားတဲ့အတွက် အလွန်ပေါ့ပါတယ်။ နေရောင်ခြည်စွမ်းအင်ကိုသာ ရယူအသုံးပြုတဲ့အတွက် လေထဲမှာ ရက်ပေါင်း ၃၀ မှသည် ၉၀ အထိ ပျံဝဲနေနိုင်စွမ်းရှိတယ်လို့ ကုမ္ပဏီရဲ့ထုတ်ပြန်ချက်မှာဖော်ပြထားပါတယ်။ **Ref: IE**
**ကိုထက်**

# ဆိုင်ကလုန်းမုန်တိုင်း မွန်ထာကြောင့် အန်ဒရာပရာဒေ့ရှ်၌ ပျက်စီးဆုံးရှုံးမှုတန်ဖိုး ရူပီး ၅၃ ဘီလီယံနီးပါးရှိ

ဟိုက်ဒရာဘတ်၊ သဘာဝဘေး

အိန္ဒိယနိုင်ငံ တောင်ပိုင်းကမ်းရိုးတန်းသို့ ယခုသီတင်းပတ်အတွင်း ဝင်ရောက်သွားသော ဆိုင်ကလုန်းမုန်တိုင်းမွန်ထာကြောင့် အန်ဒရာပရာဒေ့ရှ်ပြည်နယ်၌ ပျက်စီးဆုံးရှုံးမှုတန်ဖိုးသည် ရူပီး ၅၃ ဘီလီယံနီးပါး ရှိကြောင်း တာဝန်ရှိသူများက အောက်တိုဘာလ ၃၀ ရက်တွင်ပြောသည်။

အဆိုပါမုန်တိုင်းသည် အောက်တိုဘာလ ၂၈ ရက်ညပိုင်းတွင် အန်ဒရာပရာဒေ့ရှ်ပြည်နယ်ကမ်းရိုးတန်းသို့ ဝင်ရောက်တိုက်ခတ်ရာ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ ရေကြီးမှုများနှင့်လေပြင်းတိုက်ခတ်ခြင်းများဖြစ်ပေါ်ကြောင်း၊ ရေကြီးမှုများကြောင့် လယ်ယာစိုက်ခင်းများ၊ လမ်းများနှင့်အဆောက်အအုံများ ရေလွှမ်းမိုးမှုခံရကြောင်း၊ ကောက်ပဲသီးနှံများမှာ ပျက်စီးသွားကြောင်း ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။ အဆိုပါပျက်စီးဆုံးရှုံးမှုပမာဏတွင်လယ်ယာစိုက်ပျိုးရေးကဏ္ဍက ရူပီး ၈ ဒသမ ၆ ဘီလီယံဖြင့် ဆုံးရှုံးမှုအများဆုံးဖြစ်ကြောင်းသိရသည်။

Ref: ST

# နှစ်နိုင်ငံဆက်ဆံရေးအတွက် ခိုင်မာသောအုတ်မြစ်တည်ဆောက်ရန် တရုတ်နိုင်ငံကအသင့်ရှိဟု ရှီကျင့်ဖျင်က ဒေါ်နယ်ထရမ့်ကိုပြော



ဘူဆန်၊ နိုင်ငံရေး

တရုတ်နိုင်ငံအနေဖြင့် အမေရိကန်နှင့် နှစ်နိုင်ငံဆက်ဆံရေးအတွက် ခိုင်မာသောအုတ်မြစ်တည်ဆောက်ရန် အသင့်ရှိသည်ဟု တရုတ်သမ္မတ ရှီကျင့်ဖျင်က အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်နှင့်တွေ့ဆုံဆွေးနွေးစဉ်ပြောသည်။ ရှီကျင့်ဖျင်နှင့်ထရမ့်တို့သည် တောင်ကိုရီးယားနိုင်ငံ ဘူဆန်မြို့၌ အောက်တိုဘာလ ၃၀ ရက်တွင်ပြုလုပ်သည့် APEC ထိပ်သီးညီလာခံ၏ ဘေးပန်းတွေ့ဆုံမှုအဖြစ်တွေ့ဆုံခြင်းဖြစ်သည်။

"တရုတ်နိုင်ငံနဲ့ အမေရိကန်နိုင်ငံတို့က မိတ်ဖက်များနဲ့ မိတ်ဆွေများဖြစ်သင့်ပါတယ်။ ဒါဟာ သမိုင်းကသင်ပေးလိုက်တဲ့ သင်ခန်းစာကြောင့်ဖြစ်တဲ့အပြင် ဒီအချိန်မှာ မိမိတို့အနေနဲ့ အမှန်တကယ်လိုအပ်နေတဲ့အရာဖြစ်ပါတယ်။ အခုဆိုရင် မိမိတို့ခေါင်းဆောင်နှစ်ဦးရဲ့ ဦးဆောင်လမ်းညွှန်မှုများအောက်မှာ တရုတ်နဲ့အမေရိကန်တို့ကြားဆက်ဆံရေးက ဘက်စုံထောင့်စုံမှာ တည်ငြိမ်နေတယ်လို့ဆိုနိုင်ပါတယ်" ဟု ရှီကျင့်ဖျင်ကပြောသည်။

ထို့ပြင် နှစ်နိုင်ငံခေါင်းဆောင်များသည် နှစ်နိုင်ငံဆက်ဆံရေးအတွက် ပဲ့ကိုင်သူများဖြစ်ကြောင်း၊ လေပြင်းများတိုက်ခတ်ချိန်၊ လှိုင်းတံပိုးထန်ချိန်၊ စိန်ခေါ်မှုများကြုံတွေ့ရချိန်တို့တွင် မိမိတို့အနေဖြင့် မှန်ကန်သောလမ်းကြောင်းပေါ်တွင်သာ ဆက်ရှိနေစေရန်ထိန်းကျောင်းရမည်ဖြစ်ကြောင်း ရှီကျင့်ဖျင်ကပြောသည်။ ယခုတွေ့ဆုံမှုအတွင်း နှစ်နိုင်ငံကြားကုန်သွယ်ရေးစစ်ပွဲကိုဆိုင်းငံ့ရန်သဘောတူညီချက်ရရှိခဲ့ကြောင်း သိရသည်။

Ref: Xinhua

# ပါကစ္စတန်က အာဖဂန်နစ္စတန်နှင့် ဆွေးနွေးမှုများ ပြန်လည်ပြုလုပ်ရန် သဘောတူ

အစ္စလာမ်မာဘတ်၊ နိုင်ငံရေး

ပါကစ္စတန်အစိုးရအဖွဲ့က တူကီယဲနိုင်ငံ အစ္စတန်ဘူမြို့၌ အာဖဂန်နစ္စတန်အစိုးရအဖွဲ့နှင့် တွေ့ဆုံဆွေးနွေးမှုများပြန်လည်ပြုလုပ်ရန်သဘောတူကြောင်း၊ အာဖဂန်နစ္စတန်အစိုးရနှင့် အိမ်ရှင်တူကီယဲနိုင်ငံတို့က တောင်းဆိုသည့်အတွက်သဘောတူခြင်းဖြစ်ကြောင်း ပါကစ္စတန်လုံခြုံရေးဆိုင်ရာသတင်းအရင်းအမြစ်များကပြောသည်။

ထို့ကြောင့် အစ္စတန်ဘူမြို့မှ ထွက်ခွာရန်ပြင်ဆင်ထားသည့် ပါကစ္စတန်ကိုယ်စားလှယ်အဖွဲ့သည် ဆွေးနွေးမှုများလုပ်နိုင်ရန် ထိုမြို့၌ဆက်လက်နေထိုင်သွားမည်ဖြစ်ကြောင်း သတင်းအရင်းအမြစ်များကပြောသည်။

ယခုတွေ့ဆုံဆွေးနွေးမှုတွင် ပါကစ္စတန်နိုင်ငံ၏ အဓိကတောင်းဆိုချက်အပေါ် ဦးစားပေးဆွေးနွေးသွားမည်ဖြစ်ကြောင်း၊ ပြီးခဲ့သည့်ဆွေးနွေးပွဲတွင် အလုပ်ဖြစ်သောဆုံးဖြတ်ချက်များကို ချမှတ်နိုင်ခြင်းမရှိကြောင်း သတင်းအရင်းအမြစ်က ပြောသည်။

Ref: Xinhua

# အမေရိကန်အစိုးရအဖွဲ့ လုပ်ငန်းလည်ပတ်မှု ရပ်ဆိုင်းခြင်းကြောင့် ဒေါ်လာ ၁၄ ဘီလီယံ ဆုံးရှုံးနိုင်

ဝါရှင်တန်၊ စီးပွားရေး

အမေရိကန်နိုင်ငံ၌ လက်ရှိဖြစ်ပွားနေသော အစိုးရအဖွဲ့လုပ်ငန်းလည်ပတ်မှုရပ်ဆိုင်းခြင်းကြောင့် စီးပွားရေးအရဆုံးရှုံးမှုသည် ဒေါ်လာ ၁၄ ဘီလီယံအထိရှိလာနိုင်ကြောင်း၊ အထူးသဖြင့် အချိန်ကြာရှည်မှုအပေါ်မူတည်ကြောင်း လွှတ်တော်မှ အစိုးရအဖွဲ့ အသုံးစရိတ်ဆိုင်ရာရုံးက ထုတ်ပြန်ထားသည်။

အစိုးရအဖွဲ့အနေဖြင့် လာမည့်ဘဏ္ဍာနှစ်အတွက် အသုံးစရိတ်ရရှိခြင်းမရှိသောကြောင့် လုပ်ငန်းလည်ပတ်မှုများရပ်ဆိုင်းနေသည်မှာ သီတင်းပတ်ငါးပတ်အတွင်း ဝင်လာပြီဖြစ်ကြောင်း၊ သို့သော် ရီပတ်ဘလစ်ကန်နှင့် ဒီမိုကရက်တစ်တို့ကြား ထိုအသုံးစရိတ်နှင့်ပတ်သက်၍ သဘောတူနိုင်သည့်အရိပ်အယောင်မရှိကြောင်းနှင့်အစိုးရအဖွဲ့လုပ်ငန်းလည်ပတ်မှုရပ်ဆိုင်းခြင်းက သမိုင်းတစ်လျှောက်စံချိန်တင်ကြာမြင့်သွားနိုင်ကြောင်း သိရသည်။

Ref: Xinhua

# မွမ်ဘိုင်းမြို့၌ ကလေးငယ်များစွာ ပြန်ပေးဆွဲခံရ ရဲတပ်ဖွဲ့က အောင်မြင်စွာကယ်တင်နိုင်




မွမ်ဘိုင်း၊ ရာဇဝတ်မှု

အိန္ဒိယနိုင်ငံ၏ဘဏ္ဍာရေးအချက်အချာဖြစ်သော မွမ်ဘိုင်းမြို့၌ ကလေးငယ်များစွာပြန်ပေးဆွဲခံရကြောင်းနှင့် ရဲတပ်ဖွဲ့က ပြန်ပေးဆွဲခံရသည့် ကလေးငယ်များကို အောင်မြင်စွာကယ်တင်လိုက်နိုင်ကြောင်း သိရသည်။

ပြန်ပေးဆွဲမှုဖြစ်စဉ်သည် အောက်တိုဘာလ ၃၀ ရက်တွင် မွမ်ဘိုင်းမြို့ရှိ စတူဒီယိုတစ်ခု၌ဖြစ်ပွားခြင်းဖြစ်ပြီး ကလေးများကိုပြန်ပေးဆွဲသူမှာ ထိုစတူဒီယိုတွင် အလုပ်လုပ်နေသော အလုပ်သမားတစ်ဦးဖြစ်ကြောင်း၊ ထိုသူ၏အမည်မှာ ရိုဟစ်အာယာဖြစ်ကြောင်း ရဲတပ်ဖွဲ့ထုတ်ပြန်ချက်၌ဖော်ပြထားသည်။

ရိုဟစ်အာယာသည် သရုပ်ဆောင်လူရွေးပွဲလုပ်နေစဉ် ယခုကဲ့သို့ပြန်ပေးဆွဲမှုကိုကျူးလွန်ခြင်းဖြစ်သည်။ အခင်းဖြစ်ချိန်တွင် ရိုဟစ်အာယာသည် လူရွေးပွဲသို့ လာရောက်သည့်ကလေးအယောက် ၈၀ ခန့်ကို ပြန်လွှတ်ပေးသော်လည်း အသက် ၁၅ နှစ်ဝန်းကျင်ရှိ ကလေး ၁၇ ဦးကို ဓားစာခံအဖြစ် ဖမ်းဆီးလိုက်ခြင်းဖြစ်သည်။

၎င်းသည် ငွေကြေးများကိုတောင်းဆိုခြင်းမပြုဘဲ စိတ်ခံစားမှုနှင့်စာရိတ္တပိုင်းဆိုင်ရာများကိုတောင်းဆိုခြင်းဖြစ်သည်။ ယင်းနောက် ရဲတပ်ဖွဲ့က ပြန်ပေးဆွဲသူကိုအသေပစ်ခတ်ဖမ်းဆီးကာ ဓားစာခံများကို ကယ်တင်လိုက်နိုင်ကြောင်း တာဝန်ရှိသူများကပြောသည်။

Ref: IT

# အမေရိကန်အနေဖြင့် နျူကလီးယားလက်နက်များ စမ်းသပ်မှုလုပ်လျှင် ရုရှားကတုံ့ပြန်မည်ဟုဆို

မော်စကို၊ စစ်ရေး

အမေရိကန်နိုင်ငံအနေဖြင့် နျူကလီးယားလက်နက်များစမ်းသပ်မှုဆိုင်းငံ့သည့် သဘောတူညီချက်ကိုချိုးဖောက်ပြီး နျူကလီးယားလက်နက်များကို စမ်းသပ်မှုများလုပ်ပါက အမေရိကန်၏လုပ်ဆောင်မှုနှင့် အညီလက်တုံ့ပြန်မည်ဟု ရုရှားသမ္မတရုံးမှပြောရေးဆိုခွင့်ရှိသူ ဒီမိထရီပက်စကော့က အောက်တိုဘာလ ၃၀ ရက်တွင်ပြောသည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ပင်တဂွန်စစ်ဌာနချုပ်အနေဖြင့် နျူကလီးယားလက်နက်များကို စမ်းသပ်မှုများ ပြန်လည်စတင်လုပ်ဆောင်ရန် ညွှန်ကြားထားကြောင်း အောက်တိုဘာလ ၃၀ ရက်တွင်ပြောပြီးနောက် ရုရှားအစိုးရက ယခုကဲ့သို့ထုတ်ပြန်လာခြင်းဖြစ်သည်။

အခြားအင်အားကြီးနိုင်ငံများက နျူကလီးယားလက်နက်များ စမ်းသပ်နေသည့်အတွက် အမေရိကန်ကလည်း အလားတူလုပ်ဆောင်ရမည်ဖြစ်ကြောင်း ထရမ့်က ပြောထားခြင်းဖြစ်သည်။ သို့သော် ထရမ့်ပြောသကဲ့သို့ ရုရှားနိုင်ငံက နျူကလီးယားလက်နက်များကိုစမ်းသပ်ခြင်းမရှိကြောင်း၊ Burevestnik ဒုံးကျည်ကိုရည်ညွှန်းပါကယင်းသည် နျူကလီးယားလက်နက်စမ်းသပ်မှုမဟုတ်ဘဲ နိုင်ငံတိုင်းကဆောင်ရွက်ပိုင်ခွင့်ရှိသည့် နိုင်ငံတော်ကာကွယ်ရေးစနစ်ကိုစမ်းသပ်ခြင်းသာဖြစ်ကြောင်း ပက်စကော့ကပြောထားသည်။

Ref: RT



# မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား ၅၁ ဦး ထပ်မံထိန်းသိမ်းနိုင်ခဲ့ပြီး နိုင်ငံပေါင်း ၁၇ နိုင်ငံမှ ပြည်ပနိုင်ငံသား ၁၄၃ ဦး ထပ်မံစစ်ဆေးနိုင်ခဲ့



မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့်ပြည်ပနိုင်ငံသားများအား သက်ဆိုင်ရာနိုင်ငံများသို့လွှဲပြောင်းပေးအပ်နိုင်ရေးဆောင်ရွက်စဉ်။

**နေပြည်တော် အောက်တိုဘာ ၃၀**


နိုင်ငံတော်အစိုးရအနေဖြင့် နယ်စပ်ဒေသများ၌ တရားမဝင် ဝင်ရောက်နေထိုင်ပြီး အွန်လိုင်းလောင်းကစားမှု၊ အွန်လိုင်းလိမ်လည်မှုအပါအဝင် ဒုစရိုက်မှုလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများကို စုံစမ်းစစ်ဆေးဖော်ထုတ်၍ သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးအပ်လျက်ရှိသည်။


ထိုသို့ စုံစမ်းဖော်ထုတ်လျက်ရှိရာ ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ်၊ မြဝတီ–မဲ့ထော်သလေး (KK Park)နယ်မြေမှ အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ ကျူးလွန်ခဲ့ကြသည့် အင်ဒိုနီးရှားနိုင်ငံသား ၂၈ ဦး၊ ဖိလစ်ပိုင်နိုင်ငံသား ၂၀ ဦး၊ နီပေါနိုင်ငံသား နှစ်ဦးနှင့် ဗီယက်နမ်နိုင်ငံသား တစ်ဦး စုစုပေါင်း ပြည်ပနိုင်ငံသား ၅၁ ဦးအား ထပ်မံထိန်းသိမ်းနိုင်ခဲ့ပြီး နိုင်ငံပေါင်း ၁၇ နိုင်ငံမှ ပြည်ပနိုင်ငံသား ၁၄၃ ဦးကို ထပ်မံစစ်ဆေးနိုင်ခဲ့ကာ သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြန်လည်လွှဲပြောင်းပေးနိုင်ရေးအတွက် ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များ၏ လိုအပ်သည့်ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများ စာရင်းကောက်ယူခြင်း လုပ်ငန်းဆောင်ရွက်နေမှုတို့ကို မြဝတီခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကောင်းစံလင်း၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကရင်ပြည်နယ်၊ ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဘုန်းနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီလ ၃၀ ရက်မှ အောက်တိုဘာလ ၃၀ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၁၀၆၉၁ ဦး ထိန်းသိမ်းနိုင်ခဲ့ကာ ၁၀၅၉၆ ဦးကို စစ်ဆေးခဲ့ပြီး ၎င်းတို့အနက်မှ ၉၃၆၅ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၁၃၂၆ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင်ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန်အရေးယူနိုင်ရေး အိမ်နီးချင်းနှင့် ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် တက်ကြွစွာပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့်လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြည်နှင်လွှဲပြောင်းပေးနိုင်ရေး ထိရောက်စွာညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(၁၀၀)




➲ ကျောဖုံးမှအဆက်

ဖြစ်ပေါ်လာနိုင်ခြင်းကြောင့် လည်းကောင်း အောက်တိုဘာလ ၃၁ ရက်မှ နိုဝင်ဘာလ ၅ ရက်အတွင်း စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် နေရာကျဲကျဲနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် ဒေသအလိုက်နှင့် နေရာကွက်၍ မိုးကြီးခြင်းများဖြစ်ပေါ်နိုင်သည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်ပါသည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၈ ပေမှ ၁၀ ပေခန့်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်း စသည့်သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် အဆိုပါဒေသများရှိ ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီးရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ပါရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေး၊ လေကြောင်းပျံသန်းရေးနှင့်ဆည်မြောင်းတာတမံများအနေဖြင့် လိုအပ်သည်များကြိုတင်ပြင်ဆင်ဆောင်ရွက်ထားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

(မိုး/ဇလ)

### ❒ အထူးကုန်ရထားမှ

မန္တလေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့ရှိ လျှော်ဘေးဒဏ် ပြန်လည်ထူထောင်ရေးနှင့်တည်ဆောက်ရေးလုပ်ငန်းများအတွက် လိုအပ်သော ဆောက်လုပ်ရေးသုံးပစ္စည်းများကို အထူးကုန်ရထားများဖြင့် ပို့ဆောင်ပေးလျက်ရှိရာ ယခုအခါ HRB 500 အမျိုးအစား သံချောင်းလုံး တန်ချိန် ၂၂၂၉ ဒသမ ၆၃ တန်၊ 4 Angle 0.33 mm အမိုးသွပ်ပြားချပ်ရေ ၄၉၀၀၀ ချပ် (တန်ချိန် ၂၂၇ ဒသမ ၉၁ တန်)နှင့် ဘိလပ်မြေအိတ် ၁၉၄၆၀ အိတ် (တန်ချိန် ၉၇၃ တန်) တို့အား ပို့ဆောင်ရောက်ရှိခဲ့ပြီးဖြစ်ကြောင်း သိရှိရသည်။ (၁၀၀)

### ❍ စိတ်ပြောင်းဆေးဝါးများမှ

သတင်းကွင်းဆက်အရ အောက်တိုဘာလ ၂၄ ရက်နေ့ မွန်းလွဲ ၂ နာရီခွဲအချိန် ပြည်ကြီးတံခွန်မြို့နယ်၊ (ည)ရပ်ကွက်၊ ၅၅ x ၅၆ လမ်းကြားနှင့် ၁၄၁ x ၁၄၂ လမ်းကြားတွင် ဇင်ဖြိုးဦး(ခ)ကိုဖြိုးအား NISSAN ၁၂ ဘီးမော်တော်ယာဉ်ပေါ်မှ ဘိန်းဖြူ ၆ ဒသမ ၁၇ ကီလို၊ စိတ်ပြောင်းဆေးဝါးများဖြစ်သည့် HAPPY WATER ၇၇၅ ဂရမ်တို့နှင့်အတူ ဖမ်းဆီးရမိခဲ့သဖြင့် စုစုပေါင်းဘိန်းဖြူ ၆ ဒသမ ၁၇ ကီလို (၎င်းဒေသတန်ဖိုးငွေကျပ် ၁၅၄၂ ဒသမ ၅ သိန်း)၊ ဘိန်းဆီခဲ ၇၄ ကီလို (၎င်းဒေသတန်ဖိုးငွေကျပ် သိန်း ၁၄၈၀)၊ စိတ်ပြောင်းဆေးဝါးများဖြစ်သည့် HAPPY WATER ၉ ဒသမ ၇၇၅ ကီလို (၎င်းဒေသတန်ဖိုးငွေကျပ်သိန်း ၆၃၃၀)၊ အက်တက်စီဆေးပြား ၁၀၀၀ ပြား (၎င်းဒေသတန်ဖိုးငွေကျပ်သိန်း ၄၅၀)၊ ကက်တမင်း ၁၁ ဒသမ ၂ ကီလို (၎င်းဒေသ တန်ဖိုးငွေကျပ်သိန်း ၁၁၂၀)၊ စိတ်ကြွရူးသွပ်ဆေးပြား ၁ ဒသမ ၁၄ သိန်း(၎င်းဒေသတန်ဖိုးငွေကျပ်သိန်း ၅၇၀)၊ (စုစုပေါင်းတန်ဖိုးငွေကျပ် ၁ ဒသမ ၁၄၉၂၅ ဘီလီယံ) ဖမ်းဆီးရမိခဲ့ကြောင်း။




ပြည်ကြီးတံခွန်မြို့နယ်တွင် တရားခံ ဇင်ဖြိုးဦး(ခ)ကိုဖြိုးအား ဖမ်းဆီးရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

စစ်ဆေးပေါ်ပေါက်ချက်များအရ ဖမ်းဆီးရမိ မော်တော်ယာဉ် ၂ စီး၏ပိုင်ရှင် ရဲစိုးဦး(ခ)ရဲနိုင် (ဖမ်းဆီးရန်ကျန်)သည် မိုင်းရယ်မြို့မှ မူးယစ်ဆေးဝါးနှင့် စိတ်ပြောင်းဆေးဝါးများအား ကရင်ပြည်နယ်၊ ဘားအံမြို့သို့လည်းကောင်း၊ မန္တလေးမြို့သို့လည်းကောင်း၊ ဘုတလင်မြို့နယ်နေ ရာဇာလင်း(ခ) မော်စီ (ဖမ်းဆီးရန်ကျန်)နှင့် ရှိုင်းဗိုလ်(ခ)ငမော့ တို့အား သယ်ဆောင်ခိုင်းခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား ဆက်လက်ဖော်ထုတ်လျက်ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သတင်းရရှိသည်။

(၁၀၀)

# ကယားပြည်နယ်အတွင်း ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေး(၂/၂၀၂၅)ကျင်းပ

လွိုင်ကော် အောက်တိုဘာ ၃၀

ကယားပြည်နယ်အတွင်း ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး(၂/၂၀၂၅)ကို ယနေ့နံနက်ပိုင်းတွင် ပြည်နယ်အစိုးရအဖွဲ့ရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ ပြည်နယ်၊ ခရိုင်၊ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများမှ ရွေးကောက်ပွဲအရာရှိများနှင့်လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်နယ်၊ ခရိုင်၊ မြို့နယ်ဦးစီးမှူးများ တက်ရောက်ကြသည်။

အစည်းအဝေးတွင်ပြည်နယ်ဝန်ကြီးချုပ်က ပြည်နယ်အတွင်းကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအားလွတ်လပ်ပြီးတရားမျှတသောရွေးကောက်ပွဲ၊ ဂုဏ်သိက္ခာရှိသော ရွေးကောက်ပွဲအဖြစ်အောင်မြင်စွာကျင်းပနိုင်ရေးအတွက်မဲစာရင်းများ ဆောင်ရွက်ရာတွင် အမှားအယွင်းမရှိစေရေး ဂရုပြုဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ထို့ကြောင့် မဲစာရင်းများ မှန်ကန်စေရေး၊ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများအားလုံး မဲပေးခွင့်ဆုံးရှုံးမှုမရှိစေရေး တာဝန်ရှိသူအားလုံးက အလေးထားဆောင်ရွက်ကြရန်လိုကြောင်း၊ ရွေးကောက်ပွဲကာလတစ်လျှောက်လုံး လုံခြုံရေးပိုင်းဆိုင်ရာနှင့်ပတ်သက်၍ လိုအပ်သည်များ ပေါင်းစပ်ဆောင်ရွက်ပေးရန်နှင့်ရွေးကောက်ပွဲလုပ်ငန်းစဉ်များတွင်ပါဝင်ဆောင်ရွက်ကြမည့်ဝန်ထမ်းများအနေဖြင့်လည်း အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ခံယူဆောင်ရွက်ကြရန်လိုကြောင်းပြောကြားသည်။



ထို့နောက် ပြည်နယ်ရွေးကောက်ပွဲအရာရှိက ပြည်နယ်အတွင်း ရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေး ဆောင်ရွက်ထားရှိမှုနှင့် မဲရုံများလျာထားမှုအခြေအနေများကို လည်းကောင်း၊ ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင်၊ မြို့နယ်အုပ်ချုပ်ရေးမှူးများက ရွေးကောက်ပွဲကျင်းပနိုင်ရန်အတွက် လုပ်ငန်းများပူးပေါင်းဆောင်ရွက်လျက်ရှိသည့် အခြေအနေများကိုလည်းကောင်း၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်နယ်ဦးစီးမှူးက မဲဆန္ဒရှင်စာရင်းများ ပြည့်စုံမှန်ကန်စေရေး၊ သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ဆောင်ရွက်လျက်ရှိသည့်အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ တက်ရောက်လာသူများနှင့် ခရိုင်၊ မြို့နယ်အုပ်ချုပ်ရေးမှူးများက ဖြည့်ဆည်းပေးရန်နှင့် ပေါင်းစပ်ညှိနှိုင်းပေးရန်များကိုတင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်က တင်ပြချက်များအပေါ် ဖြည့်စွက်ဆွေးနွေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးကာ နိဂုံးချုပ်အမှာစကားပြောကြားသည်။

ထို့ပြင် ပြည်နယ်ဝန်ကြီးချုပ်သည် တာဝန်ရှိသူများနှင့်အတူ လွိုင်ကော်မြို့ မြို့နာမ်ရွှေစေတီတော်၊ နောင်ယားကန်သာနှင့် ထေးသမ(လေ့ကျင့်ရေးအလယ်တန်းကျောင်း)များသို့သွားရောက်၍ မြို့သန့်ရှင်းသာယာလှပရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် အခြေခံပညာကျောင်းများ ပြုပြင်ဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

# တရားမဝင်သစ်မျိုးစုံ၊ စားသောက်ကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ယာဉ်များနှင့် တရားမဝင်ကုန်ပစ္စည်းတင်မော်တော်ယာဉ် ဖမ်းဆီးရမိ



လိုင်စင်မဲ့မော်တော်ယာဉ် (Honda Partner GJ3 2006 Model)

ချင်းပြည်နယ်၌ ဖမ်းဆီးရမိမှု။



လိုင်စင်မဲ့မော်တော်ယာဉ် (Hino Truck 2005 Model)

ပဲခူးတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။



Napoli Cigarette

မန္တလေးတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။

နေပြည်တော် အောက်တိုဘာ ၃၀

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ချင်းပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **အောက်တိုဘာလ ၁၄ ရက်**တွင် ဟားခါးမြို့နယ် ဈေးသစ်ရပ်ကွက်၌ လိုင်စင်မဲ့မော်တော်ယာဉ်(၁)စီး **(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၀၀၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ **အောက်တိုဘာလ ၂၇ ရက်**တွင် ပဲခူးမြို့နယ်အတွင်း၌ လိုင်စင်မဲ့မော်တော်ယာဉ်(၂)စီး (ခန့်မှန်းတန်ဖိုးငွေကျပ်၁၀၀၀၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ အုတ်တွင်းမြို့နယ်နှင့် ပေါက်ခေါင်းမြို့နယ်တို့အတွင်း၌ တရားမဝင် ကျွန်းသစ် (၁ ဒသမ ၂၃၂)တန်၊ အခြားသစ် (၃ ဒသမ ၇၁၈)တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၇၆၀၆၀)ကို သစ်တောဥပဒေအရလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၁၉၇၆၀၆၀)** ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **အောက်တိုဘာလ ၂၈ ရက်**တွင် ရတနာပုံတံတားစစ်ဆေးရေးဂိတ်၌ မော်တော်ယာဉ် (၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း(၂)မျိုး(ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၄၉၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Isuzu Van (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ်၅၅၀၀၀၀၀၀)၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၇၉၉၀၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အမှုတွဲဖွင့်လှစ်ထားရှိသည်။

အလားတူ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **အောက်တိုဘာလ ၂၈ ရက်နှင့် ၂၉ ရက်**တို့တွင် မြန်မာ့စက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာ (၁)လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း (၃)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၈၃၀၉၁၉) ကိုလည်းကောင်း၊ အေးရှားဝေါလ်ဆိပ်ကမ်း၌ ကုန်သေတ္တာ (၂)လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း(၃) မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၆၃၈၈၀၄)ကိုလည်းကောင်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ခရီးသည်(၂)ဦး၏ ဝန်စည်များအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လျှပ်စစ်ပစ္စည်း(၂၇)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၃၃၃၀၀၀၀၀) ကိုလည်းကောင်း၊ မိုင်းဆတ်မြို့နယ် ဆိုက်ခေါင်ကျေးရွာအနီး လမ်းဘေးတစ်နေရာ၌စုပုံထားသော အကောက်ခွန်မဲ့ လုပ်ငန်းသုံးပစ္စည်း (၄)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၈၀၀၀၀၀) ကိုလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ်**



Ceramic Tile

အကောက်ခွန်ဦးစီးဌာနမှ ဖမ်းဆီးရမိမှု။

**၂၇၉၅၆၉၇၂၃)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အမှုတွဲဖွင့်လှစ်ဆောင်ရွက်ထားရှိသည်။

၂၀၂၅ ခုနှစ်၊ **အောက်တိုဘာလ ၁၄ ရက်၊ ၂၇ ရက်၊ ၂၈ ရက်နှင့် ၂၉ ရက်**တို့တွင် ဖမ်းဆီးရမိမှု **စုစုပေါင်းမှာ အမှုတွဲ(၁၂)မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၇၁၄၄၅၇၈၃)**ကို ဖမ်းဆီးရမိခဲ့သည်။ နိုင်ငံတော်၏ စီးပွားရေးဦးတည်ချက်များနှင့်အညီ ကုန်သွယ်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် တရားမဝင်ကုန်သွယ်မှုများသည် အဓိကအဟန့်အတားဖြစ်ပေါ်စေပြီး လူမှုစီးပွားရေးကဏ္ဍအပေါ် များစွာဆိုးကျိုးသက်ရောက်ခြင်းများကြောင့် ၎င်းတရားမဝင်တင်သွင်းမှုများအား သက်ဆိုင်ရာတာဝန်ရှိသူများမှ ယခုထက်ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သတင်းရရှိသည်။

မြဝတီ

# “အများပြည်သူဆိုင်ရာဝယ်ယူရေးလုပ်ငန်းများတွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေပြဋ္ဌာန်းချက်များအား လေးစားလိုက်နာခြင်း” ခေါင်းစဉ်ဖြင့်စကားဝိုင်းဆွေးနွေးပွဲ ဗီဒီယိုကွန်ဖရင့်ဖြင့်ကျင်းပ




နေပြည်တော် အောက်တိုဘာ ၂၀

မြန်မာနိုင်ငံ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရှေ့နေချုပ်ရုံးတို့အကြား ၂၀၂၄-၂၀၂၆ ပူးပေါင်းဆောင်ရွက်မှုအစီအစဉ်အရကျင်းပသည့် “အများပြည်သူဆိုင်ရာဝယ်ယူရေးလုပ်ငန်းများတွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေပြဋ္ဌာန်းချက်များအား လေးစားလိုက်နာခြင်း” ခေါင်းစဉ်ဖြင့် စကားဝိုင်းဆွေးနွေးပွဲကို ယနေ့မွန်းလွဲ ၁ နာရီတွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး အစည်းအဝေးခန်းမ(၂)၌ ဗီဒီယိုကွန်ဖရင့်ဖြင့်ကျင်းပသည်။

အခမ်းအနားသို့ ကော်မရှင်ရုံး အမြဲတမ်းအတွင်းဝန် ဦးထိန်လင်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ညွှန်ကြားရေးမှူးများနှင့် အရာထမ်းများ တက်ရောက်ကြပြီး ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရှေ့နေချုပ်ရုံးနှင့် မြန်မာနိုင်ငံ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်မှတာဝန်ရှိသူများက အဖွင့်အမှာစကားပြောကြားသည်။

ယင်းနောက် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရှေ့နေချုပ်ရုံးမှ တာဝန်ရှိသူများက အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးစီမံကိန်းများနှင့် အခမ်းအနားများ (အစည်းအဝေးများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ ဖိုရမ်များ)တွင် အာဏာပိုင်ရှေ့နေများ၏ပါဝင်ဆောင်ရွက်မှု၊ အများပြည်သူဆိုင်ရာဝယ်ယူရေးလုပ်ငန်းများတွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေလိုက်နာမှုအပေါ် အစိုးရရှေ့နေ၏ကြီးကြပ်မှုဆိုင်ရာ ဆောင်ရွက်မှုများ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရှေ့နေချုပ်ရုံး၏လုပ်ငန်းဆောင်ရွက်မှုများတွင် ခေတ်မီနည်းပညာများအသုံးပြုမှု ခေါင်းစဉ်တို့ဖြင့် ဆွေးနွေးကြသည်။

ထို့နောက် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်မှ တာဝန်ရှိသူများက အများပြည်သူဆိုင်ရာ ဝယ်ယူရေးလုပ်ငန်းများတွင်ဖြစ်ပွားသည့် အဂတိလိုက်စားမှုများကို အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေနှင့်အညီ အရေးယူဆောင်ရွက်မှုများ၊ အပြည်ပြည်ဆိုင်ရာအဂတိလိုက်စားမှုတိုက်ဖျက်ရေးလှုပ်ရှားမှုများနှင့် အခမ်းအနားများ (အစည်းအဝေးများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ ဖိုရမ်များ)တွင် ပူးပေါင်းပါဝင်ဆောင်ရွက်မှုခေါင်းစဉ်တို့ဖြင့် ဆွေးနွေးကြပြီး သိရှိလိုသည်များကို အပြန်အလှန်မေးမြန်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

မြဝတီ

# စိုက်ပျိုးရေးနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေး နှစ်ဆင့်ချေးငွေစီမံကိန်း ဦးဆောင်ကော်မတီ အစည်းအဝေးကျင်းပ

နေပြည်တော် အောက်တိုဘာ ၂၀

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်က အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် စိုက်ပျိုးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး နှစ်ဆင့်ချေးငွေစီမံကိန်း ဦးဆောင်ကော်မတီ၏ (၃၄)ကြိမ်မြောက် အစည်းအဝေးကို ယမန်နေ့မွန်းလွဲပိုင်းက ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ဦးဆောင်ကော်မတီဥက္ကဋ္ဌ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်သန်းသန်းလင်းက စိုက်ပျိုးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး နှစ်ဆင့်ချေးငွေစီမံကိန်းကို ၂၀၁၇ ခုနှစ် ဇူလိုင်လတွင်စတင်ခဲ့ပြီး အတိုးနှုန်းသက်သာစွာ နှစ်တို သုံးနှစ်၊ နှစ်ရှည် ငါးနှစ် အရစ်ကျပြန်ဆပ်စနစ်ဖြင့် ချေးငွေများ ထုတ်ချေးပေးလျက်ရှိကြောင်း၊ စီမံကိန်းစတင်သည်မှ ၂၀၂၅ ခုနှစ် အောက်တိုဘာလ ၂၃ ရက်အထိ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ ပြည်နယ် ၁၄ ခုရှိ မြို့နယ် ၁၈၇ မြို့နယ်မှ တောင်သူ ၅၉၂၃ ဦးသို့ ချေးငွေကျပ် ၂၆၀၂၃၃ ဒသမ ၀၉ သန်း ထုတ်ချေးပေးထားပြီး ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွင်း တိုင်းဒေသကြီး/ပြည်နယ် ခြောက်ခုရှိမြို့နယ် ၃၃ မြို့နယ်မှ တောင်သူ ၁၀၇ ဦးသို့ ချေးငွေကျပ် ၁၂၇၈၅ ဒသမ ၀၂ သန်းထုတ်ချေးခဲ့ကြောင်း၊ ချေးငွေစည်းမျဉ်းစည်းကမ်းများနှင့် ညီညွတ်သည့် ချေးငွေလျှောက်ထားသူတောင်သူများကို စိုက်ပျိုး/ ရိတ်သိမ်းချိန်အမီ ချေးငွေများကို တာဝန်ယူမှု၊ တာဝန်ခံမှုအပြည့်ဖြင့် စနစ်တကျစိစစ်ထုတ်ချေးနိုင်စေရေး တာဝန်ရှိသူများက စဉ်ဆက်မပြတ်ကြိုးပမ်းဆောင်ရွက်ပေးရန် လိုအပ်မည်ဖြစ်ကြောင်း ဆွေးနွေးမှာကြားသည်။

ယင်းနောက် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး ဦးမင်းသူနှင့်တာဝန်ရှိသူများက Two Step Loan ချေးငွေထုတ်ချေးမှုအခြေအနေ၊ ဆက်လက်ဆောင်ရွက်မည့်အစီအစဉ်များကို တင်ပြဆွေးနွေးကြသည်။

အစည်းအဝေးသို့ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနတို့မှ ဦးဆောင်ကော်မတီအဖွဲ့ဝင်များတက်ရောက်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

မြဝတီ

# စားအုန်းဆီအခြေခံလက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိဿာလျှင် ငွေကျပ် ၆၄၀၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

နေပြည်တော် အောက်တိုဘာ ၂၀

စားသုံးသူပြည်သူများ စားသုံးဆီဝယ်ယူစားသုံးရာတွင် ဘေးအန္တရာယ်ကင်းရှင်းသောစားသုံးဆီများကို သင့်တင့်သောဈေးနှုန်းဖြင့် ဝယ်ယူစားသုံးနိုင်စေရန်နှင့် ပြည်တွင်းလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီက ဆောင်ရွက်ပေးလျက်ရှိသည်။

ပြည်တွင်းလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရေး စားအုန်းဆီကို ပြည်ပမှဝယ်ယူတင်သွင်းရာတွင် စားအုန်းဆီတင်ပို့သည့်နိုင်ငံများ၏ ဈေးနှုန်းအတက်အကျပေါ်မူတည်၍ ပြည်တွင်း၌ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများဖြစ်ပေါ်စေရေးကို ထိန်းကျောင်း ဆောင်ရွက်လျက်ရှိသည်။

ပြည်ပမှ စားအုန်းဆီထုတ်လုပ်တင်ပို့သည့်နိုင်ငံများတွင် ဈေးကွက်နှင့်ဈေးနှုန်းဖြစ်ပေါ်မှုများအရ ၂၀၂၅ ခုနှစ် အောက်တိုဘာလ ၃၁ ရက်မှ နိုဝင်ဘာလ ၆ ရက်အထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီ တစ်ပိဿာလျှင် ငွေကျပ် ၆၄၀၀ ဖြစ်ကြောင်း စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီက အသိပေးထုတ်ပြန်ကြေညာထားကြောင်း သိရှိရသည်။

ပြည်တွင်းဈေးကွက်အတွင်း အဆိုပါထုတ်ပြန်ကြေညာထားသည့် ဈေးနှုန်းထက် ဈေးနှုန်းမြင့်တင်ရောင်းချခြင်း၊ ဈေးကစားရန်ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းအပါအဝင် မသမာသည့်လုပ်ဆောင်မှုများ ပြုလုပ်ပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်သည်။

စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို အပတ်စဉ်သောကြာနေ့တိုင်း ထုတ်ပြန်ကြေညာလျက်ရှိပြီး စားသုံးသူပြည်သူများအနေဖြင့် စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Page နှင့်မြန်မာနိုင်ငံ ဆီကုန်သည်နှင့်ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တို့တွင် ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ကြောင်း သိရှိရသည်။

မြဝတီ

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၁-၁၀-၂၀၂၅ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လှိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၇၀၅ | ၂၈၁၅ | ၂၇၈၅ | ၂၇၂၀ | ၂၈၂၅ | ၂၈၄၀ | ၂၈၅၅ | ၂၇၇၅ | ၄၅၀၅ | ၃၀၇၀ | ၂၇၉၀ | ၂၉၁၀ | ၂၈၆၅ | ၂၈၃၀ | ၂၈၅၀ | ၃၁၀၅ |
| 95 Ron | ၂၈၀၀ | ၂၉၁၅ | ၂၈၈၀ | ၂၈၁၅ | ၂၉၂၀ | ၂၉၃၅ | ၂၉၅၅ | ၂၈၇၀ | ၄၅၆၀ | ၃၁၆၅ | ၂၈၉၀ | ၂၉၉၅ | ၂၉၆၀ | ၂၉၂၅ | ၂၉၄၅ | ၃၂၀၅ |
| HSD (500 ppm) | ၂၄၅၅ | ၂၅၇၀ | ၂၅၃၅ | ၂၄၇၀ | ၂၅၇၅ | ၂၅၉၀ | ၂၆၁၀ | ၂၅၂၅ | - | ၂၈၂၀ | ၂၅၄၅ | ၃၂၃၀ | ၂၆၁၅ | ၂၅၈၀ | ၂၆၀၅ | ၂၈၆၀ |
| HSD (50 ppm) | ၂၉၉၀ | ၃၁၀၀ | ၃၀၇၀ | ၃၀၀၅ | ၃၁၁၀ | ၃၁၂၅ | ၃၁၄၀ | ၃၀၆၀ | ၄၈၃၀ | ၃၃၅၅ | ၃၀၇၅ | ၃၂၆၀ | ၃၁၅၀ | ၃၁၁၅ | ၃၁၃၅ | ၃၃၉၀ |
| HSD (10 ppm) | ၂၉၉၀ | ၃၁၀၀ | ၃၀၇၀ | ၃၀၀၅ | ၃၁၁၀ | ၃၁၂၅ | ၃၁၄၀ | ၃၀၆၀ | - | ၃၃၅၅ | ၃၀၇၅ | ၃၂၆၀ | ၃၁၅၀ | ၃၁၁၅ | ၃၁၃၅ | ၃၃၉၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၅၄၃ | ၂၆၂၇ |
| 95 Ron | ၂၆၃၇ | ၂၇၂၃ |
| HSD (500 ppm) | ၂၃၀၄ | ၂၃၇၉ |
| HSD (50 ppm) | ၂၈၂၀ | ၂၉၀၆ |
| HSD (10 ppm) | ၂၈၂၀ | ၂၉၀၆ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇-၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇-၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

# မိုးထစ်ချုန်းရွာနိုင်

နေပြည်တော် အောက်တိုဘာ ၂၀

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့်ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာနိုင်သည်။ (မိုး/ဇလ)

## နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်ရွက်ထားသည့် မွေးမြူရေးလုပ်ငန်းနှင့် MSME လုပ်ငန်းများအား ကွင်းဆင်းစစ်ဆေး



မင်းလှ အောက်တိုဘာ ၃၀

မကွေးတိုင်းဒေသကြီး သရက်ခရိုင် မင်းလှမြို့နယ်အတွင်းရှိ တိုင်းဒေသကြီး နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်ရွက်ထားရှိသည့် မွေးမြူရေးလုပ်ငန်းနှင့် MSME လုပ်ငန်းလုပ်ကိုင်သည့် ဦးမြင့်ဌေး၏ သိန်းသန်းစံပဲကြော်၊ ပဲလှော်လုပ်ငန်းများဆောင်ရွက်နေမှုကို အောက်တိုဘာလ ၂၉ ရက်က ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့်ဌာနဆိုင်ရာတာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြသည်။

အဆိုပါ တိုင်းဒေသကြီး နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်ရွက်ထားရှိသည့် ပန်းတော်ပြင်ကျေးရွာအုပ်စု မယ်ဇလီတောကျေးရွာနေ တောင်သူ ဦးသန်းဇော်မိုး၏ ဝက်မွေးမြူရေးခြံ၌ ဝက်မွေးမြူထားရှိမှု အခြေအနေများကို တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြသည်။

ဆက်လက်ပြီး MSME လုပ်ငန်းလုပ်ကိုင်သည့် ဦးမြင့်ဌေး၏ သိန်းသန်းစံပဲကြော်၊ ပဲလှော်လုပ်ငန်းဆောင်ရွက်နေမှုအား ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထို့နောက် တာဝန်ရှိသူများပူးပေါင်းအဖွဲ့သည် ပန်းတော်ပြင်ကျေးရွာအုပ်စု ကွင်းအမှတ်(၅၇) ဗောဓိကွင်းမြေရေိယာ ၆ ဒသမ ၃၆ ဧက၊ ကုန်းကြီးကျေးရွာအုပ်စု ကွင်းအမှတ် (၉၆၃) ကုန်းကြီးတောင်ကွင်းမြေရေိယာ ၇ ဒသမ ၉၅ ဧကနှင့် မြေဧရိယာ ၁၆ ဒသမ ၅၁ ဧကတို့ရှိ ယာမြေများအား လုပ်ငန်းရှင်များက ကျွန်းနှစ်ရှည်ပင် စိုက်ပျိုးမည့်မြေနေရာအဖြစ် တခြားနည်းအသုံးပြုခွင့်လျှောက်ထားမှုအား ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ဝင်းမြတ်(အထက်မင်းလှ)

## တောင်ကြီးတန်ဆောင်တိုင်ပွဲတော် နေ့လွှတ်အရုပ်ပြိုင်ပွဲဆက်လက်ယှဉ်ပြိုင်





တောင်ကြီး အောက်တိုဘာ ၃၀

ရှမ်းပြည်နယ်(တောင်ပိုင်း)တောင်ကြီးမြို့ အဝေရာကုန်းသာယာ မီးပုံးပျံကွင်းကြီးအတွင်း၌ ကျင်းပလျက်ရှိသည့် ၂၀၂၅ ခုနှစ် တောင်ကြီးတန်ဆောင်တိုင်ပွဲတော် မီးပုံးပျံပြိုင်ပွဲ နေ့လွှတ်အရုပ်ပြိုင်ပွဲကို ယနေ့ နေ့လယ်ပိုင်းတွင် ဆက်လက်ယှဉ်ပြိုင်လွှတ်တင်လျက်ရှိသည်။

ယနေ့ပြိုင်ပွဲတွင် တောင်ကြီးမြို့ပေါ် ရပ်ကွက်များမှ ပြိုင်ပွဲဝင်အသင်းများ၊ ကုမ္ပဏီအသင်းအဖွဲ့များမှပြိုင်ပွဲဝင်အသင်းများနှင့် တောင်ကြီးမြို့အနီးဝန်းကျင်မြို့၊ ရွာများမှ ပြိုင်ပွဲဝင်အသင်းများက အတီးအမှုတ်အကအခုန်များဖြင့် ပျော်ရွှင်စွာ ပါဝင်ယှဉ်ပြိုင် လွှတ်တင်လျက်ရှိကြသည်။

အဆိုပါ နေ့လွှတ်အရုပ်ပြိုင်ပွဲတွင် ခြေနှစ်ချောင်းအမျိုးအစား၊ ခြေလေးချောင်းအမျိုးအစားနှင့် အုပ်စုအမျိုးအစား အစရှိသည်ဖြင့် ပါဝင်ယှဉ်ပြိုင်လွှတ်တင်လျက်ရှိကြပြီး မီးပုံးပျံဝါသနာရှင်များနှင့် ပွဲတော်လာဧည့်သည်များ စည်ကားသိုက်မြိုက်စွာ လာရောက်ကြည့်ရှုအားပေးကြကြောင်းနှင့် ယနေ့တွင် ပြိုင်ပွဲဝင်အသင်း ၅၀ သင်း ပါဝင်ယှဉ်ပြိုင်လွှတ်တင်ခဲ့ကြောင်း သိရှိရသည်။

စိုင်းအယ်ဘဲ

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော် အောက်တိုဘာ ၃၀

မနက်ဖြန်မွန်းတည့်ချိန်အထိခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်းနှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ တနင်္သာရီတိုင်းဒေသကြီးတွင် နေရာအနှံ့အပြား၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့်မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

(မိုး/ဇလ)

**မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account ၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

## ဒဂုံ(ဆိပ်ကမ်း)မြို့နယ်၌ ယုဇနအလင်းတန်းစာကြည့်တိုက်နှင့် လူငယ်ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး ပညာဒါနသင်တန်းခန်းမဖွင့်ပွဲကျင်းပ

ရန်ကုန် အောက်တိုဘာ ၃၀

ရန်ကုန်တိုင်းဒေသကြီး ဒဂုံ(ဆိပ်ကမ်း)မြို့နယ်၌ အမှတ်(၉၄)ရပ်ကွက် အိမ်ရာစီမံခန့်ခွဲရေးကော်မတီ၏မတည်ရန်ပုံငွေနှင့်စေတနာရှင်ပြည်သူများ၏ လှူဒါန်းငွေဖြင့်တည်ဆောက်သည့် ယုဇနအလင်းတန်းစာကြည့်တိုက်နှင့် လူငယ်ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး ပညာဒါနသင်တန်းခန်းမဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာလ ၂၉ ရက်က ကျင်းပသည်။

အခမ်းအနားကို ရန်ကုန်တိုင်းဒေသကြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်ခင်စောလင်း၊ ရန်ကုန်တိုင်းဒေသကြီး မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးခင်ဇော်၊ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ကို၊ အမှတ်(၉၄)ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးခင်မောင်ဇင်နှင့် ယုဇနအလင်းတန်းစာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဦးမောင်မြင့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ယုဇနအလင်းတန်းစာကြည့်တိုက်အား ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် လူမှုရေးရာဝန်ကြီး ဦးဌေးအောင်က စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် လူမှုရေးရာဝန်ကြီး ဦးဌေးအောင်က အဖွင့်အမှာစကားပြောကြားပြီး ယုဇနအလင်းတန်းစာကြည့်တိုက်သို့ သုတ/ရသ စာအုပ်များနှင့် အလှူငွေများ လှူဒါန်းသောအလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်သည်။

ထို့နောက် ရပ်ကွက်အုပ်ချုပ်ရေးမှူးက ယုဇနအလင်းတန်းစာကြည့်တိုက်နှင့် လူငယ်ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး ပညာဒါနသင်တန်းခန်းမဖြစ်မြောက်ရေးအတွက် အလှူငွေနှင့် စာအုပ်စာစောင်များလှူဒါန်းသော အလှူရှင်များနှင့် အခမ်းအနား ဖြစ်မြောက်အောင် ဝိုင်းဝန်းကူညီပံ့ပိုးပေးကြသူများအား ကျေးဇူးတင်စကား ပြန်လည်ပြောကြားကြောင်း သိရသည်။



ဖြိုးစန္ဒာ(ပြန်/ဆက်)

# ၂၀၂၄-၂၀၂၅ ဘောလုံးရာသီက ပီအက်စ်ဂျီအသင်း စံချိန်တင်ဝင်ငွေရရှိ




ပါရီ အောက်တိုဘာ ၃၀

ပီအက်စ်ဂျီအသင်းသည် ၂၀၂၄-၂၀၂၅ ဘောလုံးရာသီက စံချိန်တင်ဝင်ငွေ ယူရို ၈၃၇ သန်း ရရှိခဲ့ကြောင်း သိရသည်။

ပီအက်စ်ဂျီအသင်းသည် ၂၀၂၄-၂၀၂၅ ဘောလုံးရာသီက ချန်ပီယံလိဂ်ဖလားအပါအဝင် ပြင်သစ်လီဂူးအမှတ်ပေး ချန်ပီယံဆုကိုလည်းကောင်း၊ ပြင်သစ်ကိုပါဒယ်ရေး ချန်ပီယံဆုကိုလည်းကောင်း ရရှိခြင်းကြောင့် ဝင်ငွေမြင့်တက်ခဲ့ကာ စံချိန်တင်ဝင်ငွေရရှိခဲ့ခြင်းဖြစ်သည်။

ပီအက်စ်ဂျီအသင်းအနေဖြင့် ချန်ပီယံလိဂ်ဖလားရရှိခဲ့ခြင်းကြောင့် ယူရိုသန်း ၁၅၀ ခန့်နှင့် စီးပွားရေးဆိုင်ရာဝင်ငွေ ယူရို ၃၆၇ သန်း၊ ကွင်းဝင်ကြေးအဖြစ် ယူရို ၁၇၅ သန်းနှင့်တခြားဝင်ငွေများရရှိခဲ့ကာ ၂၀၂၃-၂၀၂၄ ဘောလုံးရာသီကရရှိခဲ့သည့် စုစုပေါင်းဝင်ငွေ ယူရို ၈၀၆ သန်းထက် မြင့်တက်ခဲ့သည့်အတွက် စံချိန်သစ်တင်ခဲ့သည်။

သို့သော် ပီအက်စ်ဂျီအသင်းသည် ပြီးခဲ့သည့်ဘောလုံးရာသီက အိမ်ကွင်းပွဲပေါင်း ၁၇၀ စလုံး လက်မှတ်များအကုန်အစင်ရောင်းချခဲ့ရသော်လည်း ကွင်းဝင်ဆံ့သည့်ပရိသတ်ဦးရေ ၄၇၀၀၀ ခန့်သာရှိခဲ့ခြင်းဖြစ်သည်။

ထို့ပြင် ပီအက်စ်ဂျီအသင်းအနေဖြင့် ၂၀၂၄-၂၀၂၅ ဘောလုံးရာသီက တတိယဝင်ငွေအကောင်းဆုံးအသင်းအဖြစ် ရီးယဲလ်မက်ဒရစ်အသင်းနှင့်မန်စီးတီး အသင်းတို့၏နောက်၌ ရပ်တည်လျက်ရှိသည်။

ပီအက်စ်ဂျီအသင်းအနေဖြင့် ယခုဘောလုံးရာသီတွင်လည်း ပြင်သစ်လီဂူးအမှတ်ပေးပြိုင်ပွဲ၌ ရမှတ် ၂၀ ဖြင့် အဆင့်(၁)နေရာ၌ ရပ်တည်နေကာ ချန်ပီယံလိဂ်ပြိုင်ပွဲတွင်လည်း သုံးပွဲ ယှဉ်ပြိုင်ကစားထားပြီး သုံးပွဲစလုံးအနိုင်ရရှိထားပြီး ပြီးခဲ့သည့်ဘောလုံးရာသီကဲ့သို့ပင် အောင်မြင်မှုများ ထပ်မံရရှိနိုင်ကြောင်း သိရသည်။

*Ref; Goal.com*

# ပရီးမီးယားလိဂ်ပွဲစဉ်(၉)၏ အကောင်းဆုံးကစားသမားအဖြစ် တိုက်စစ်မှူးအမ်ဘူမို ရွေးချယ်ခံရ

မန်ချက်စတာ အောက်တိုဘာ ၃၀

မန်ယူအသင်းတိုက်စစ်မှူး အမ်ဘူမိုသည် ပရီးမီးယားလိဂ်ပွဲစဉ်(၉)၏ အကောင်းဆုံးကစားသမားအဖြစ် ရွေးချယ်ခံရကြောင်း သိရသည်။

တိုက်စစ်မှူး အမ်ဘူမိုသည် မန်ယူအသင်းက ဘရိုက်တန်အသင်းကို ၄ ဂိုး-၂ ဂိုးဖြင့် အနိုင်ရရှိသည့်ပွဲစဉ်တွင် နှစ်ဂိုးသွင်းယူနိုင်ခဲ့ကာ ခြေစွမ်းပြကစားနိုင်သည့်အတွက် အကောင်းဆုံးကစားသမားဆုရရှိခဲ့ခြင်းဖြစ်သည်။

အဆိုပါဆုကို ပရိသတ်များ၏ ဆန္ဒမဲဖြင့် ရွေးချယ်ခဲ့ခြင်းဖြစ်ကာ အမ်ဘူမိုက ဆန္ဒမဲ ၄၅ ရာခိုင်နှုန်း၊ ဗန်ဒီဗန်က ၂၇ ရာခိုင်နှုန်း၊ အက်ဇေးက ၁၀ ရာခိုင်နှုန်း၊ အာရွန်ဆန်က ခြောက်ရာခိုင်နှုန်း၊ အမာဒူအိုနာနာနှင့် ချာကာက လေးရာခိုင်နှုန်းစီ၊ ဖလမ်းမင်းနှင့် ကာယိုဒီတို့က နှစ်ရာခိုင်နှုန်းစီရရှိခဲ့ကြသည်။

ပြီးခဲ့သည့် ပရီးမီးယားလိဂ်ပွဲစဉ်(၈)၏ အကောင်းဆုံးကစားသမားဆုကိုလည်း မန်ယူအသင်းခံစစ်ကစားသမား မက်ဂွိုင်ယားက ရရှိခဲ့ကြောင်း သိရသည်။

*Ref; Fotmob*

# တိုက်စစ်မှူး ဗင်နီရှပ်စ်က ဘာစီလိုနာအသင်းနှင့်ပွဲစဉ်မှ ဖြစ်ရပ်အတွက် ရီးယဲလ်မက်ဒရစ်အသင်းပရိသတ်များကို တောင်းပန်

မက်ဒရစ် အောက်တိုဘာ ၃၀

တိုက်စစ်မှူး ဗင်နီရှပ်စ်က ဘာစီလိုနာအသင်းနှင့် ပွဲစဉ်မှ ဖြစ်ရပ်အတွက် ရီးယဲလ်မက်ဒရစ်အသင်း ပရိသတ်များကို တောင်းပန်ခဲ့ကြောင်း သိရသည်။

ရီးယဲလ်မက်ဒရစ်အသင်းသည် ဘာစီလိုနာအသင်းကို ၂ ဂိုး-၁ ဂိုးဖြင့် အနိုင်ရရှိသည့် စပိန်လာလီဂါပွဲစဉ်တွင် တိုက်စစ်မှူးဗင်နီရှပ်စ်သည် နည်းပြအလွန်ဆို၏ ၎င်းအား လူစားလဲလှယ်ခြင်းအပေါ် ဒေါသတကြီးတုံ့ပြန်ခဲ့မှုအတွက် တောင်းပန်ခဲ့ခြင်းဖြစ်သည်။

တိုက်စစ်မှူး ဗင်နီရှပ်စ်သည် အဆိုပါပွဲစဉ် ၇၂ မိနစ်တွင် လူစားလဲလှယ်ခြင်းခံရပြီး စိတ်ပျက်ဒေါသထွက်ကာ ဥမင်လိုဏ်ခေါင်းအတွင်းသို့ ဆင်းသက်သွားပြီးနောက် မိနစ်ပိုင်းအကြာတွင် အသင်း၏အရန်ခုံသို့ ပြန်လည်ရောက်ရှိလာသည့်အပြင် ပွဲပြီးဆုံးချိန်တွင်လည်း ဘာစီလိုနာအသင်းကစားသမား ယာမယ်ကို ရန်ပြုရန် ကြိုးပမ်းခဲ့သည်။

ယခုအခါ တိုက်စစ်မှူး ဗင်နီရှပ်စ်က "ဘာစီလိုနာအသင်းနဲ့ပွဲစဉ်မှာ ကျွန်တော် လူစားလဲလှယ်ခံခဲ့ရတဲ့အတွက် တုံ့ပြန်ခဲ့တဲ့အပြုအမူအတွက် ပရိသတ်တွေကို တောင်းပန်ပါတယ်။ အသင်းရဲ့ လေ့ကျင့်ရေးကွင်းမှာလည်း ကစားဖော်တွေ၊ အသင်းဥက္ကဋ္ဌနဲ့ တာဝန်ရှိသူတွေကိုလည်း ထပ်မံတောင်းပန်ခဲ့ပြီးပါပြီ" ဟု ၎င်း၏လူမှုကွန်ရက်မှတစ်ဆင့် ဖော်ပြတောင်းပန်ခဲ့ခြင်းဖြစ်သည်။

တိုက်စစ်မှူး ဗင်နီရှပ်စ်သည် ၂၀၁၈-၂၀၁၉ ခုနှစ်ဘောလုံးရာသီက ဘရာဇီးကလပ် ဖလာမင်ဂိုအသင်းမှ ရီးယဲလ်မက်ဒရစ်အသင်းသို့ ပေါင် ၃၈ ဒသမ ၇ သန်းဖြင့် ပြောင်းရွှေ့လာသူဖြစ်ပြီး အသင်းနှင့် ဘောလုံးရာသီ ကိုးရာသီကြာတွင် ပွဲပေါင်း ၃၃၅ ပွဲကစားပေးထားပြီး ၁၁၁ ဂိုး သွင်းယူထားနိုင်ခဲ့သည်။

ထို့ပြင် ၎င်းသည် ရီးယဲလ်မက်ဒရစ်အသင်းနှင့်အတူ စပိန်လာလီဂါဖလား သုံးကြိမ်၊ ချန်ပီယံလိဂ်ဖလား နှစ်ကြိမ်၊ စပိန်ကိုပါဒယ်ရေးဖလားတစ်ကြိမ်၊ ယူအီးအက်ဖ်အေစူပါဖလား နှစ်ကြိမ်၊ ဖီဖာကလပ်ကမ္ဘာ့ဖလားသုံးကြိမ်တို့ကို ဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။

*Ref; Fotmob*



# လာမည့်ကစားသမားအပြောင်းအရွှေ့ကာလတွင် ဝက်စ်ဟမ်းအသင်းမှ ကွင်းလယ်ကစားသမား ပါကွီတာ ထွက်ခွာဖွယ်ရှိနေ

လန်ဒန် အောက်တိုဘာ ၃၀

ဝက်စ်ဟမ်းအသင်း ကွင်းလယ်ကစားသမား ပါကွီတာသည် လာမည့်ဇန်နဝါရီလကစားသမားအပြောင်းအရွှေ့ကာလတွင် အသင်းမှထွက်ခွာဖွယ်ရှိနေကြောင်း သိရသည်။

ကွင်းလယ်ကစားသမား ပါကွီတာသည် ယခုဘောလုံးရာသီတွင် ရလဒ်များဆိုးရွားနေသည့် ဝက်စ်ဟမ်းအသင်းမှ ထွက်ခွာလိုနေပြီး ပြီးခဲ့သည့် ကစားသမားအပြောင်းအရွှေ့ကာလတွင် ၎င်းအား အက်စ်တွန်ဗီလာအသင်းကခေါ်ယူရန် ကမ်းလှမ်းခဲ့သော်လည်း ဝက်စ်ဟမ်းအသင်းက ပယ်ချခဲ့ခြင်းဖြစ်သည်။

ပါကွီတာသည် အားကစားလုပ်ပွဲကစားမှုဖြင့် အင်္ဂလန်ဘောလုံးအဖွဲ့ချုပ်(အက်ဖ်အေ)၏ စွဲချက်တင်ခံခဲ့ရသူဖြစ်ကာ နှစ်နှစ်ကြာစုံစမ်းစစ်ဆေးမှုများ ပြုလုပ်ပြီးနောက် ၎င်းတွင် အပြစ်မရှိကြောင်း စစ်ဆေးတွေ့ရှိခဲ့သည့်အတွက် အက်ဖ်အေအနေဖြင့် စွဲချက်များကို ပြန်လည်ရုပ်သိမ်းပေးခဲ့ရသည်။

လက်ရှိတွင် ဝက်စ်ဟမ်းအသင်းအနေဖြင့် ရလဒ်များဆိုးရွားလာမှုနှင့်အတူ ပြီးခဲ့သည့်ရက်ပိုင်းက ထုတ်ပယ်ခံခဲ့ရသည့် နည်းပြဂရေဟမ်ပေါ်တာ၏ နေရာ၌အစားထိုးခန့်အပ်ခဲ့သည့် နည်းပြနူနိုဆန်းတို့စ်ကလည်း လာမည့်ဇန်နဝါရီလကစားသမားအပြောင်းအရွှေ့ကာလတွင် ကစားသမားသစ်ဝယ်ယူဖြည့်တင်းမှုများပြုလုပ်မည်ဖြစ်ကာ အသင်းကို တန်းမဆင်းရစေရန် ကြိုးပမ်းမည်ဖြစ်သည့်အတွက် ပါကွီတာကို ပြောင်းရွှေ့ကြေး ပေါင်သန်း ၆၀ ဖြင့် ရောင်းချဖွယ်ရှိနေသည်။

သို့သော် ယခုဘောလုံးရာသီတွင် ဝက်စ်ဟမ်းအသင်းအနေဖြင့် ပရီးမီးယားလိဂ်ကိုးပွဲကစားပြီးချိန်တွင် နိုင်ပွဲတစ်ပွဲသာရရှိထားပြီး တန်းဆင်းဇုန်အတွင်း ရပ်တည်နေကာ ကွင်းလယ်ကစားသမား ပါကွီတာအနေဖြင့်လည်း သုံးဂိုးသွင်းယူထားနိုင်ခဲ့ပြီး ခြေစွမ်းပိုင်းကောင်းမွန်ရန် ရုန်းကန်နေခဲ့ရသူဖြစ်သည်။

ထို့ကြောင့် ၎င်းကို ပြီးခဲ့သည့် အပြောင်းအရွှေ့ကာလက ခေါ်ယူရန် ကြိုးပမ်းခဲ့ဖူးသည့် မန်စီးတီးအသင်းအပါအဝင် ပရီးမီးယားလိဂ်အသင်းတချို့အနေဖြင့် ဆက်လက်ခေါ်ယူနိုင်ရေး အခက်တွေ့နေသကဲ့သို့ အသင်းဟောင်း ဖလာမင်ဂိုအသင်းက ၎င်းကို ခေါ်ယူနိုင်ရန် စိတ်ဝင်စားနေသော်လည်း မြင့်မားသည့်ပြောင်းရွှေ့ကြေးပမာဏကြောင့် အခက်တွေ့နေသည်။

ထို့ပြင် ဝက်စ်ဟမ်းအသင်းအနေဖြင့် ကစားသမားဖြည့်တင်းမှုပြုလုပ်ရန် ငွေကြေးလိုအပ်ချက်ရှိနေကာ ကွင်းလယ်ကစားသမား ပါကွီတာအပြင် လွန်ခဲ့သည့်နှစ်နှစ်က ဆောက်သမ်တန်အသင်းမှ ပြောင်းရွှေ့ကြေး ပေါင်သန်း ၃၀ ဖြင့် ခေါ်ယူခဲ့သည့် အင်္ဂလန်လက်ရွေးစင်ကစားသမား ဂျိမ်းစ်ဝတ်ပရောက်စ်ကိုလည်း လာမည့်ဇန်နဝါရီလအပြောင်းအရွှေ့ကာလတွင် ရောင်းချဖွယ်ရှိကြောင်း သိရသည်။

*Ref; Fabrizio Romano*

# ကြံခင်းမြို့နယ်၌ စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်စကားဝိုင်းကျင်းပ

ကြံခင်း အောက်တိုဘာ ၃၀

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်ခရိုင် ကြံခင်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ အောက်တိုဘာလ ၂၉ ရက်က စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလူငယ်စကားဝိုင်းကို ကရင်စုကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) စုဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ကရင်စုကျေးရွာ အုပ်ချုပ်ရေးမှူး ဦးဇော်မင်းလတ်နှင့် ကျောင်းအကျိုးတော်ဆောင်ဥက္ကဋ္ဌ ဦးရဲမြင့်သိန်းတို့က နှုတ်ခွန်းဆက်စကားပြောကြားပြီး ကြံခင်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်မိုးမြင့်က ကျောင်းသား၊ ကျောင်းသူများအနေဖြင့် အပြောစွမ်းရည်မြင့်မားလာစေရန်၊ ပူးပေါင်းဆွေးနွေးပြောဆိုတတ်သည့် အလေ့အကျင့်ကောင်းများရရှိလာစေရန်၊ ဗလငါးတန်နှင့်ပြည့်စုံလာစေရန်နှင့် လူတော်လူကောင်းများပေါ်ထွန်းလာစေရန်ရည်ရွယ်၍ လူငယ်စကားဝိုင်းကျင်းပရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ လူငယ်စကားဝိုင်းတွင် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်မိုးမြင့်က ဦးဆောင်ဆွေးနွေးသူအဖြစ်ဆောင်ရွက်ပြီး Grade-10 မှ မောင်ဆန်းမင်းခန့်က လူငယ်နှင့်ဂိမ်းစွဲခြင်း၊ မလမင်းအိမ်က လူငယ်နှင့်ဝါသနာ၊ Grade-8 မှ မောင်အောင်ပြည့်စုံက လူငယ်နှင့်အနာဂတ်၊ မယွန်းယမုံဖူးက လူငယ်နှင့်ရည်မှန်းချက်ခေါင်းစဉ်တို့ဖြင့်ဆွေးနွေးကြရာ ဆွေးနွေးချက်ကို ကျောင်းအုပ်ဆရာမကြီး ဒေါ်မြင့်မြင့်မော်က သုံးသပ်ဆွေးနွေးပြောကြားသည်။

ယင်းနောက် အခမ်းအနားသို့ တက်ရောက်လာကြသော ကျောင်းသား၊ ကျောင်းသူများက သိရှိလိုသည်များကိုမေးမြန်းခဲ့ကြရာ ကဏ္ဍအလိုက် ဆွေးနွေးကြသူများက ပြန်လည်ဖြေကြားကြသည်။

ထို့နောက် စကားဝိုင်းတွင်ပါဝင်ဆွေးနွေးကြသော ကျောင်းသား၊ ကျောင်းသူများအား တာဝန်ရှိသူများက အမှတ်တရဂုဏ်ပြုလက်ဆောင်များပေးအပ်ချီးမြှင့်သည်။



ယင်းနောက် ကြံခင်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ သုတ/ရသစာအုပ်စာစောင်များနှင့် မူးယစ်ဆေးဝါးအသိပညာပေးနံရံကပ်စာစောင်များကို ခင်းကျင်းပြသထားရာ ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။ဖြိုးဝေလင်း(ကြံခင်း)

# ဂန့်ဂေါမြို့ မြို့မဈေး၌ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး ကွင်းဆင်းစစ်ဆေး



ဂန့်ဂေါ အောက်တိုဘာ ၃၀

မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့ မြို့မဈေး၌ ပွင့်လင်းရာသီသို့ ရောက်ရှိလာပြီဖြစ်သည့်အတွက် မီးဘေးအန္တရာယ်မဖြစ်ပွားစေရေး မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးကွင်းဆင်းစစ်ဆေးခြင်းကို အောက်တိုဘာလ ၂၉ ရက်က ဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် ဂန့်ဂေါခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ခေတ္တဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ရဲရန်ပိုင်နှင့်ကော်မတီဝင်များ၊ ခရိုင်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးသန်းထိုက်အောင်ဦးဆောင်သည့် ခရိုင်/မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ တာဝန်ခံ ဒေါ်သင်းသင်းအေးနှင့်ဝန်ထမ်းများ၊ မြို့မဈေးကော်မတီဥက္ကဋ္ဌ ဦးအေးတင့်နှင့်ကော်မတီဝင်များပူးပေါင်း၍ မြို့မဈေးအတွင်း/အပြင်ရှိ ဈေးဆိုင်ခန်းများနှင့် စားသောက်ဆိုင်များတွင် ရောင်းချနေသည့် ကုန်ပစ္စည်းပမာဏနှင့်ထားရှိသည့် မီးသတ်ဆေးပမာဏ ကိုက်ညီမှု ရှိ/မရှိ၊ မီးလောင်စေနိုင်သည့် ကုန်ပစ္စည်းများ မြောက်မြားစွာသိုလှောင်ထားခြင်း မရှိစေရေး၊ ဈေးကြီးအတွင်း မီးသတ်ယာဉ် ဝင်/ထွက်သွားလာနိုင်မှုအခြေအနေများ၊ မီးသတ်ဆေးဘူးအသုံးပြုရမည့်နည်းလမ်းများ၊ လုံခြုံရေးမီးနှင့်အပြင်ဆိုင်ခန်းများတွင် သွယ်တန်းထားသော လျှပ်စစ်ဝိုင်ယာကြိုးများ၏ ခံနိုင်ဝန်အားပမာဏကို ညွှန်ကြားချက်နှင့်အညီ သုံးစွဲထားခြင်း ရှိ/မရှိနှင့် ဆိုလာမီးအသုံးပြုသည့် ဆိုင်ခန်းများတွင် မီးဘေးအန္တရာယ်ကင်းရှင်းစေရေးတို့ကို ကွင်းဆင်းစစ်ဆေးသည်။

ထို့နောက် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီခေတ္တဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ရဲရန်ပိုင်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှဝန်ထမ်းများ၊ မြို့မဈေးကော်မတီ၊ ဈေးအကျိုးတော်ဆောင်အဖွဲ့ဝင်များ၊ ဈေးဆိုင်ခန်းပိုင်ရှင်၊ ဈေးသူ/ဈေးသားများနှင့်တွေ့ဆုံကာ မြို့မဈေးရှိ ဈေးဆိုင်ခန်းများ မီးဘေးအန္တရာယ်မှ ကြိုတင်ကာကွယ်နိုင်ရေးအတွက် အားလုံးဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြရန်နှင့် ပြုပြင်ဆောင်ရွက်ရန် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မောင်မျိုးမင်း**

# အောင်လံမြို့နယ်၌ ပြည်ပပို့ကုန်သီးနှံထုတ်ကုန်များတွင် ပိုးသတ်ဆေးဓာတ်ကြွင်း ကင်းစင်ရေးနှင့် ပန်းတိုင်အထွက်နှုန်းရရှိရေး နည်းပညာပေးဆွေးနွေး

အောင်လံ အောက်တိုဘာ ၃၀

မကွေးတိုင်းဒေသကြီး အောင်လံခရိုင် အောင်လံမြို့နယ်၌ ပြည်ပပို့ကုန်သီးနှံထုတ်ကုန်များတွင် ပိုးသတ်ဆေးဓာတ်ကြွင်းကင်းစင်ရေးနှင့် ပန်းတိုင်အထွက်နှုန်းရရှိရေး နည်းပညာပေးဆွေးနွေးပွဲကို မကွေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ ကြီးမှူး၍ အောက်တိုဘာလ ၂၉ ရက်က အောင်လံမြို့ တရော်ကုန်းရပ်ကွက် အောင်မြေရွှေဝါခန်းမ၌ကျင်းပသည်။

ရှေးဦးစွာ တိုင်းဒေသကြီးစိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးယဉ်ထွန်းက အဖွင့်အမှာစကားပြောကြားပြီး စိုက်ပျိုးရေးဦးစီးဌာန(ရုံးချုပ်) သီးနှံကာကွယ်ရေးဌာနခွဲ ညွှန်ကြားရေးမှူး ဦးဇော်လင်းက စိုက်ပျိုးသီးနှံများ၏ ပန်းတိုင်အထွက်နှုန်းရရှိရေး ကြိုးပမ်းဆောင်ရွက်ရန် လိုအပ်သကဲ့သို့ ထွက်ရှိလာသောသီးနှံထုတ်ကုန်များတွင် ပိုးသတ်ဆေးဓာတ်ကြွင်းကင်းစင်ရေးသည်လည်းအရေးကြီးကြောင်း၊ ဝန်ထမ်းများ၊ သီးနှံစိုက်တောင်သူများ၊ ပိုးသတ်ဆေးအရောင်းဆိုင်များ၊ ဝယ်ယူကြိတ်ခွဲသိုလှောင်ရောင်းချသူများ၊ စိုက်ပျိုးရေးထွက်ကုန်များကို တင်ပို့ရောင်းချနေသူများနှင့် သက်ဆိုင်ရာဌာနမှ တာဝန်ရှိသူများ အတူတကွပူးပေါင်းဆောင်ရွက်ပါက ပိုးသတ်ဆေးဓာတ်ကြွင်းကင်းစင်သောသီးနှံများကို ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် စိုက်ပျိုးရေးဦးစီးဌာန(ရုံးချုပ်)မှ သက်ဆိုင်ရာဘာသာရပ်ဆိုင်ရာပညာရှင်များက သီးနှံထုတ်ကုန်များတွင် ပိုးသတ်ဆေးဓာတ်ကြွင်းကင်းစင်ရေးအတွက် ပိုးသတ်ဆေးသုံးစွဲရာတွင် စနစ်တကျသုံးစွဲရေးနှင့် ဘက်စုံသီးနှံကာကွယ်ရေးနည်းစနစ်များအား ကျင့်သုံးဆောင်ရွက်နိုင်ရေး၊ ပန်းတိုင်အထွက်နှုန်းရရှိစေရေးအတွက် မျိုးကောင်းမျိုးသန့်များ အသုံးပြုရေး၊ မြေဆီလွှာအာဟာရဓာတ်များ ဖြည့်သွင်းပေးရေး၊ သဘာဝမြေဩဇာနှင့် သစ်စိမ်းမြေဩဇာများထည့်သွင်းအသုံးပြုရေး၊ ဓာတ်မြေဩဇာ စနစ်တကျ အချိန်ကိုက်အချိုးကျသုံးစွဲရေးအကြောင်းတို့ကို အသိပညာပေးဆွေးနွေးပြီး တက်ရောက်လာကြသူများက သိရှိလိုသည့်မေးမြန်းချက်များကို တာဝန်ရှိသူများကသက်ဆိုင်ရာကဏ္ဍအလိုက် ပြန်လည်ဖြေကြားပြီး ပညာပေးစာအုပ်နှင့်စာစောင်များ ဖြန့်ဝေပေးကြောင်း သိရသည်။

**မျိုးသိန်း(ပြန်/ဆက်)**

# သဲကုန်းမြို့နယ်၌ ကိုယ်ဝန်ဆောင်မိခင်များ အန္တရာယ်ကင်းစွာမွေးဖွားနိုင်ရေးနှင့် ကိုယ်ဝန်စောင့်ရှောက်မှုအကြိမ်ပြည့်ရယူနိုင်ရေး အသိပညာပေးခြင်းဆောင်ရွက်

သဲကုန်း အောက်တိုဘာ ၃၀

ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် သဲကုန်းမြို့နယ်ရှိ ကိုယ်ဝန်ဆောင်မိခင်များအနေဖြင့် အန္တရာယ်ကင်းစွာမွေးဖွားနိုင်ရေးနှင့် ကိုယ်ဝန်စောင့်ရှောက်မှုအကြိမ်ပြည့်ရယူနိုင်ရေး အသိပညာပေးခြင်းလုပ်ငန်းကို အောက်တိုဘာလ ၂၉ ရက်က အင်းမတိုက်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၌ ဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် အင်းမတိုက်နယ်ဆရာဝန် ဒေါက်တာကျော်မျိုးနိုင်ဦးဆောင်၍ ကျန်းမာရေးဝန်ထမ်းများက ကိုယ်ဝန်ဆောင်မိခင်များအား သွေးအားနည်းရောဂါစစ်ဆေးခြင်း၊ ကာလသားရောဂါစစ်ဆေးပေးခြင်း၊ HIV ပိုး ရှိ၊ မရှိစစ်ဆေးပေးခြင်း၊ ဆီးတွင်းအသားဓာတ်ပါဝင်မှုစစ်ဆေးခြင်း၊ ကိုယ်အလေးချိန်တိုင်းခြင်း၊ သွေးပေါင်ချိန်တိုင်းခြင်း၊ ငှက်ဖျားပိုး ရှိ၊ မရှိစစ်ဆေးပေးခြင်း၊ ဆီးချို၊ သွေးချိုစစ်ဆေးပေးခြင်းလုပ်ငန်းများနှင့် လိုအပ်သော ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့သည်။

သဲကုန်းမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနအနေဖြင့် မိခင်နှင့်ကလေးကျန်းမာရေးဌာန၊ မြို့နယ်အတွင်းရှိ တိုက်နယ်ဆေးရုံများ၊ ကျေးလက်ကျန်းမာရေးဌာနများ၌ ကိုယ်ဝန်ဆောင်မိခင်များနှင့်မွေးကင်းစမှ အသက်အပိုင်းအခြားအလိုက် ကလေးငယ်များအား ပုံမှန်ကာကွယ်ဆေး ထိုးနှံတိုက်ကျွေးခြင်းလုပ်ငန်းများကို လစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ကိုကျော်(ပြန်/ဆက်)**

## ဆောက်လုပ်ရေးဝန်ကြီးဌာန
## အဆောက်အဦဦးစီးဌာန
## ပြည်ထောင်စုဂုဏ်ပြုဗိမာန် ဒီဇိုင်းရေးဆွဲခြင်းအတွက် စိတ်ဝင်စားသည့်လုပ်ငန်းရှင်/ကုမ္ပဏီများအား စိတ်ဝင်စားမှုဖော်ပြလွှာ (Expression of interest-EOI)ဖိတ်ခေါ်ခြင်း

၁။ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၌ အကျယ်အဝန်း(၃၀၀ ပေ x ၃၀၀ ပေ)ရှိသောရင်ပြင်တွင် တည်ဆောက်မည့် ပြည်ထောင်စုဂုဏ်ပြုဗိမာန်အဆောက်အဦ(၆၃ ပေ x ၆၃ ပေ)တည်ဆောက်ရန်အတွက် အဆောက်အဦဒီဇိုင်းပုံစံရေးဆွဲတင်ပြရန် စိတ်ဝင်စားဆောင်ရွက်လိုသော Developer လုပ်ငန်းရှင်/ကုမ္ပဏီများအား စိတ်ဝင်စားမှုတင်ပြလွှာ(Expression of interest–EOI)ဖိတ်ခေါ်အပ်ပါသည်။

(က) တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက် - ၇-၁၁-၂၀၂၅ ရက်၊ နံနက်(၁၀:၀၀)နာရီ

(ခ) တင်ဒါလျှောက်လွှာပုံစံ နောက်ဆုံးပိတ်မည့်ရက် - ၂၉-၁၁-၂၀၂၅ ရက်၊ ညနေ(၁၆:၀၀)နာရီ

(ဂ) တင်ဒါလျှောက်လွှာပုံစံ ရောင်းချမည့်နေရာ - ညွှန်ကြားရေးမှူးချုပ်ရုံး အဆောက်အဦဦးစီးဌာန၊ ရုံးအမှတ်(၄၀)

၂။ EOI Form အဆိုပြုလွှာပုံစံနှင့် စည်းကမ်းချက်များကို ညွှန်ကြားရေးမှူးချုပ်ရုံးခန်း၊ အဆောက်အဦဦးစီးဌာနသို့ မိမိတို့၏ ကုမ္ပဏီဆိုင်ရာအထောက်အထားမိတ္တူများဖြင့် လာရောက်ဝယ်ယူနိုင်ပါသည်။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ရုံးချိန်အတွင်း တယ်လီဖုန်းအမှတ်(၀၉-၇၇၅၁၅၈၆၇၉၊ ၀၉-၂၆၂၃၇၇၉၂၇)သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**
**ဆောက်လုပ်ရေးဝန်ကြီးဌာန**

### ပျောက်ဆုံးကြောင်း
ကောင်းဆန်း(ဘ)ဦးပေါက်ကျိုင်း ၃/ဘအန(နိုင်)၃၅၃၁၀၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MA 616110)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

### ပျောက်ဆုံးကြောင်း
လွန်းဆိုက်(ဘ)ဦးအောင်ခိုင် ၄/ပလဝ(နိုင်)၀၅၂၀၄၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

### ပျောက်ဆုံးကြောင်း
သီရိအောင်(ဘ)ဦးအောင်ကြည်စိန် ၇/ညလပ(နိုင်)၂၁၆၉၇၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 473516)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၇၅၀၁၇၈၇၁

### ပျောက်ဆုံးကြောင်း
ကွန်ပလေး(ဘ)ဦးရွှေတုတ် ၁၀/ရမန(နိုင်)၀၈၈၉၆၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၆၉၄၈၆၆၈၆

### ပျောက်ဆုံးကြောင်း
ထွန်းမင်း(ဘ)ဦးကျော်သန်း ၉/ရမသ(နိုင်)၁၅၇၂၇၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၆၂၅၄၈၁၅၂

### ပျောက်ဆုံးကြောင်း
တင်ဇာနွယ်(ဘ)ဦးအောင်သောင်း ၁၀/ဘလန(နိုင်)၁၃၆၄၇၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၆၁၆၄၉၆၉

### ပျောက်ဆုံးကြောင်း
ဝေယံစိုး(ဘ)ဦးငွေအောင် ၉/ကပတ(နိုင်)၂၉၆၂၂၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၇၉၆၉၆၂၆၄

### ပျောက်ဆုံးကြောင်း
လှမျိုးအောင်(ဘ)ဦးလှအောင် ၁၂/ကမတ(နိုင်)၀၀၂၁၇၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၃၁၃၄၃၄၉

### ပျောက်ဆုံးကြောင်း
ကေသီထွန်း(ဘ)ဦးတက်ထွန်း ၁၂/သလန(နိုင်)၁၀၉၃၁၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၂၄၆၉၈၃၅

### ပျောက်ဆုံးကြောင်း
မကြည်ဝင်း(ဘ)ဦးချစ်ခိုင် ၁၃/တယန(နိုင်)၁၂၇၅၇၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

### ပျောက်ဆုံးကြောင်း
ဦးကိုလတ်(ဘ)ဦးဟာမတ်(ခ)ဦးစန်းဝင်းနိုင် ၅/ကလထ(နိုင်)၁၂၂၇၃၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

### ပျောက်ဆုံးကြောင်း
ဦးသန့်ဇော်(ဘ)ဦးကြည်ဝင်း ၁၂/တကန(နိုင်)၁၃၂၈၉၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

### ပျောက်ဆုံးကြောင်း
ဦးနိုင်ဝင်း(ဘ)ဦးသိန်းထွန်း ၁၂/မဂဒ(နိုင်)၁၁၃၄၆၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

### ပျောက်ဆုံးကြောင်း
စိုးစိုး(ဘ)ဦးကျော်ဆွေ ၁၄/ဘကလ(နိုင်)၃၀၀၂၅၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၇၃၇၄၂၉၁၃

### ပျောက်ဆုံးကြောင်း
သူဇာဝင်း(ဘ)ဦးဇော်ဝင်း ၇/မညန(နိုင်)၀၅၄၂၄၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၇၈၇၆၄၂၃၆

### ပျောက်ဆုံးကြောင်း
ဇင်မွန်မွန်ဦး(ဘ)ဦးဟန်ချို ၇/ဖမန(နိုင်)၁၅၈၉၂၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၇၀၈၈၀၆၄၇

### ပျောက်ဆုံးကြောင်း
ယုယုထွေး(ဘ)ဦးတင်ဝင်း ၅/မသန(နိုင်)၀၀၃၂၆၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

### ပျောက်ဆုံးကြောင်း
အိနှင်းဝေ(ဘ)ဦးမင်းလွင် ၇/ကတခ(နိုင်)၂၂၃၈၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 616886)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

### ပျောက်ဆုံးကြောင်း
ဦးအိုင်းဆန်း(ဘ)ဦးအိုင်းပေါင်း ၁၃/လရန(နိုင်)၁၅၄၁၆၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၅၅၀၄၉၀၈၂

### ပျောက်ဆုံးကြောင်း
မောင်စိုင်းစိုင်း(ဘ)ဦးစိုင်းမောင်အိုက် ၁၃/မဆတ(နိုင်)၀၄၉၇၇၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 199878)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၃၇၅၈၄၇၈

### ဖခင်အမည်မှန်
မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ်၊ ဆတ်သွား အ.ထ.က Grade-11 C မှ မောင်ပြည့်ဖြိုးအောင်၏ဖခင် ဦးအောင်နေလင်း၏အမည်မှန်မှာ ဦးအောင်နေဝင်း ၈/တတက(နိုင်)၀၄၅၀၂၁ ဖြစ်ပါကြောင်း။ ဦးအောင်နေဝင်း

### ပျောက်ဆုံးကြောင်း
မိမိခိုင်(ဘ)ဦးဝင်းခိုင် ၈/မမန(နိုင်)၂၅၇၈၀၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

### ပျောက်ဆုံးကြောင်း
ထူးထူးလွင်(ဘ)ဦးမြင့်လွင် ၉/တသန(နိုင်)၁၄၇၉၇၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၅၅၇၆၃၄၂၉

### တစ်ဦးတည်းဖြစ်ပါကြောင်း
နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်၊ တောင်ညိုနေ အဘ ဦးတင်ထွန်း၏သမီး ဒေါ်ခင်လေးနွယ်နှင့် ဒေါ်ဖြူဖြူထွန်း ၁/ဟပန(နိုင်)၀၀၅၈၃၄ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။ ဒေါ်ခင်လေးနွယ်(ခ)ဒေါ်ဖြူဖြူထွန်း

### ပျောက်ဆုံးကြောင်း
ဇာနေယျ(ဘ)ဦးစိုးထွန်း ၁၂/လကန(သ)၀၀၁၁၁၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၁၉၈၉၁၂

### ပျောက်ဆုံးကြောင်း
ဆိုင်းဒန်ခေါင်(ဘ)ဦးဆိုင်းအောင် ၁/မကန(နိုင်)၂၆၃၆၆၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MI 386249)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၅၀၀၄၂၀၈၅

### ပျောက်ဆုံးကြောင်း
ဇေယျာဦး(ဘ)ဦးရဲဝင်း ၇/ရတရ(နိုင်)၁၂၉၅၉၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၉၉၀၀၃၇၂၁

### ပျောက်ဆုံးကြောင်း
ဇင်မိုးခိုင်(ဘ)ဦးအောင်မြင့်သိန်း ၁၄/မအပ(နိုင်)၂၅၇၇၀၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၉၂၃၀၀၈၄၇

### ပျောက်ဆုံးကြောင်း
ဝေယံမိုး(ဘ)ဦးသန်းလွင် ၁၂/ကမတ(နိုင်)၀၇၀၂၁၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MK 025997)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၁၁၃၃၁၈၉

### ပျောက်ဆုံးကြောင်း
ဟိန်းထက်အောင်(ဘ)ဦးအေးချို ၁၄/ဟသတ(နိုင်)၃၉၇၀၁၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

### အများသိစေရန် ကြေညာခြင်း
Ma Lal Rin Kim(ဘ)U Ngun Uk Lian၊ မှတ်ပုံတင်အမှတ်-၄/ဟခန(နိုင်)၀၃၇၄၅၁ အား Marketing မန်နေဂျာရာထူးထားရှိခြင်းအား (၁-၈-၂၀၂၂)ရက်နေ့ ဒါရိုက်တာအဖွဲ့ဝင်များအစည်းအဝေးတွင် ၎င်းအား Marketing မန်နေဂျာရာထူးမှ ပယ်ဖျက်ရုပ်သိမ်းပြီးဖြစ်ကြောင်း၊ Ma Lal Rin Kim(ဘ)U Ngun Uk Lian သည် ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝများသည် International Stars Co.,Ltd. နှင့် လုံးဝ(လုံးဝ)သက်ဆိုင်ခြင်းမရှိတော့ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဒေါ်လွှေထန်း**
**မန်နေးဂျင်းဒါရိုက်တာ**
**International Stars Co.,Ltd.**
**ဖုန်းနံပါတ်-၀၉-၄၂၇၄၇၄၆၉၁**

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ
တာချီလိတ်မြို့၊ အပိုင်း(စျ) မြေကွက်(၆)ကွက်(၃၆၃၊ ၃၆၄၊ ၃၆၅၊ ၃၆၆၊ ၃၆၇၊ ၃၆၈)ကို ဒေါ်နန်းရှဲန်နော်အမည်ဖြင့် ဦးထွန်းနေဦးထံမှ (၂-၂-၂၀၁၁)နေ့ရက်တွင် ဝယ်ယူစာချုပ်ချုပ်ဆိုခဲ့ပါသည်။ နှစ်ကာလကြာမြင့်ပြီဖြစ်သဖြင့် ရှေးဦးမြေပေးမိန့်ပျောက်ဆုံးသွားပါသဖြင့် ကျွန်မ ဒေါ်နန်းရှဲန်နော် ၁၃/မဖန(နိုင်)၀၁၇၆၈၆ အမည်ဖြင့် မြေပေးမိန့်လျှောက်ထားမည်ကို ခိုင်လုံသောအထောက်အထားဖြင့် ကန့်ကွက်လိုပါက ယနေ့မှစ၍ (၁၅-၁၁-၂၀၂၅)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာအပ်ပါသည်။

**ဒေါ်နန်းရှဲန်နော်**
**၀၉-၄၂၉၀၂၄၂၅၇**

### အများသိစေရန်ကြေညာခြင်း
ကျွန်ုပ်၏မိတ်ဆွေမောင်နှမများဖြစ်ကြသော ဦးသက်လွင်ဦး(၁၂/ဥကတ(နိုင်)၁၈၇၇၀၈)နှင့် ဒေါ်နှင်းအိန္ဒြာလွင်(၁၂/ဒဂမ(နိုင်)၀၅၀၀၈၆)တို့၏ လွှဲအပ်ညွှန်ကြားချက်များအရ အောက်ပါအတိုင်း အများသိစေရန်အသိပေးကြေညာအပ်ပါသည်။

ဦးစိုးလွင်(၁၂/ဥကတ(နိုင်)၁၈၇၇၀၇)သည် ဒေါ်စောကေသီ(၇/ပခန(နိုင်)၁၈၈၂၂၆)နှင့် ပေါင်းသင်းလက်ထပ်ပြီး ဗုဒ္ဓဘာသာဝင်များဖြစ်ကြကာ သား(၁)ဦး၊ သမီး(၁)ဦး ထွန်းကားခဲ့ပါသည်။ (၁၁-၇-၂၀၁၁)ရက်နေ့တွင် နှစ်ဦးသဘောတူကွာရှင်းပြတ်စဲတရားဝင်လက်မှတ်ရေးထိုးပြီးနောက် ဖခင်ဖြစ်သူမှ သားသမီး(၂)ဦး၏နောင်ရေးအတွက် ငွေကျပ်-၁၀၀၀၀၀၀၀၀/(သိန်းတစ်ရာ)ဖြင့် ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ဖော့ကန်ရပ်ကွက်၊ မာဃလမ်း၊ အမှတ်(ခ/၃၈)ဟုခေါ်တွင်သော အိမ်နှင့်ခြံမြေကွက်အား မိခင်အမည်ဖြင့်ဝယ်ယူခဲ့ပြီး သားသမီး(၂)ဦးလုံး အရွယ်ရောက်သည့်အသက်(၁၈)နှစ်ပြည့်သည့်အခါတွင် ပြန်လည်အပ်နှံရမည်ကို အဆက်ဆက်စာချုပ်ဖြင့် လက်မှတ်ရေးထိုးဝန်ခံကတိပြုခဲ့ကြပါသည်။

ယခုအခါ သားနှင့်သမီးတို့သည် အသက်ပြည့်ကြပြီးဖြစ်ပြီး အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကိုလည်း လက်ရောက်တရားဝင်ခံစားခွင့်ရရှိကြပြီး ၎င်း၏ခွင့်ပြုချက်မရရှိဘဲ မည်သူတစ်ဦးတစ်ယောက်မျှ လာရောက်နေထိုင်ခြင်း၊ အကျိုးခံစားခွင့်တောင်းခံခြင်း၊ ကိုယ်ကျိုးအတွက်ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ ပေးကမ်းခြင်း၊ လှူဒါန်းခြင်း၊ အခြားနည်းတစ်ခုခုဖြင့် လွှဲပြောင်းခြင်း မပြုရန်ကန့်ကွက်တားမြစ်အပ်ပါသည်။ ဤတားမြစ်ထားသည့်နောက် ဖောက်ဖျက်သူမည်သူကိုမဆို ကျွန်ုပ်မိတ်ဆွေတို့က ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့်ဖြစ်ပေါ်ခဲ့သောနစ်နာမှုအဝဝတို့ကိုလည်း ကျွန်ုပ်မိတ်ဆွေတို့ကျေနပ်သည်အထိ တာဝန်ယူဖြေရှင်းပေးရမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်အိအိဖြိုး(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၈၈၅၇/၂၂-၁၂-၂၀၂၃)**
**အမှတ် ၉၉၊ အနောက်မြို့ပတ်လမ်း၊ ဆရာစံမြောက်အနောက်ရပ်ကွက်၊**
**ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း-၀၉-၄၄၈၉၆၄၆၂၆**


သိပ္ပံနှင့် လူမှုရေး၊ ပညာရေး၊ နိုင်ငံတကာဗဟုသုတ ကဏ္ဍစုံလင်စွာဖြင့် စာဖတ်ပရိသတ်များ၏လိုအင်များကို အမြဲဖြည့်ဆည်းပေးလျက်ရှိသော




တေဇ ရုပ်စုံ

- မိမိရင်သွေးငယ်များအတွက် ပုံပြင်ဗဟုသုတကဏ္ဍ၊ ဝတ္ထုတိုကဏ္ဍ၊ နိုင်ငံတကာသိမှတ်ဖွယ်ရာအဖြာဖြာကဏ္ဍ၊ တေဇသုတအဖြာဖြာတို့ကို စုံလင်စွာဖော်ပြထားသည့်စာစောင်
- အင်္ဂလိပ်-မြန်မာ နှစ်ဘာသာဖြင့် ဖော်ပြထားသည့် ကာတွန်းကဏ္ဍ၊ ကလေးများ အသိဉာဏ်ပညာမြင့်မားစေရေးအတွက် ဉာဏ်စမ်းကဏ္ဍများပါရှိသည့်စာစောင်
- ရင်သွေးငယ်လေးများ မြန်မာစကားပုံများကို လေ့လာသိရှိစေရန်အတွက် မြန်မာမှုဥပစာစကားများကို ပုံနှင့်တကွ ဖော်ပြထားသည့်စာစောင်
- ရင်သွေးငယ်လေးများ မြန်မာစာအရေးအသား မြင့်မားတိုးတက်လာစေမည့် စာစီစာကုံးပြိုင်ပွဲပါရှိသည့်စာစောင်
- ကာတွန်းသရုပ်ဖော်ပန်းချီနှင့်အတူ တေဇကလေးတို့အတွက် နိုဝင်ဘာလထုတ် တေဇရုပ်စုံစာစောင်ထွက်ရှိလို့လာပါပြီ။

ဆက်သွယ်ရန် - ဖုန်း ၀၉ ၄၀၃၂၅၈၄၅၁ (စာတည်းဌာန)
၀၉ ၃၂၄၉၈၃၂၄ (ဖြန့်ချိရေး)

မြဝတီစာပေတိုက်က ထုတ်ဝေသည်။



မိုးသောက်ပန်း ဂျာနယ်

ကလေးငယ်များအတွက်
ပညာလဲပေး၊ ဗဟုသုတလဲရ
ဟာသလဲပါ၊ ဉာဏ်ရည်လဲတိုးမဲ့

- မျက်နှာဖုံးတွင် ကာတွန်းစိုပြေ၏ လက်ရာကောင်းနှင့်အတူ ကာတွန်းစောဟန်၊ ကာတွန်းထွန်းထွန်းဝင်း(ရန်ကုန်တက္ကသိုလ်)နှင့် ကာတွန်းကြယ်ကြယ်တို့၏ ကလေးငယ်များကြိုက်နှစ်သက်စေမည့် ကာတွန်းလက်ရာကောင်းများ။
- ကဗျာဆရာ မောင်မောင်မျိုးညွန့်၊ ငွေးကြည်(စလင်း)၊ ကန့်ဘလူခင်မောင်ဆွေ၊ ချမ်းငြိမ်းဝင်း(မိုးညှင်း)၊ ၊ ချစ်စုအောင်နှင့် ရေနံ့သာမောင်ကျော်ညွန့်တို့၏ ကဗျာကောင်းများ။
- သားသား၊ မီးမီးတို့ ဉာဏ်ရည်တက်စေမည့် ဉာဏ်စမ်းကဏ္ဍနှင့် ကလေးငယ်များအတွက် သုတ၊ ရသရစေမဲ့ စာကောင်းပေမွန်တို့ကို ကဏ္ဍစုံ၊ ရသစုံ တင်ဆက်ဖော်ပြပေးလိုက်ပါတယ်။

ကဗျာ၊ ကာတွန်း၊ ဉာဏ်စမ်း ဝေဝေဆာဆာဖြင့်
(၂၈-၁၀-၂၀၂၅)ရက်ထုတ်၊ မိုးသောက်ပန်းဂျာနယ် အတွဲ(၂၉)၊ အမှတ်(၄၁)ထွက်ပြီ။



စာတည်းဌာန ဖုန်း - ၀၉၄၅၂၂၆၀၅၃၆
ဖြန့်ချိရေး ဖုန်း - ၀၉၃၂၄၉၈၃၂၄

♦ အပတ်စဉ် အင်္ဂါနေ့တိုင်း ထွက်နေပါပြီ ♦


Myanmar
ကမ္ဘာ့အဆင့် ရွှေတံဆိပ်ဆုများနှင့်
မြန်မာ
GOLD A.I.B.A MEDAL
AWARDED TROPHY
BY THE WORLD'S BEST BEER JUDGES
THE INTERNATIONAL BEER CHALLENGE 2020
AIBA
GOLD 2019


အောင်သစ္စာဦးအထွေထွေအာမခံကုမ္ပဏီလီမိတက်
"ဆုံးရှုံးမှုအန္တရာယ်ဘေး
မျှဝေခံစားပေးမှာ
အောင်သစ္စာဦး အာမခံပါ"
Hotline - 09-450450561, 09-450450562, 09-450450563
AUNG THITSA OO INSURANCE


""အေးမြကြည်လင် စိတ်ပျော်ရွှင် ကျန်းမာလန်းဆန်း နေပြည်တော်သောက်ရေသန့်အစွမ်း""
နေပြည်တော်သောက်ရေသန့်စက်ရုံ
ရာဇဌာနီလမ်းမကြီး၊ ပုဗ္ဗသီရိမြို့နယ်၊
ဖုန်း - ၀၉ ၆၇၀၇၀၀၀၀၁၊ ၀၉ ၆၆၆၁၁၈၆၄၆
STARMART Nay Pyi Taw
ရန်ကုန်-မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊
ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇
STARMART nine mile Showroom
(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊
ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART
မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊
ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
NAY PYI TAW
STARMART MANDALAY Wholesale
၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊
ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
NAYPYITAW


နိုင်ငံတကာ အဆင့်မီ ဒီဇိုင်းပုံစံဖြင့် သေသပ်လှပစွာ အထူးစီမံ ထုတ်လုပ်ထားပါသည်။
WQA
THE BEST QUALITY TYRE
အရည်အသွေးမြင့်မား တာယာ မှာ
TRISTAR
TBB,TBR,PCR တာယာ အရွယ်အစားမျိုးစုံအပြင်
ဆိုင်ကယ် တာယာများကိုပါ ထုတ်လုပ်ဖြန့်ဖြူး
ရောင်းချလျက်ရှိပါသည်။
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၂၅၄၂၇၂၈၄၃၊ ၀၉ ၄၅၃၂၅၅၅၄၅
KHA YAE PIN MART
မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART nine mile Showroom
(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
STARMART MANDALAY Wholesale
၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw
ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊
ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

**❖ တစ်လုပ်စားဖူး သူ့ကျေးဇူး ဆိုသည့်စကားနှင့်အညီ ဒီမြေမှာမွေး၊ ဒီမြေမှာ ကြီးပြင်းကြသူများသည် နိုင်ငံတော်၏ကျေးဇူးသစ္စာကို စောင့်သိကြရမည့် တာဝန်ဝတ္တရားရှိ . . .**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ မေ ၂၁ ရက်နေ့တွင် ပြုလုပ်သော အခြေခံနှင့်တန်းမြင့်ရေကြောင်းလူငယ်သင်တန်းအမှတ်စဉ် (၁/၂၀၂၅)နှင့် အခြေခံနှင့်တန်းမြင့်လေကြောင်းလူငယ်သင်တန်းအမှတ်စဉ်(၁/၂၀၂၅)မှ သင်တန်းသား၊ သင်တန်းသူများနှင့် အုပ်ချုပ်သူနည်းပြများအား တွေ့ဆုံဂုဏ်ပြုအမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

❖ **နိုင်ငံတော်ရွှေသီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။**

❖ **နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့။**

❖ **နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။**

## တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီနှင့် ရခိုင့်ဦးဆောင်ပါတီတို့၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်များဖော်ပြပါရှိ

နေပြည်တော် အောက်တိုဘာ ၃၀


တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီနှင့် ရခိုင့်ဦးဆောင်ပါတီတို့၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်များကို ယနေ့ထုတ် မြဝတီသတင်းစာ စာမျက်နှာ(၁၂)တွင် ဖော်ပြပါရှိပါသည်။ မြဝတီ

## အထူးမိုးလေဝသသတင်း


## မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်းများဖြစ်ပေါ်နိုင်

နေပြည်တော် အောက်တိုဘာ ၃၀

ယနေ့ညနေ ၃ နာရီခွဲအချိန် တိုင်းထွာချက်များအရ အရှေ့ဘက်မှ ရွေ့လျားလာသော လေပွေလှိုင်းများ၏ အရှိန်ကြောင့်လည်းကောင်း၊ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် လေထုမငြိမ်မသက်မှုများ စာမျက်နှာ ၂၄ ကော်လံ ၁ ⊃




## စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ပြန်လည်ထူထောင်ရေးနှင့် တည်ဆောက်ရေးလုပ်ငန်းများအတွက် လိုအပ်သော ဘိလပ်မြေများအား အထူးကုန်ရထားဖြင့် ပို့ဆောင်




နေပြည်တော် အောက်တိုဘာ ၃၀

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ အစီအစဉ်ဖြင့် ငလျင်ဘေးဒဏ်ပြန်လည်ထူထောင်ရေးနှင့် တည်ဆောက်ရေးလုပ်ငန်းများအတွက် လိုအပ်လျက်ရှိသော ဆောက်လုပ်ရေးသုံး ပစ္စည်းများအား အထူးကုန်ရထားများဖြင့် ပို့ဆောင်ပေးလျက်ရှိရာ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ပြန်လည်ထူထောင်ရေးနှင့် တည်ဆောက်ရေးလုပ်ငန်းများအတွက် ဘိလပ်မြေ ၉၇၂၀ အိတ်( တန်ချိန် ၄၈၆ တန်) တင်ဆောင်လာသော အထူးကုန်ရထားသည် ယနေ့နံနက်ပိုင်းတွင် မန္တလေးမြို့ ရွှေကြက်ယက်ဘူတာသို့ ပို့ဆောင်ရောက်ရှိခဲ့ပြီး တာဝန်ရှိသူများက လာရောက်ကြည့်ရှုစစ်ဆေးလက်ခံခဲ့ကြကာ တိုင်းဒေသကြီးအတွင်း ပြန်လည်ထူထောင်ရေးနှင့် တည်ဆောက်ရေးလုပ်ငန်းများအတွက် ဆက်လက်ဖြန့်ဖြူးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏အစီအစဉ်ဖြင့် စာမျက်နှာ ၂၄ ကော်လံ ၁ ❒

## ပင်လောင်းမြို့နယ်နှင့် ပြည်ကြီးတံခွန်မြို့နယ်တို့တွင် ငွေကျပ် ၁ ဒသမ ၁ ဘီလီယံကျော်တန်ဖိုးရှိ မူးယစ်ဆေးဝါးနှင့်စိတ်ပြောင်းဆေးဝါးများ ဖမ်းဆီးရမိ

နေပြည်တော် အောက်တိုဘာ ၃၀

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် အောက်တိုဘာလ ၂၃ ရက်နေ့ ညနေ ၄ နာရီခွဲအချိန် သတင်းအရ ပင်လောင်းမြို့နယ်၊ လိန်းလီကျေးရွာအနီးတွင် ရှိုင်းဗိုလ်(ခ)ငမော့ မောင်းနှင်လာသော DONGFENG မော်တော်ယာဉ်ပေါ်မှ ဘိန်းဆီခဲ ၇၄ ကီလို၊ စိတ်ပြောင်းဆေးဝါးများဖြစ်သည့် HAPPY WATER ၉ ကီလို၊ အက်တက်စီ ဆေးပြား ၁၀၀၀ ပြား၊ ကက်တမင်း ၁၁ ဒသမ ၂ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၁ ဒသမ ၁၄ သိန်းတို့အား ဖမ်းဆီးရမိခဲ့ကြောင်း၊ စာမျက်နှာ ၂၄ ကော်လံ ၂ ❍




ပင်လောင်းမြို့နယ်တွင် တရားခံ ရှိုင်းဗိုလ်(ခ) ငမော့အား ဖမ်းဆီးရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူတွေ့ရစဉ်။

